ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်၊ သောကြာနေ့၊ (26-9-2014) (၇၉၇၅)

အရိယ သစ္စာန ဒဿနံ
တေမင်္ဂလ မုတ္တမံ
သစ္စာလေးပါးကို သိမြင်းသည်
မြတ်သောမင်္ဂလာ မည်၏ ။

**မိုးရွာသွန်းမှု**
၂၅-၉-၂၀၁၄

| | |
|---|---|
| ကော့ကရိတ် | ၃ ဒသမ ၆၆ လက်မ |
| နေပြည်တော် (ဇေယျာသီရိ) | ၃ ဒသမ ၅၄ လက်မ |
| လှိုင်းဘွဲ့ | ၃ ဒသမ ၄၆ လက်မ |
| ဘားအံ | ၂ ဒသမ ၄၈ လက်မ |
| စစ်တွေ | ၂ ဒသမ ၄၀ လက်မ |

# ပြည်သူ့လွှတ်တော်ကော်မတီ၊ ကော်မရှင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကော်မတီ၊ ကော်မရှင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ယခင်အပတ်အစည်းအဝေးဆုံးဖြတ်ချက်များအား ရှင်းလင်းတင်ပြကာ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက အထွေထွေ ဆွေးနွေးတင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ယာဉ်ငယ် ၂၈၂ စီး ရပ်နားနိုင်မည့် လေးထပ်ကားပါကင်အဆောက်အအုံနှစ်လုံးတည်ဆောက်

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၁)နှင့် အမှတ်(၁၂)ရပ်ကွက် ပန်းခြံမြေနေရာများ၌ အများပြည်သူသုံးယာဉ်ငယ်အစီးရေ ၂၈၂ စီးရပ်နားနိုင်မည့် အထပ်လေးထပ်ရှိကားပါကင်နှင့် ခေတ်မီဖူဆယ်ဘောလုံးကွင်း၊ ကလေးကစားကွင်းနှင့် ပန်းခြံများပါရှိသော အဆောက်အအုံနှစ်လုံးကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၁) ရပ်ကွက်ရှိမြသီတာပန်းခြံနှင့် အမှတ်(၁၂) ရပ်ကွက်ရှိရတနာပန်းခြံများသည် တောင်ဥက္ကလာပမြို့နယ်၏ အဓိကလမ်းမကြီးများ ဖြစ်သော ရတနာလမ်းနှင့် သုမင်္ဂလာလမ်းဆုံနေရာ ဖြစ်ပြီး လမ်းဘေး ဝဲ၊ ယာတို့တွင် ယာဉ်များရပ်နားမှုကြောင့် ပိတ်ဆို့မှုများဖြစ်ပေါ်လျက်ရှိသည့်အတွက် ယာဉ်ပိတ်ဆို့မှုများ လျော့နည်းစေရန် အများပြည်သူသုံးယာဉ်ရပ်နားရာနေရာအဖြစ် ရတနာပန်းခြံနှင့် မြသီတာပန်းခြံနေရာကို သီးသန့်ယာဉ်ရပ်နားရန်နေရာအဖြစ် သတ်မှတ်ရွေးချယ်ကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အထပ်မြင့်ကားပါကင် အဆောက်အအုံနှစ်လုံးကို ခြောက်လအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"တောင်ဥက္ကလာပမြို့နယ်သည် မြို့ပြဖွံ့ဖြိုး

**စာမျက်နှာ ၄ ကော်လံ ၅ သို့ ◯**



# ကုန်တင်ယာဉ်များကို ဘုရင့်နောင်တံတား အမှတ် (၂) ပေါ်တွင် မရမ်းကုန်းဘက်မှ လှိုင်သာယာဘက်အသွားသာ ဖြတ်သန်းခွင့်ပြုမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်မြို့ရှိ လှိုင်မြစ်ဖြတ်ကျော်တည်ဆောက်ထားသော ဘုရင့်နောင်တံတား အမှတ် (၂) ၌ ကုန်တင်ယာဉ်များ မောင်းနှင်သွားလာရာတွင် ရန်ကုန်ဘက်ကမ်း (မရမ်းကုန်းမြို့နယ်) မှ လှိုင်သာယာဘက်ကမ်း (လှိုင်သာယာမြို့နယ်)သို့ အသွားလမ်းကြောင်းတွင်သာ တံတားသစ်ပေါ်မှ ဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ကုန်တင်ယာဉ်များကို လှိုင်သာယာဘက်ကမ်း(လှိုင်သာယာမြို့နယ်) မှ ရန်ကုန်ဘက်ကမ်း (မရမ်းကုန်းမြို့နယ်) ဘက်သို့ သွားလာခြင်းကိုမူ ခွင့်ပြုမည်မဟုတ်ဘဲ အောင်ဇေယျတံတားနှင့် ရွှေပြည်သာတံတားတို့ဘက်မှ ဖြတ်သန်းအသုံးပြုခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဘုရင့်နောင်တံတားအမှတ် (၂) တွင် အဆင်းယာဉ်ကြော၏ ယာဘက်အစွန်ဆုံးလမ်းမှာ လှိုင်သာယာမှ ရန်ကုန်သို့လာပြီး နှစ်ထပ်ခုံးကျော်တံတားပေါ်သို့ တက်ကာ သမိုင်းလမ်းဆုံဘက်သို့ သွားမည့်ယာဉ်ငယ်များနှင့် ဘတ်စ်ကားများအတွက် လမ်းကြောင်းသတ်မှတ်ထားလျက်ရှိသည်။ ဘုရင့်နောင်တံတားဟောင်းမှာ လှိုင်သာယာဘက်မှ ဘုရင့်နောင်လမ်းဘက်သို့ ချိုးကွေ့မည့်ယာဉ်ငယ်နှင့် ဘတ်စ်ကားများသာ မောင်းနှင်ဖြတ်သန်းရန် လမ်းကြောင်းသတ်မှတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

◻◻



ကြေးမုံ စာ တ ည်းရှ ေ ထာ င် ၂၆-၉-၂၀၁၄၊ သောကြာနေ့

# အာဆီယံမျှော်မှန်းချက်

အာဆီယံမျှော်မှန်းချက် ၂၀၂၀ အရ မဏ္ဍိုင်ကြီး သုံးရပ်ဖြစ်သည့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းတို့ကို ဟန်ချက်ညီစွာဖြင့် ၂၀၁၅ ခုနှစ်တွင် တည်ထောင်သွားကြရန် အာဆီယံနိုင်ငံများက မျှော်မှန်းခဲ့ကြသည်။

ထို့ကြောင့်လည်း အာဆီယံ၏ မျှော်မှန်းချက်များ ပြည့်မီရန်ရည်ရွယ်ပြီး ယခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံက ယခုနှစ်(၂၀၁၄)ခုနှစ်အတွက် "ရှေ့သို့တူညီတက်လှမ်း ချီ၊ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ" ဆောင်ပုဒ်ကို သတ်မှတ်ထားခဲ့သည်။

အာဆီယံအသိုက်အဝန်း၏ မျှော်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ကြရာတွင် နိုင်ငံအသီးသီး၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မြင့်မားရေးနှင့်အတူ နိုင်ငံတိုင်း၏ စားနပ်ရိက္ခာ ဖူလုံရေးတာဝန်ကို အကောင်အထည်ဖော်ဆောင်ရွက်မှုသည် နိုင်ငံတိုင်းအတွက် မရှိမဖြစ်အခြေခံကျသော အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါသည်။

စားနပ်ရိက္ခာဖူလုံမှုမရှိဘဲ လူမှုဘဝသာယာမှုကို တည်ဆောက်နိုင်မည်မဟုတ်သည့်အတွက် ကမ္ဘာ့ကုလသမဂ္ဂက သူ၏ထောင်စုနှစ်ရည်မှန်းချက်တွင် ၂၀၂၅ ခုနှစ်၌ ကမ္ဘာတစ်ဝန်းလုံး ငတ်မွတ်ခေါင်းပါးမှုပပျောက်ရေး ရည်မှန်းချက်ကို သတ်မှတ်ထားရှိခဲ့သည်။ ထိုသတ်မှတ်ထားရှိသည့်အတိုင်း တစ်ကမ္ဘာလုံး၏ ရိက္ခာလိုအပ်ချက်ကို ဖြည့်တင်းနိုင်ရန် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများအနေဖြင့် လက်တွဲညီညီ ကြိုးပမ်းဖော်ဆောင်ပေးကြရမည်ဖြစ်သည်။

ကမ္ဘာ့လူဦးရေသည် နှစ်စဉ်ပုံမှန်တိုးပွားလျက်ရှိပြီး လက်ရှိလူဦးရေ ခုနစ်ဘီလီယံတွင် လူဦးရေ သန်းပေါင်း ၈၅၀ ခန့်သည် နေ့စဉ်စားနပ်ရိက္ခာ အခက်အခဲနှင့် အာဟာရမပြည့်ဝမှုတို့ကို ခံစားနေကြရသည်။ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေမှာ ကိုးဘီလီယံကျော် ၁၀ ဘီလီယံအထိ တိုးပွားလာမည်ဟု ပညာရှင်များ၏ တွက်ချက်ထားမှုများအရ ကမ္ဘာ့လူသားများအတွက် လိုအပ်သော စားနပ်ရိက္ခာထုတ်လုပ်မှုကို ယခုလက်ရှိထက် နှစ်ဆခန့် ပိုမိုထုတ်လုပ်ရန် လိုအပ်လာမည်ဖြစ်သည်။

သို့သော်လည်း ကမ္ဘာ့ပြည်သူအများသိရှိထားကြသည့်အတိုင်း ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုတို့ကြောင့် စားနပ်ရိက္ခာ ထိခိုက်ကျဆင်းရခြင်းအချက်ကိုလည်း ထည့်သွင်းတွက်ချက်ထားကြရမည်ဖြစ်သည်။ ထို့ကြောင့် "နိုင်ငံတိုင်းသည် ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စားနပ်ရိက္ခာ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ပိုမို၍ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ချက်ရှိနေကြောင်း" (၃၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားနေ့တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းမောင်းထိုး ပြောကြားထားသည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတကြီး ပြောကြားချက်နှင့်အညီ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအားလုံးက ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် သဘာဝတောတောင် ရေအရင်းအမြစ်၊ သစ်တောအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုမှ ကာကွယ်တားဆီးနိုင်ရေးလုပ်ငန်းများကို အထူးအလေးထား လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်သည်။

လက်ရှိတွင် အာဆီယံနိုင်ငံများအတွင်း အာဆီယံပူးပေါင်းဆောင်ရွက်မှုမူဘောင်အရ ဆောင်ရွက်လျက်ရှိသည့် အာဆီယံစားနပ်ရိက္ခာဖူလုံမှုဘုတ်အဖွဲ့၊ စားနပ်ရိက္ခာဖူလုံရေး သတင်းအချက်အလက်စီမံကိန်းနှင့် အာဆီယံ+၃ အရေးပေါ် ဆန်ရိက္ခာ အစီအစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့် တစ်ဖက်တစ်လမ်းက ပူးပေါင်းပါဝင် တာဝန်ယူဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ယခုနှစ်သည် "အပြည်ပြည်ဆိုင်ရာ မိသားစုလယ်ယာလုပ်ငန်းနှစ်" ဖြစ်သည်။ "မိသားစုတိုင်း၏ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအားဖြင့် ကမ္ဘာကြီးကို ကျွေးမွေးစောင့်ရှောက်ကြပါစို့" ဆောင်ပုဒ်ကိုလည်း ချမှတ်ထားပြီးဖြစ်သည်။ ထို့ကြောင့် အဆိုပါဆောင်ပုဒ်များကို အလေးအနက်ထားပြီး လက်တွေ့ကျသည့် နည်းလမ်းများဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြဖို့ လိုမည်ဖြစ်ပါသည်။ ။

## နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ (ကိုယ်စား) ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီး H.E.Mr. Kim Sok Chol နှင့်အဖွဲ့အား စက်တင်ဘာ ၂၅ ရက် နံနက် ၈ နာရီတွင် လည်းကောင်း၊ ဗြိတိန်နိုင်ငံ သံရုံးမှ ပထမအတွင်းဝန် Mr.Wayne Lves အား ညနေ ၃ နာရီတွင် လည်းကောင်း၊ ပါကစ္စတန်နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E.Mr.Ehsan Ullah Batth နှင့်အဖွဲ့အား ညနေ ၄ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ်(၁)ဧည့်ခန်းမ၌ အသီးသီးလက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် လွှတ်တော်ရေးရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**




## မှုခင်းရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၅**

အောက်တိုဘာ ၁ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက မှုခင်းရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် တပ်ဖွဲ့ဝင် ၂၀တို့သည် နေပြည်တော်ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ သွားရောက်သွေးလှူဒါန်းခဲ့ကြသည်။

စုပေါင်းသွေးလှူဒါန်းပွဲသို့ မှုခင်းရဲတပ်ဖွဲ့မှ ခေတ္တဒုတိယမှုခင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိုးနိုင်ဦးနှင့် အရာရှိကြီးများက လာရောက်ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များကို အာဟာရပြည့်စားသောက်ဖွယ်ရာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။ (၅၁၅)




**ရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ် ပန်းပုကွင်းကျေးရွာ နဂါးရစ်တောင် ဓမ္မပါလတောရကျောင်း၌ သီတင်းသုံးလျက်ရှိသော နဂါးရစ်တောင်ဆရာတော် ဦးဝိသုဒ္ဓနှင့် တပည့်သားသမီးများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၄၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးအေးမောင်သန်း လက်ခံယူစဉ်။** (ကြေးမုံ)

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၂၅**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၀၉၀၀ | - | ၆၅၁၉၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၀၉၀၀ | - | ၆၅၁၉၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၉၉၂. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၂၆၇. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၆၁. ၆၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၀. ၇၆၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅. ၆၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၂၇၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၉၀၈. ၀၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၅. ၁၁၅ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၇၈. ၃၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၈၂. ၉၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

## ဂုဏ်ပြုသန့်ရှင်းရေးဆောင်ရွက်

**နောင်ချို စက်တင်ဘာ ၂၅**

နောင်ချိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောနောင်ကြီးကြပ်၍ မြို့နယ်ရဲတပ်ဖွဲ့ဝင် အင်အား ၅၀ တို့က စက်တင်ဘာ ၂၀ ရက် နံနက် ၇ နာရီမှ စတင်ကာ နောင်ချိုမြို့ သပြေရေရပ်ကွက် သပြေတောင်သံသရာအေးစေတီတော်၌ မြက်များရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းခုတ်ထွင်ရှင်းလင်းခြင်း၊ စေတီတော်ရင်ပြင်အမှိုက်များ ရှင်းလင်းခြင်းစသည့် လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ (၂၄၂)



ပြည်တွင်းရေးရာ

# တပ်မတော်အတွင်းမှ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား ပြန်လည်နုတ်ထွက်ခွင့်ပြု၍ မိဘများထံ လွှဲပြောင်းပေးအပ်

**ရန်ကုန် စက်တင်ဘာ ၂၅**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့တို့၏ အစီအမံဖြင့်တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အလိုက် အသေးစိတ်စိစစ်နုတ်ထွက်ခွင့်ပြုလျက်ရှိရာ ၁၀၉ ဦး စိစစ်တွေ့ရှိခဲ့ပြီး စိစစ်ဖော်ထုတ်ရရှိသော အရွယ်မရောက်သေးသူ ကလေးသူငယ်များအား ၎င်းတို့၏ မိဘများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြဝတီစာပေတိုက်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ UNICEF၊ UNHCR၊ ILO၊ Save the children၊ World Vision၊ World Food Programme၊ UNDP တို့မှ တာဝန်ရှိသူများ၊ ပြန်လည်နုတ်ထွက်ခွင့်ရ ကလေးသူငယ် ၁၀၉ ဦးနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်နှင့် (CTFMR) ပူးတွဲသဘာပတိ Ms. Renata Lok Dessallien တို့က အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တပ်တော်မှ နုတ်ထွက်ခွင့်ပြုသည့် လက်မှတ်နှင့် (၁၀)နှစ်မှ(၁၈)နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာဝန်ရှိသူတို့က ပေးအပ်ခဲ့ပြီး ကလေးများအား မိဘ(သို့မဟုတ်) အုပ်ထိန်းသူတို့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ကလေးများနှင့်မိဘများကို မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ စီစဉ်သော ကြားကာလ ပြုစုစောင့်ရှောက်ရေးစခန်းသို့ တပ်မတော်မှပို့ဆောင်ပေးခဲ့ပြီး ထိုစခန်းတွင် မိဘများနှင့် အဆက်အသွယ် မရရှိသေးပါက ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဆေးဝါးကုသရန် လိုအပ်မှု ရှိ၊ မရှိစစ်ဆေး၍လိုအပ်က ဆေးဝါးကုသမှုခံယူစေခြင်း၊ ကျောင်းပြန်တက်ရန် ဆန္ဒရှိပါက ကျောင်းပြန်တက်ရန်၊ ကျောင်းပြင်ပ ပညာသင်ကြားရန်၊ အလုပ်လုပ်ကိုင်ရန်ဆန္ဒရှိပါက မျှတသော အလုပ်အကိုင် ရရှိနိုင်ရန် လိုအပ်သည့် ကျွမ်းကျင်မှုများ သင်ယူရန် ဖြစ်နိုင်ခြေများ ဆန်းစစ်ခြင်းနှင့် လက်ငင်းအသုံးပြုရန် အခြေခံပစ္စည်းများဝေငှခြင်း၊ အိမ်အပြန်ခရီးစရိတ်နှင့် စားစရိတ် စီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

အလားတူ မိဘများထံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားများကို အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရန်ကုန်)တွင် ပထမအကြိမ်အဖြစ် ၂၀၁၂ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ၄၂ ဦးအား လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ၂၄ ဦးအား လည်းကောင်း၊ တတိယအကြိမ်အဖြစ် ၂၀၁၃ ခုနှစ် ဇူလိုင် ၇ ရက်တွင် ၄၂ ဦးအား လည်းကောင်း၊ စတုတ္ထအကြိမ်အဖြစ် ၂၀၁၃ ခုနှစ် ဩဂုတ် ၈ ရက်တွင် ၆၈ ဦးအားလည်းကောင်း၊ ပဉ္စမအကြိမ်အဖြစ် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ၉၆ ဦးအားလည်းကောင်း၊ ဆဋ္ဌမအကြိမ်အဖြစ် ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်တွင် ၉၁ ဦးအား လည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအကြိမ်သည် သတ္တမအကြိမ်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၌ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် ၁၈ လတာလုပ်ငန်းစီမံချက်ကို (UN CTFMR) နှင့် လက်မှတ်ရေးထိုးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းစီမံချက်သက်တမ်းအား ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပထမအကြိမ် ခြောက်လသက်တမ်း တိုးမြှင့်လုပ်ဆောင်ခဲ့သည်။

တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်စစ်သည်များ တပ်မတော်အတွင်း၌ လုံးဝမကျန်ရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။ တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား လုံးဝစုဆောင်းခြင်း မပြုရန်နှင့် အကြောင်းအမျိုးမျိုးဖြင့် မှားယွင်းစုဆောင်းခဲ့သူများ ရှိပါကလည်း အမြန်ဆုံးထွက်ခွင့်ပြုရန် စိစစ်ဆောင်ရွက်လျက်ရှိသည့်အပြင် တာဝန်ရှိသူများကိုလည်း စစ်စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိရာ တာဝန်ရှိသူအရာရှိ ၄၅ ဦးနှင့် စစ်သည် ၂၅၄ ဦးအား စစ်စည်းကမ်းနှင့်အညီ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



တပ်မတော်မှ နုတ်ထွက်ခွင့်ပြုသည့်ကလေးသူငယ်များနှင့် မိဘအုပ်ထိန်းသူများအား ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်နှင့် CTFMR မှ တာဝန်ရှိသူများက လိုက်လံနှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

# အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး စားပွဲဝိုင်းလေ့ကျင့်ခန်းကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**



အာဆီယံပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေး၊ အာဆီယံပြန်လည်ထူထောင်ရေးလုပ်ငန်းအစီအစဉ် ရေးဆွဲရေးအစည်းအဝေးနှင့် တတိယအကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးတို့ကို ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးကန်ရှိ ရွှေကျွန်းမျော(၂)ဟိုတယ်၌ စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ အာဆီယံသဘောတူစာချုပ် အကောင်အထည်ဖော်ရေး လုပ်ငန်းအစီအစဉ်အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၌ မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ဦးဆောင်နိုင်ငံများဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးစီမံကိန်းလမ်းညွှန်ရေးဆွဲရေးတွင် မြန်မာနိုင်ငံမှ ဦးဆောင်သူအဖြစ်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံက ပျက်စီးဆုံးရှုံးမှုစာရင်း ကောက်ယူရေးတွင် ဦးဆောင်သူအဖြစ် လည်းကောင်း ဆောင်ရွက်လျက်ရှိကြပါကြောင်း၊ လုပ်ငန်းအဖွဲ့၏ ရည်မှန်းချက်ပေါက်မြောက်အောင်မြင်ရေးအတွက် အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ UNDP ၏ Asia-Pacific Regional Centre (APRC) မှ Practice Coordinator Mr. Sanny Ramos Jegillos က အမှာစကားပြောကြားသည်။ အဆိုပါအစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ အတွေ့အကြုံများ၊ အားနည်းချက်၊ အားသာချက်များကို မျှဝေခဲ့ကြပြီး အာဆီယံဒေသတွင်း၌ ရည်ညွှန်းအဖြစ် အသုံးပြုရန် ရေးဆွဲနေသည့် ပြန်လည်ထူထောင်ရေးအစီအစဉ်ရေးဆွဲရေးဆိုင်ရာ အာဆီယံလမ်းညွှန်နှင့်ပတ်သက်၍ တက်ရောက်သူများက ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာ ၂၃ ရက်တွင် ယင်းဟိုတယ်၌ အာဆီယံသဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး စားပွဲဝိုင်းလေ့ကျင့်ခန်းအစီအစဉ် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။**(အပေါ်ဝဲပုံ)**

ယင်းနောက် အာဆီယံသဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှုအကူအညီပေးရေး ညှိနှိုင်းမှုဌာန (AHA Centre)မှ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Said Faisal က အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး၌ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခံရမှုဖြစ်စဉ်အား ဇာတ်ညွှန်းဖန်တီးလျက် မုန်တိုင်းသတင်းကြိုတင်သတိပေးချက်ထုတ်ပြန်မှု အခြေအနေ၊ ကြိုတင်ပြင်ဆင်ရေးဆောင်ရွက်မှု အခြေအနေနှင့် ဘေးအန္တရာယ်တုံ့ပြန်ရေးအခြေအနေများအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား သဏ္ဌာန်တူလေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အောင်ပန်းမြို့ မူလတန်းကြိုကျောင်း တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

ဥတုရာသီ တောကိုမှီ၏






# (၄)ကြိမ်မြောက် အာဆီယံ-တရုတ် အရည်အသွေးကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် ပိုးမွှားရောဂါကင်းစင်ခြင်းဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

**(၄)ကြိမ်မြောက် အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား အရည်အသွေးကြီးကြပ်ရေး၊ စစ်ဆေးရေးနှင့် ပိုးမွှားရောဂါကင်းစင်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ စက်တင်ဘာ ၂၅ ရက် နံနက် ၈ နာရီခွဲတွင်ကျင်းပရာ အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာဝန်ကြီးများဦးဆောင်သည့် ကိုယ်စားလှယ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရည်အသွေးကြီးကြပ်ရေး၊ စစ်ဆေးရေးနှင့် ပိုးမွှားရောဂါကင်းစင်ရေးဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဌာန (General Administrative for Quality Supervision, Inspection and Quarantine (AQSIQ) မှ ဝန်ကြီး H.E .Zhi Shuping နှင့် ကိုယ်စားလှယ်များ စုစုပေါင်း ကိုယ်စားလှယ် ၂၉၃ ဦးတက်ရောက်ကြသည်။**(အောက်ပုံ)



အစည်းအဝေးတွင် သဘာပတိအဖြစ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က ဆောင်ရွက်ပြီး ပူးတွဲသဘာပတိအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ AQSIQ ဝန်ကြီး H.E .Zhi Shuping က ဆောင်ရွက်သည်။

ရှေးဦးစွာ အစည်းအဝေးသဘာပတိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အစည်းအဝေးတွင် တက်ရောက်လာကြသော ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များအနေဖြင့် နေပြည်တော်သို့ ရောက်ရှိချိန်တွင် ပျော်ရွှင်ကြမည်ဟု မျှော်လင့်မိပါကြောင်း။

မိမိအနေဖြင့်သော်လည်းကောင်း၊ မြန်မာနိုင်ငံအနေဖြင့်သော်လည်းကောင်း ဤအစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်ခွင့်ရသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း။

ကျွန်ုပ်တို့အားလုံးသိနားလည်ထားသည့်အတိုင်း ပိုးမွှားရောဂါကင်းစင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် လွတ်လပ်သော ကုန်သွယ်မှုပေါ်ပေါက်လာစေရေး အတွက် များစွာအရေးပါသည့်အချက် ဖြစ်သည့်အားလျော်စွာ အဆိုပါ ပိုးမွှားကင်းစင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် တစ်ပြေးညီ ဖြစ်စေရေးအတွက် ကြိုးပမ်းအားထုတ်ရန် တိုက်တွန်းလိုပါကြောင်း။

အဆိုပါ ပိုးမွှားရောဂါကင်းစင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပိုမိုကောင်းမွန်လာစေရေးအတွက် နည်းပညာအကူအညီပေးသော တရုတ်ပြည်သူ့သမ္မတနိုင်ငံအား အထူးပင် ကျေးဇူးတင်ပါကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ အစည်းအဝေး၏ ပူးတွဲသဘာပတိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ General Administrative for Quality Supervision, Inspection and Quarantine (AQSIQ) ဝန်ကြီးကလည်း အမှာစကားပြောကြားသည်။

အစည်းအဝေးကို ဆက်လက်ကျင်းပရာ တက်ရောက်လာသော အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ (၄)ကြိမ်မြောက် ပိုးမွှားကင်းစင်ရေးဆိုင်ရာ တာဝန်ခံများ၏ ညှိနှိုင်းအစည်းအဝေး၏ ရလဒ်များဖြစ်သော ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ရှေ့လုပ်ငန်းစဉ်များနှင့် အပင်နှင့်တိရစ္ဆာန်များအား စစ်ဆေးရေးနှင့် ပိုးမွှားရောဂါကင်းစင်ရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများအပေါ် ညှိနှိုင်းဆွေးနွေးအတည်ပြုခဲ့သည်။

ထို့ပြင် အစည်းအဝေးမှ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပိုးမွှားရောဂါကင်းစင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး နားလည်မှုစာချွန်လွှာ (MoU between the Governments of the Member States of the Association of South East Asian Nations and the Government of the People's Republic of China on Streng - thening Sanitary and Phyto-sanitary Cooperation) သက်တမ်းတိုးမြှင့်ရေးကို ဤအစည်းအဝေးအပြီးတွင် လက်မှတ်ရေးထိုးရန် သဘောတူခဲ့ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် နောက်တစ်ကြိမ်ကျင်းပမည့် (၅)ကြိမ်မြောက် အာဆီယံ-တရုတ် အရည်အသွေးကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် ပိုးမွှားရောဂါကင်းစင်ခြင်းဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး (5th ASEAN- China SPS Cooperation Meeting)ပြုလုပ်မည့် နေ့ရက်နှင့်အချိန်တို့ကို ညှိနှိုင်းဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပိုးမွှားရောဂါကင်းစင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး နားလည်မှုစာချွန်လွှာ (MoU between the Governments of the Member States of the Association of South East Asian Nations and the Government of the People's Republic of China on Streng - thening Sanitary and Phyto-sanitary Cooperation) အား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ အာဆီယံနိုင်ငံများမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ AQSIQ ဝန်ကြီးတို့က ပါဝင်လက်မှတ်ရေးထိုးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးသွင်မြင့်မောင် | ညွှန်ကြားရေးမှူးချုပ် စက်မှုညွှန်ကြားရေးဦးစီးဌာန စက်မှုဝန်ကြီးဌာန |
| (၂) ဒေါက်တာဒေါ်ရီရီမြင့် | ညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ကျန်းမာရေးဝန်ကြီးဌာန |

**○ရှေ့ဖုံးမှ**

တိုးတက်လာမှုနှင့်အတူ မော်တော်ယာဉ်သုံးစွဲမှုများသည်လည်း ယခင်နှင့်မတူဘဲ ပိုမိုသုံးစွဲမှုရှိလာသည့်အတွက် ယာဉ်ရပ်နားမှုအခက်အခဲများလည်း နေ့စဉ်နှင့်အမျှ မြင့်မားလာလျက်ရှိပါတယ်။ ဒါကြောင့် လူဝင်ရောက်မှုနည်းပါးပြီး အသုံးပြုမှုနည်းပါးတဲ့ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၁)ရပ်ကွက်နှင့် အမှတ်(၁၂)ရပ်ကွက် ပန်းခြံနေရာများ၌ အထပ်လေးထပ်ရှိ ကားပါကင်နှင့် ခေတ်မီဖူဆယ်ဘောလုံးကစားကွင်း၊ ကလေးများကစားကွင်းနှင့် ပန်းခြံများပါရှိသော အဆောက်အအုံနှစ်လုံးကို တည်ဆောက်ရခြင်းဖြစ်ပါတယ်”ဟု အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ အရာရှိတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ယခု တည်ဆောက်လျက်ရှိသည့် အဆောက်အအုံနှစ်လုံးမှာ တစ်လုံးလျှင် ယာဉ်ငယ်အစီးရေ ၁၄၁ စီးရပ်နားနိုင်ပြီး အဆောက်အအုံနှစ်လုံးတွင် ယာဉ်အစီးရေ ၂၈၂ စီး ရပ်နားနိုင်ကြောင်း သိရသည်။ အဆောက်အအုံအမျိုးအစားသည် Steel Structure Pile Foundation အမျိုးအစားဖြစ်သည်။ မီးဘေးကြိုတင်ကာကွယ်ရေးတွင် အသုံးပြုနိုင်ရန် ရေဂါလန် ၁၀၀၀၀ ဆံ့ ရေလှောင်ကန်လေးကန်ပါရှိမည်ဖြစ်သည်။ အဆောက်အအုံအရွယ်အစားမှာ အလျား ၁၁၀ ပေ၊ အနံ ၁၁၄ ပေနှင့် အမြင့် ၄၅ ပေရှိပြီး အဆောက်အအုံ၏ဘေးဘက်တို့တွင် ပန်းခြံနှင့် ကစားကွင်းများသို့ သွားလာနိုင်သော ၁၃×၁၀ ပေ အရွယ်အစားရှိ လူအတက်အဆင်းလှေကားနှစ်ခုစီ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ရာ ၂၀၁၅ ခုနှစ် မတ်လတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(စောသိန်းဝင်း)**

# ဒဂုံမြို့သစ် သိမ်ကျောင်းချောင်းတိမ်ကောနေမှု စက်ယန္တရားကြီးများဖြင့်တူးဖော်



**ရန်ကုန် စက်တင်ဘာ ၂၅**

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အတွင်း ၁၉/၂၀/၂၁ ရပ်ကွက်များနှင့် စက်မှုဇုန်တို့ကို ဖြတ်သန်းကာ ငမိုးရိပ်ချောင်းအတွင်း စီးဝင်သည့် သိမ်ကျောင်းချောင်းတိမ်ကောနေမှုအား ရန်ကုန်မြို့တော်စည်ပင်လမ်း/တံတားဌာနမှ စက်ယန္တရားကြီးဖြင့် ဇူလိုင်လမှစတင်ကာ စက်တင်ဘာ တတိယပတ်အတွင်း ဆောင်ရွက်ပြီးစီးကြောင်းသိရသည်။ အဆိုပါချောင်းသည် မြို့နယ်အတွင်း ရေဝပ်ရေလျှံမှုများ မဖြစ်စေရေးအတွက် အဓိကရေနုတ်မြောင်းမကြီးဖြစ်ပြီး ၁၃၃၀၀ ပေခန့်ရှည်လျားကာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် လမ်း/တံတားတာဝန်ခံတို့မှ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။ **(ဓါတ်ပုံ)**

“မြို့သစ်တည်ကတည်းက ရေစီးရေလာမကောင်းဘူးလေ။ ရပ်ကွက်တွေထဲကို ရေတွေဝင်ပြီးရင် ပြန်မထွက်တော့ဘူး။ ရေတွေဝပ်နေရင် ကျန်းမာရေးထိခိုက်တာပေါ့။ အခုလို ပြည်သူတွေအတွက် ဆောင်ရွက်ပေးတာ ကျေးဇူးတင် ဝမ်းသာပါတယ်” ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပြောသည်။

**(၁၉၇)**



# နေပြည်တော်စည်ပင်သာယာရေးကော်မတီ လက်အောက်ရှိစျေးများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၅**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်မှု၊ စျေးများဌာနမှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် နေပြည်တော်နေ ပြည်သူများနှင့် ဝန်ထမ်းများအနေဖြင့် စျေးများတွင် သန့်ရှင်းလတ်ဆတ်သောသားငါးနှင့် ဟင်းသီးဟင်းရွက်များ၊ ဓာတုဆေးကင်းလွတ်ကုန်ပစ္စည်းများ၊ အရောအနှောကင်းရှင်းသော ကုန်ပစ္စည်းများကိုစိတ်ချမ်းမြေ့စွာဝယ်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စျေးများတွင် လစဉ်ရေနုတ်မြောင်းများ တူးဖော်ဖုံးအုပ်ခြင်း၊ အမှိုက်များ စနစ်တကျ စွန့်ပစ်သိမ်းဆည်းခြင်း၊ ခြင်၊ ယင်များ မပေါက်ပွားရေးအတွက် ဆေးဖျန်းခြင်းကို ယမန်နေ့က ပျဉ်းမနားစျေးကြီး အာဟာရသုခစျေး၊ ယုဇနစျေး၊ ဥတ္တရသီရိစျေး၊ ဇမ္ဗူသီရိစျေး၊ ဒက္ခိဏသီရိစျေးများတွင် တစ်ပြိုင်တည်းပြုလုပ်ရာ **(အပေါ်ပုံ)** စျေးများဌာနမှူးက ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(၁၀၇)**

## ပြည်တွင်းရေးရာ

**❖ပြည်ထောင်စုလွှတ်တော်မှ**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှု၊ ဆုံးရှုံးမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်က ပေးပို့သော အစီရင်ခံစာ အပိုင်း(၁)၊ (၂)၊ (၃)ပါ အမှုတွဲများအနက် ဝန်ကြီးဌာနမှ ဖြေရှင်းဆောင်ရွက်ပေးရန်အမှုတွဲအဖြစ် အစီရင်ခံစာ အပိုင်း(၃)တွင် (၉)မှု၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ၎င်းတို့နှင့်သက်ဆိုင်ခြင်းမရှိ၍ စိစစ်ဆောင်ရွက်ရန် အစီရင်ခံစာ အပိုင်း(၁)ပါ အမှုတွဲ (၁)မှု လွှဲပြောင်းပေးပို့လာသည့်အတွက် စုစုပေါင်းဖြေရှင်းရန် အမှုတွဲ (၁၀)မှုရှိပြီး အမှုအားလုံးဖြေရှင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ထပ်မံတိုင်ကြားထားသော အစီရင်ခံစာ အပိုင်း (၃)နောက်ဆက်တွဲပါ အမှုများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်



**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်။**

ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးမှ (၁၀)မှုအနက် (၅)မှု၊ မကွေးတိုင်းဒေသကြီးမှ (၁၅)မှုအနက် (၁၃)မှု၊ မွန်ပြည်နယ်မှ (၂)မှု၊ ရှမ်းပြည်နယ်မှ (၃)မှု၊ ရခိုင်ပြည်နယ်မှ (၉)မှုအနက် (၆)မှု၊ တနင်္သာရီတိုင်းဒေသကြီးမှ (၈)မှုအနက် (၅)မှုနှင့် နေပြည်တော်ကောင်စီနယ်မြေမှ (၂)မှု စုစုပေါင်း (၄၉)မှုအနက် (၃၆)မှုမှာ ဖြေရှင်းဆောင်ရွက်ပြီးစီး၍ ဆောင်ရွက်ဆဲ (၁၃)မှုရှိပါကြောင်း။

အပိုဒ်ခွဲငယ်(၄)နှင့် စပ်လျဉ်း၍ သစ်တောကြိုးဝိုင်းများအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများသို့ နှစ်ရှည်သစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ပြုခြင်းကို ၂၀၀၅-၂၀၀၆ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့ရာတွင် အစပထမပိုင်းကာလများ၌ ခွင့်ပြုချက်ရရှိသူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီအဖွဲ့အစည်းမှ စိုက်ပျိုးခွင့်ရသည့် ဧရိယာအတွင်းခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်နေသည့် ဒေသခံတောင်သူများရှိပါက ထိုခွင့်ပြုချက်ရရှိသူနှင့် ခွင့်ပြုချက်မရှိဘဲဆောင်ရွက်နေသူ တောင်သူများအကြား လျော်ကြေးပေးခြင်း၊ နစ်နာကြေးပေးခြင်း အပါအဝင် ကျေလည်သည်အထိ ညှိနှိုင်းဖြေရှင်းပြီးမှ ဆက်လက်ဆောင်ရွက်စေသောစနစ်အား ကျင့်သုံးခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရသစ် လက်ထက်တွင် အလားတူကိစ္စများဆောင်ရွက်ရန်ရှိပါက အဆိုပြုလွှာကော်ထားလာသည့် နေရာဒေသသို့ နယ်မြေသစ်တောဦးစီးဌာန သစ်တောဝန်ထမ်း



**နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ။**

များအား ဦးစွာကွင်းဆင်းစစ်ဆေးစေပြီး တောနိမ့်၊ တောပျက်များနှင့် ကြိုးဝိုင်းအတွင်း ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်စိုက်ပျိုး ဆောင်ရွက်နေသည့် ဒေသခံတောင်သူလယ်သမားများ၏ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေများရှိပါက ၎င်း လယ်၊ ယာ၊ ဥယျာဉ်ခြံမြေများအား ချန်လှပ်ပြီးမှသာ တရားဝင်စိုက်ပျိုးခွင့်များ ခွင့်ပြုပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေက နေပြည်တော်ကောင်စီမှ ဖြေရှင်းဆောင်ရွက်ပေးရမည့် တိုင်ကြားစာပေါင်း (၁၇၇)စောင်ရှိပါကြောင်း၊ ၎င်းတိုင်ကြားစာ (၁၇၇) စောင်အားလုံး ရာနှုန်းပြည့် ဖြေရှင်းဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ အစီရင်ခံစာတွင် မပါဝင်သော်လည်း ဇေယျာသီရိမြို့နယ်မှ တိုင်ကြားစာ (၇၆)စောင်ကိုလည်း ရာနှုန်းပြည့် ဖြေရှင်းဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဖြေရှင်းဆောင်ရွက်ပေးသည့်အခါတွင် အကြောင်းအရင်းခိုင်မာ၍ မစွန့်လွှတ်နိုင်သည့် တိုင်ကြားစာ (၁၀၅)စောင် ပါရှိပြီး မည်သည့်အကြောင်းကြောင့် မစွန့်လွှတ်နိုင်ရသည့် အကြောင်းကို သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ တစ်နည်းအားဖြင့် မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့က တိုင်ကြားသူများကိုခေါ်ယူတွေ့ဆုံရှင်းပြ၍ မှတ်တမ်းတင် ထားရှိပြီးဖြစ်ပါကြောင်း၊ နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြေလည်နိုင်သည့်အမှုတိုင်ကြားစာ (၁)စောင်ရှိပြီး ညှိနှိုင်းဖြေရှင်းပြီး အဖြေရှာဆောင်ရွက်ပေးနိုင်အောင် နေပြည်တော်ကောင်စီက ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ နေပြည်တော်ကောင်စီအနေဖြင့် ကော်မရှင်မှ ပေးပို့လာသော တိုင်ကြားစာများကို အထူးအလေးထားဆောင်ရွက်ပေးလျက် ရှိပါကြောင်းဖြင့် တင်ပြသည်။

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရခြင်းနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အပေါ် ဖြေရှင်းဆောင်ရွက်ပေးမှုအခြေအနေလေ့လာတွေ့ရှိချက် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုပြီး အစီရင်ခံစာပါ အကြံပြုချက်များကို အလေးထားဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကို တိုက်တွန်းခဲ့သည်။

**(သတင်းစဉ်)**

# လယ်ယာကဏ္ဍဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၅**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် အာဆီယံ+၃ နိုင်ငံတို့၏ အစည်းအဝေးသို့ ပါဝင်တက်ရောက်လာကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးနှင့် သားငါးကဏ္ဍဆိုင်ရာဝန်ကြီး Mr.Han Changfu နှင့် အဖွဲ့အား ယမန်နေ့ ၃ နာရီခွဲတွင် Horizon Lake



**မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နှစ်ဖက်နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)**

View Hotel ခန်းမတွင် လက်ခံတွေ့ဆုံပြီး နှစ်ဖက်လယ်ယာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးများကို ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကြပြီးနောက် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နှစ်ဖက်နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်းများဆောင်ရွက်ခဲ့ရာ အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်ပစ္စည်းအရည်အသွေးကြီးကြပ်ရေး၊ စစ်ဆေးရေးနှင့် သီးနှံပိုးမွှားကာကွယ်ရေး AQSIQ ဆိုင်ရာ ဝန်ကြီး Mr. Zhi Shuping ဦးဆောင်သော တရုတ်ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံမှ ဆန်ထုတ်ကုန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရေးဆိုင်ရာနှင့် AQSIQ ဆိုင်ရာ နှစ်ဖက်သဘောတူညီချက်နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးခြင်းဆောင်ရွက်ရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်သည် မလေးရှားနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး H.E.YB Dato Sri Ismail Sabri Bin Yaakob နှင့်အဖွဲ့အားလည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံမှ ဒုတိယဝန်ကြီး H.E.Yeo Inhong ဦးဆောင်သော အဖွဲ့များနှင့် လည်းကောင်း၊ စက်တင်ဘာ ၂၅ ရက် နံနက် ၈ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံစိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး H.E.Dr.Ouk Rabun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အားလည်းကောင်း၊ Horizontal Hotel တွင် လက်ခံတွေ့ဆုံပြီး နှစ်ဖက်လယ်ယာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အပြန်အလှန်ဆွေးနွေးပွဲများအား ရင်းရင်းနှီးနှီးပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမှတ်(၁၆)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်မိသားစုများ ပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**စစ်ကိုင်း စက်တင်ဘာ ၂၅**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတု နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၃)လုံခြုံရေး ရဲကွပ်ကဲမှု အဖွဲ့မှူးရုံး၊ အမှတ်(၁၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးကြီး မျိုးမင်းလွင်နှင့် တပ်ဖွဲ့ဝင်မိသားစု ၃၀၀ ကျော်တို့က စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီတွင် စစ်ကိုင်းမြို့ ရန်နိုင်အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်းသို့ ရေသွားလမ်းများ ဖောက်လုပ်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း စသည့် ပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်နန္ဒ(မြစ်ကြီးနား)**



# မူလတန်းစာရိတ္တနှင့် ပြည်သူ့နီတိ CCA နှင့်ညှိ

**မောင်ကျေးဇူး**

လက်ရှိပြဋ္ဌာန်းထားတဲ့ မူလတန်းစာရိတ္တနဲ့ ပြည်သူ့နီတိမှာ ဒီကဏ္ဍတွေ ပါဝင်ပါတယ်။ (၁) မင်္ဂလာကဗျာများ၊ (၂) ဇာတိမာန်နှင့် နိုင်ငံချစ်စိတ်၊ (၃) ကိုယ်ကျင့်တရား၊ (၄)ယဉ်ကျေးမှု၊ (၅)တာဝန်၊ (၆)ယဉ်ကျေးမှုအလေ့အကျင့်ကောင်းများ၊ (၇)ဝတ္ထုပုံပြင်များပါ။ အမှတ်စဉ် (၁) မှ (၅) ထိ ရွတ်ဆိုဖွယ်ရာ ကဗျာတွေသာဖြစ်ပါတယ်။ အမှတ်စဉ် (၆) နဲ့ (၇) က စကားပြေတွေပါ။

မူလတန်းပညာသင်ကြားရေးတွင် ကလေးဗဟိုပြုချဉ်းကပ်နည်း (CCA) ကို စတင်ကျင့်သုံးရုပ်လုံးဖော်လျက်ရှိရာမှာ မူလတန်းစာရိတ္တနှင့် ပြည်သူ့နီတိကိုလည်း CCA နည်းဖြင့်သင်ကြားရေးအတွက် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နဲ့ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန (DEPT) တို့ ရန်ကင်းပညာရေးကောလိပ်မှာ ယမန်နှစ်က ညှိနှိုင်းဆွေးနွေးပွဲကျင်းပခဲ့ပါတယ်။ မူလတန်းစာရိတ္တနှင့် ပြည်သူ့နီတိ ဆရာလက်စွဲပြုစုခဲ့သူ ကျွန်တော့်ကိုလည်း ဖိတ်ကြားလို့ တတ်ရောက်ဆွေးနွေးခဲ့ပါတယ်။

ဆွေးနွေးပွဲမှာ အဓိကကျတဲ့မေးခွန်းများနဲ့ စာရေးသူရဲ့အဖြေကို ဖော်ပြမျှဝေလိုက်ပါတယ်။

**မေး။ ။ မင်္ဂလာကဗျာများ ပြဋ္ဌာန်းထားတာ ဗုဒ္ဓဘာသာကို ဦးစားပေးရာ မကျဘူးလား။**

ဖြေ။ ။ မြန်မာ့ယဉ်ကျေးမှုဟာ ဗုဒ္ဓသာသနာအပေါ် အခြေခံပြီး ဖွံ့ဖြိုးရတာပါ။ ရှေးခေတ်ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်မှာ သင်ပုန်းကြီးပြီးတာနဲ့ မင်္ဂလသုတ်သင်ခဲ့ရတာပါ။ မင်္ဂလာတရားက လိမ္မာယဉ်ကျေးသူတွေဖြစ်အောင် ဆုံးမလမ်းညွှန်ရာမှာ များစွာအထောက်အကူဖြစ်ပါတယ်။ မင်္ဂလာတရားမှာပါတဲ့ တန်ဖိုးထားမှုတွေဟာ ဘယ်ခေတ်မှ ရိုးမသွားနိုင်ပါဘူး။ မင်္ဂလာကဗျာတွေကို သံနေသံထားနဲ့ ရွတ်ဆိုမှုကို ဦးစားပေးပါ။ လူမျိုး၊ ဘာသာမရွေး လက်ခံနိုင်တဲ့ ကိုယ်ကျင့်တန်ဖိုး (Moral Values)များကို လမ်းညွှန်ပေးပါတယ်။

> **ဗြဟ္မစိုရ်တရားလေးပါးဟာ မြန်မာ့ကိုယ်ကျင့်တရားမှာ အလွန်မွန်မြတ်လှပါတယ်။ ဒီလေးပါးထဲက ကလေးတွေ နားလည်ဖို့ခက်တဲ့ ဥပေက္ခာကို ချန်လှပ်ပြီး မေတ္တာ=ချစ်ခင်မှု၊ ကရုဏာ=သနားမှု၊ မုဒိတာ=ဝမ်းမြောက်မှုဆိုတဲ့သုံးပါးကို သင်ကြားလေ့ကျင့်ပေးပါ။**

လက်လှမ်းမမီနိုင်တဲ့ လောကုတ္တရာဆန်လွန်းမှုများကို ချန်လှပ်ပါ။ (ဥပမာ- အရိယသစ္စာ၊ နိဗ္ဗာန်)

**မေး။ ။ "လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့ မမှီဝဲနဲ့ကင်းအောင်နေ"ဆိုတော့ အရက်သမားဘိန်းစားဖခင်ကို သားသမီးတွေက ရှောင်ကြဉ်ထားရမလား။**

ဖြေ။ ။ မိဘဆိုရင် ဘယ်အခြေအနေမျိုးရောက်ရောက် သားသမီးက ပစ်ပယ်မထားဘဲ လုပ်ကျွေးပြုစုရမယ်။ ဒါလည်း မင်္ဂလာပဲ။ သားသမီးက မင်္ဂလာကဗျာထပ်ကာထပ်ကာရွတ်လို့ အရက်သမားဖြစ်နေတဲ့ဖခင် နောင်တရ၊ အရက်ပြတ်သွားတဲ့ သာဓကများလည်းရှိပါတယ်။ လမ်းမှားနေတဲ့ မိဘတွေကို သားသမီးကတစ်ဆင့် သွယ်ဝိုက်ပြုပြင်ပေးဖို့ ဆရာများက တာဝန်ယူသင့်ပါတယ်။

**မေး။ ။ "သုံးတန်စေတနာ ဖြူစင်လန်းလို့ ပေးကမ်းဝေမျှ လှူနိုင်စေ"မှာ စေတနာသုံးတန်ကို ကလေးတွေနားလည်ဖို့ လွယ်ပါ့မလား။**

ဖြေ။ ။ မလှူခင်၊ လှူဆဲ၊ လှူပြီး ဆိုတာနားလည်အောင် ဆရာတို့ရှင်းပြပါ။

**မေး။ ။ 'လောကီအာရုံ ဇိမ်ယစ်မူးလို့ အပျော်မကြူးနဲ့ ခြိုးခြံလေ" ဆိုတာလဲ ကလေးတွေအဖို့ ခက်သလိုပဲ။**

ဖြေ။ ။ ကလေးတွေအတွက် ဖွင့်ထားတဲ့ ပျော်ပါးစရာ မြူကျွန်းသာ၊ ဟက်ပီးဝေါလ်တို့လိုနေရာတွေ သိပ်မသွားဖို့၊ TV ဂိမ်း၊ TV ဇာတ်လမ်းတွေနဲ့ချည်း အချိန်မကုန်ဖို့ လမ်းညွှန်ရုံပါပဲ။ ကလေးတွေလက်လှမ်းမီသမျှ အပျော်အပါးတွေကိုပဲ ဆိုလိုပါတယ်။ စိတ်အလိုမလိုက်ဖို့၊ ခြိုးခြံဖို့ လေ့ကျင့်ပေးရမှာဖြစ်ပါတယ်။

**မေး။ ။ "မေတ္တာဗြဟ္မစိုရ် လက်ကိုင်သုံးလို့ သူမြတ်ကျင့်ထုံးယွင်းမသွေ" ကဗျာပါ ဗြဟ္မစိုရ်တရားဟာ ကလေးတွေနဲ့ မမြင့်ဘူးလား။**

ဖြေ။ ။ ဗြဟ္မစိုရ်တရားလေးပါးဟာ မြန်မာ့ကိုယ်ကျင့်တရားမှာ အလွန်မွန်မြတ်လှပါတယ်။ ဒီလေးပါးထဲက ကလေးတွေ နားလည်ဖို့ခက်တဲ့ ဥပေက္ခာကို ချန်လှပ်ပြီး မေတ္တာ=ချစ်ခင်မှု၊ ကရုဏာ=သနားမှု၊ မုဒိတာ=ဝမ်းမြောက်မှုဆိုတဲ့ သုံးပါးကို သင်ကြားလေ့ကျင့်ပေးပါ။ ဒီသုံးပါးလိုက်နာကျင့်သုံးမှု အားနည်းနေပါတယ်။ ကလေးတွေနဲ့နီးစပ်တဲ့ သာဓကတွေကို ဖော်ထုတ်ပြခိုင်းပါ။

**မေး။ ။ "လောကဓံကြုံ မဖြုံတမ်းပေါ့။ မတုန်စမ်းနဲ့ စိတ်ခိုင်စေ"ကဗျာမှာ လောကဓံတရားဟာ ကလေးတွေအတွက် မမြင့်ဘူးလား။**

ဖြေ။ ။ လောကဓံတရားရှစ်ပါးကိုရှင်းပြရင် နားလည်လောက်ပါတယ်။ လူကြီးနားလည်သလောက်တော့ မမျှော်လင့်ပါနဲ့။ ကလေးဝန်းကျင်ကြုံတွေ့ရမယ့် ကောင်း/ဆိုး၊ နိမ့်/မြင့်၊ အောင်/ရှုံး အခြေအနေများ ခံနိုင်ရည်ရှိအောင် လေ့ကျင့်ပေးဖို့ လိုပါတယ်။

**မေး။ ။ "ကန်တော့ကြမယ်"ကဗျာမှာ သုခ၊ ဗလ ပါဠိစကားတွေကို ကလေးတွေ နားလည်ဖို့မခက်ဘူးလား။**

ဖြေ။ ။ သီတင်းကျွတ်မှာ မြန်မာ့ရိုးရာ မိဘ၊ ဆရာတွေကိုကန်တော့ကြတဲ့အခါ ကန်တော့ရတဲ့ အကျိုးလေးပါး ပြည့်ဝပါစေကြောင်း ဆုပေးကြတာမို့ ကြားဖူးနားဝရှိပြီးသားပါ၊ အာယု= အသက်ရှည်ခြင်း၊ ဝဏ္ဏ=အဆင်းလှခြင်း၊ သုခ=ချမ်းသာခြင်း၊ ဗလ=ခွန်အားကြီးခြင်းတို့ပါပဲ။

**မေး။ ။ မြို့တော်သာဖို့ ဆောင်ရွက်စို့ကဗျာမှာ "လမ်းနံဘေးက ညောင်ကိုင်းငယ်၊ လျှပ်စစ်ဓာတ်ကြိုးထိနေတယ်၊ ဘေးအန္တရာယ်ကင်းရှင်းရေး ညီထွေးခုတ်လို့ပေး"လို့ပါတယ်။ ကလေးကိုခုတ်ခိုင်းရင် ဓာတ်လိုက်မှာမစိုးရဘူးလား။**

ဖြေ။ ။ မြို့တော်သာဖို့အတွက် ကျောင်းပိတ်ရက်မှာ လမ်းဖို့၊ မြောင်းဖော်တဲ့ လုပ်ငန်းတွေကို ဝိုင်းဝန်းလုပ်အားပေး ဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်တဲ့ ကဗျာပါ။ ကလေးဘဝကစပြီး နိုင်ရာတာဝန်ထမ်းဖို့ လမ်းစဖော် ပညာပေးတာပါ။ အန္တရာယ်ရှိတဲ့အလုပ်ကိုတော့ လူကြီးပဲလက်တွေ့လုပ်ပေါ့။

**မေး။ ။ တာဝန်ကိုယ်စီကဗျာမှာ "ညီညီထင်းတွေခွဲ၊ ရေဆွဲတာကကိုလေးပါ" လို့ပါတယ်။ ညီလေးကိုထင်းခွဲခိုင်းတော့ ဓားရှမှာမစိုးရဘူးလား။**

ဖြေ။ ။ မိဘကိုကူတဲ့အနေနဲ့ အိမ်မှာလုပ်နိုင်တဲ့အလုပ်တွေကို သားသမီးတွေ ခွဲဝေလုပ်ဖို့ အဓိကလိုရင်းပါ။ အန္တရာယ်ရှိမယ့် မနိုင်ဝန်ထမ်းဖို့မဟုတ်ပါဘူး။ ကဗျာဆိုတာ ကာရန်ငဲ့ရေးရတာမျိုးလည်းရှိပါတယ်။

**မေး။ ။ ငါးပါးသီလပြဋ္ဌာန်းထားရာ အခြားဘာသာများနဲ့ မဆန့်ကျင်ဘူးလား။**

ဖြေ။ ။ မြန်မာ့ကိုယ်ကျင့်တရားမှာ အရိုးစွဲပြီးသားမို့ ငါးပါးသီလထည့်တာပါ။ လောကီ/လောကုတ်တော့ စည်းခြားဖို့လိုပါမယ်။ လူကိုအန္တရာယ်ပြုတဲ့ခြင်၊ ယင်၊ ကြွက်စတဲ့တိရစ္ဆာန်ကို နှိမ်နင်းသုတ်သင်ရာမှာဖြစ်စေ၊ ဟင်းစားသားငါးမွေးမြူရေးလုပ်ငန်းဖြစ်စေ ငါးပါးသီလနဲ့ သွားထောက်နေလို့မရပါဘူး။ လူမျိုးဘာသာမရွေး လက်ခံတဲ့ကိုယ်ချင်းစာတရား လက်ကိုင်ထားဖို့ အဓိကပါ။

**မေး။ ။ စပါးနှံပြဆိုဆုံးမ ဝတ္ထုပုံပြင်ကို မြို့နေကလေးနားလည်ပါ့မလား။**

ဖြေ။ ။ နီးစပ်ရာလယ်ကွင်းသို့လေ့လာရေးခေါ်ပြပါ။ အဓိကဆန်စားတဲ့နိုင်ငံမှာ စပါးပင်ကို ထမင်းစားသူတိုင်း မြင်ဖူးသင့်ပါတယ်။

**မေး။ ။ ကလေးဗဟိုပြု CCA လုပ်တဲ့အခါ စာရိတ္တနှင့်ပြည်သူ့နီတိပြဋ္ဌာန်းချက်များဟာ မြင့်နေသလိုရှိပါတယ်။ CCA နဲ့ အံဝင်အောင်နည်းပေးလမ်းပြပါ။**

ဖြေ။ ။ အနည်းငယ်မြင့်တယ်လို့တော့ ဆိုနိုင်ပါတယ်။ လက်ရှိအခြေအနေမှာ အသင့်လျော်ဆုံးစိစဉ်ရတာဖြစ်ပါတယ်။ မည်သည့်အကြောင်းအရာမျှ ပြီးပြည့်စုံတယ်လို့မရှိနိုင်ပါ။ မူလတန်းစာရိတ္တနဲ့ ပြည်သူ့နီတိသင်ရိုးကို ခေတ်နဲ့တစ်ပြေးညီ ကောင်းသထက်ကောင်းအောင် ပြုပြင်ပြောင်းလဲဖို့တော့လိုအပ်ပါတယ်။ ပညာရေးနယ်ပယ်ကြီးသုံးရပ်ထဲက စိတ်နေသဘောထား၊ နှလုံးရည်ကို စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်က ဖြည့်ဆည်းပေးရမှာဖြစ်ပါတယ်။

သင်ခန်းစာတိုင်းမှာ ကလေးတိုင်းပါဝင်လှုပ်ရှားစေပြီး သူတို့သိပြီးသားတွေနဲ့ အစပျိုး၊ ဆရာက ရေလာမြောင်းပေးခေါ်ယူကာ ကလေးတို့မသိသေးတာ၊ ကလေးတို့သိစရာ၊ သိနိုင်လောက်တာကို လမ်းညွှန်ပေးရပါမယ်။ ကလေးအရွယ်မှာ လူကြီးသိသလောက် သိရမယ်လို့တော့မမျှော်လင့်ပါနဲ့။ သူ့အိုးသူ့ဆန်တန်ရုံဆိုသလို သူ့အရွယ်သူ့အတန်း သိသင့်သလောက်သိရင်တော်ပါပြီ။

အထူးသဖြင့် ကဗျာတွေကို သံနေသံထားတည့် ရွတ်ဆိုတတ်အောင် လေ့ကျင့်ပေးပါ။ ကလေးဆိုတာကဗျာရွတ်ရတာ ပျော်ပါတယ်။ အဓိပ္ပာယ်ကတော့ တဖြည်းဖြည်းနဲ့ နားလည်သွားရင် လုံလောက်ပါပြီ။ ။

## ပြေးခုန်ပစ်နည်းပြသင်တန်း (၁/၂၀၁၄)ဖွင့်

**နေပြည်တော် စက်တင်ဘာ ၂၅**

ဂျာမနီအိုလံပစ် အားကစားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ပြေးခုန်ပစ်နည်းပြသင်တန်း(၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် ဦးဇော်ဝင်းတို့ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီး ဦးဇော်ဝင်းက အားကစားသမားတိုင်း အခြေခံနည်းစနစ်များကို သင်ကြားနိုင်ခြင်းသည် ပြည်တွင်းမှ နိုင်ငံတကာအဆင့်မီ နည်းပြများရှိမှသာ အားကစားသမားများအတွက် အခြေခံကောင်းကောင်းနှင့် စတင်လေ့ကျင့်နိုင်မှာဖြစ်ကြောင်း၊ အားကစားသမားကောင်းများ မွေးထုတ်နိုင်ရန်အတွက် နိုင်ငံတကာတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးသည် အရေးကြီးသောကြောင့် နိုင်ငံတကာပြိုင်ပွဲများနှင့် ဖိတ်ခေါ်ပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ရေးသည် အားကစားသမားတိုင်း အခွင့်အရေးရှိရန် လိုအပ်ပါကြောင်း၊ နည်းပြများအနေဖြင့် အကောင်းဆုံးကြိုးစားကြရန်လိုအပ်ကြောင်း၊ ယခု ဂျာမနီနိုင်ငံမှ နည်းပြဖြစ်သူ သင်ကြားပြသပေးသည့် နည်းစနစ်များ၊ ပညာများကို ရနိုင်သမျှရအောင် ကြိုးစားကြစေလိုကြောင်း၊ လက်တွေ့သင်ခန်းစာများကိုလည်း ကြိုးစားလေ့လာစေလိုကြောင်း မှာကြားသည်။

ထို့နောက် German Olympic Sports Confeder Action မှ Ms.Caroline Krass က နှုတ်ခွန်းဆက်စကားပြောကြားသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၃ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

### MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၆-၉-၂၀၁၄ (သောကြာနေ့)

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်၊ အာဋ္ဌာနာဋိယသုတ် |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ ဒဏ္ဍာရီ" (အပိုင်း-၂) |
| ၈း၀၀ | Cartoon Series (Go Go Giggles) |
| ၁၂း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာနန်းတော်" (အပိုင်း-၇၈) |
| ၁း၀၀ | "ထိပ်ဆုံးမှာအမေ" တရားတော် (ဆရာတော်အရှင်ဗုဒ္ဓဝီယ) |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၁၀ | ရသစုံညွှန်းတမ်းများ |



ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြည်သူ့အိမ်ရာများသည် မူလလုပ်အားပေးသူများ နေရေးအဆင်ပြေရန် ဆောင်ရွက်ပေးထားခြင်းဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၅**

သုဝဏ္ဏလုပ်အားပေးအိမ်ရာစခန်းရှိ ရပ်ကွက်(၃)ရပ်ကွက်တွင် အငှားချထားသည့် အိမ်ခန်းပေါင်း(၂၇၂၂)ခန်းကို စာရင်းကောက်ယူစစ်ဆေးချက်အရ ယခုအခါ မူလဦးစီးပင်စင်စား (၂၁၇)ခန်းနှင့် အရပ်သားမူလဦးစီး(၄၈)ခန်း စုစုပေါင်း (၂၆၅)ခန်း၊ မူလဦးစီး၏ သားသမီး(၂၅၁)ခန်း မိသားစုဝင် စုစုပေါင်း (၃၇၅)ခန်းသာ ရှိသောကြောင့် အိမ်ငှားစည်းကမ်းနှင့် ညီညွတ်သည့် အိမ်ခန်းပေါင်း (၆၄၀)ခန်းသာရှိပါကြောင်း၊ ကျန် (၂၀၈၂) ခန်းမှာ အိမ်ငှားစည်းကမ်းနှင့် မညီညွတ်ဘဲ အရောင်းအဝယ်ပြုလုပ်ထားသည့် အခန်းများဖြစ်ပါကြောင်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏအိမ်ရာစီမံကိန်း အကောင်အထည်ဖော်မှုမေးခွန်းနှင့်စပ်လျဉ်း၍ ယနေ့ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့တွင် ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီး ဦးစိုးတင့်က ပြည်သူ့အိမ်ရာများသည် မူလလုပ်အားပေးသူများနှင့် မိသားစုများ နေရေးအဆင်ပြေစွာ နေထိုင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ပေးထားခြင်းဖြစ်သည့်အတွက် မူလအိမ်ငှားဦးစီးမရှိလျှင် ဇနီး၊ ခင်ပွန်း၊ သားသမီးမြေးမြစ်များကို တရားဝင်ဆက်လက်နေထိုင်ခွင့်ပြုထားသည့် အခန်းပေါင်း (၃၇၅)ခန်းရှိပါကြောင်း၊ မူလလုပ်အားပေးနေထိုင်သူများထံမှ ဝယ်ယူနေထိုင်သူများကို သတ်မှတ်ထားသည့် အိမ်လခများပေးသွင်းစေပြီး ဆက်လက်နေထိုင်ခွင့်ပြုသွားမှာဖြစ်ကြောင်း။

အိမ်လခများ တိုးမြှင့်ကောက်ခံခြင်းသည် ၁၉၆၄ ခုနှစ်ကတည်းက သတ်မှတ်ခဲ့သည့် အိမ်လခများကို ပြောင်းလဲလာသော ခေတ်ကာလနှင့် လိုက်လျောညီထွေမရှိသဖြင့် ပြင်ဆင်သတ်မှတ်ခြင်းဖြစ်ပြီး အိမ်ရာစခန်းများ၏ ပြင်ဆင်ထိန်းသိမ်းမှုစရိတ်နှင့် စီမံခန့်ခွဲမှုစရိတ်များကို အထောက်အပံ့ရရှိစေရန်ဖြစ်ပါကြောင်း၊ အိမ်လခပြင်ဆင်သတ်မှတ်ခြင်းအတွက် သုဝဏ္ဏလုပ်အားပေး မူလအိမ်ငှားဦးစီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ပူးပေါင်းညှိနှိုင်းပြီး အိမ်လခသတ်မှတ်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။



ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်။



သယ်န်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးတင်လင်း၏ နိုင်ငံ့ဝန်ထမ်းများ၏ လူနေမှုဘဝမြှင့်တင်ပေးခြင်းကို မည်ကဲ့သို့ အစီအမံများ ရေးဆွဲဆောင်ရွက်ထားသည်ကို သိလိုခြင်းမေးခွန်းနှင့်နှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက နိုင်ငံ့ဝန်ထမ်းများ၏ ကိုယ်ကျင့်သိက္ခာနှင့် အကျင့်စာရိတ္တထိန်းသိမ်းရန်အတွက် ပညာပေးရေးလုပ်ငန်းများဖြစ်သည့် အခြေခံသင်တန်း၊ မွမ်းမံသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် ဝန်ထမ်းများလိုက်နာဆောင်ရွက်ရမည့်အချက်များကို ပို့ချပေးလျက်ရှိပါကြောင်း၊ ဌာနတွင်း အစည်းအဝေးများနှင့် ဆန္ဒဖော်ထုတ်ပွဲများ၌ ဝန်ထမ်းများ၏ အခက်အခဲများကို တင်ပြစေ၍ လိုအပ်သလိုဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းတာဝန်နှင့် အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို သိရှိလိုက်နာစေရန်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သကဲ့သို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကလည်း နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ စာအုပ်ကို ထုတ်ဝေခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့သစ် တာဝန်ယူပြီးနောက် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်စေရန်အတွက် အစိုးရအဖွဲ့အစည်းများအတွင်း အဂတိတရားများ ကင်းရှင်းရေးနှင့် လာဘ်ပေးလာဘ်ယူမှုများ ပပျောက်စေရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် "မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များအက်ဥပဒေ(The Myanmar Official Secrets Act)"ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က တင်သွင်းရာ လွှတ်တော်က ပြင်ဆင်ရန်မသင့်ကြောင်းဆုံးဖြတ်ခဲ့ပြီး"ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဒဂုံဆိပ်ကမ်းမြို့နယ်မှ အာမခံအလုပ်သမားများအတွက် ဒဂုံမြို့သစ်(တောင်ပိုင်း) လူမှုဖူလုံရေးရုံးနှင့် ဆေးခန်းမှ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်၏ "လှည်းကူးမြို့နယ်အတွင်းရှိ ဆင်ဖုန်ချောင်းနှင့် လျှော်ကော်ရိုးတစ်လျှောက် တိမ်ကောပိတ်ဆို့နေမှုများအား ရှင်းလင်းတူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဂဲဂလိတ်ချောင်းနှင့် စွယ်လပ်ချောင်း ရေထွက်ပေါက် (၃)ခုအား လိုအပ်သော ရေထွက်ပေါက်များ တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ"မေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမ (?)... သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ဆင်ဖုန်ချောင်း တိမ်ကောပိတ်ဆို့နေမှုအား ရှင်းလင်းပေးရန်နှင့်ပတ်သက်၍ ယခုနှစ် ၂၀၁၄ ခုနှစ် မိုးမတိုင်မီ ဧပြီနှင့် မေလအတွင်း ဆင်ဖုန်ချောင်းအား တူးဖော်ပြီး နုန်းတူးခြင်းလုပ်ငန်း အလျားပေ(၈၀၀၀)နှင့် ဒိုက်၊ ဗေဒါများရှင်းလင်းခြင်းအား အလျားပေ(၂၄၀၀၀)ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း။

လျှော်ကော်ရိုးတိမ်ကောပိတ်ဆို့နေမှုများ ရှင်းလင်းတူးဖော်ပေးရန်နှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ် မေလတွင် လျှော်ကော်ရိုးထိပ်အဝတွင် (၄ ပေ × ၅ ပေ)အကျယ် ရေထိန်းတံခါးနှစ်ပေါက်တည်ဆောက်ပြီးဖြစ်ပါကြောင်း၊ တည်ဆောက်ပြီးသည့် ရေတံခါး၏အထက်ပိုင်း ချောင်းတစ်လျှောက်ကိုလည်း ကွင်းဆင်းစစ်ဆေးပြီး တူးဖော်ရန်လိုအပ်ပါက ရန်ပုံငွေတင်ပြတောင်းခံပြီး ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

လှည်းကူးမြို့နယ်အတွင်း ယခုနှစ် ရေကြီးရေလျှံမှုသက်သာစေရန်နှင့် အမြန်ဆုံးရေထွက်နှုန်းကောင်းစေရန်အတွက် ဘားလားကျေးရွာအနီး ဘားလားချောင်းဟောင်းနှင့် ဘားလားချောင်းသစ်နှင့်ဆက်စပ်သည့် အလျားပေ (၄၀၀၀)ရှိသည့် ရိုးကို ၂၀၁၄ ခုနှစ် ဩဂုတ် ၂၃ ရက်က လည်းကောင်း၊ ဦးတိုက်ရိုးတူးဖော်ခြင်း အလျားပေ(၁၄၅၀၀)ကို ဩဂုတ် ၂၄ ရက်က လည်းကောင်း၊ ဒေသခံများ၏ တင်ပြချက်များအရ မောင်ကြီးရိုးတူးဖော်ခြင်း လုပ်ငန်း အလျားပေ(၃၀၀၀)တူးဖော်ရန်ရှိသည့်အနက် အလျားပေ(၁၁၀၀)ကို ဩဂုတ် ၂၅ ရက်ကလည်းကောင်း တူးဖော်ခဲ့ပြီးဖြစ်ပါကြောင်း၊ စက်ယန္တရားအသစ်များအသုံးပြု၍ လျင်မြန်စွာ ဆောင်ရွက်ပေးခြင်းအားဖြင့် လှည်းကူးမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုမှ လျော့နည်းသက်သာစေမည်ဖြစ်ပါကြောင်း။



အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း။



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင်။

ဂဲဂလိတ်ချောင်းနှင့် စွယ်လပ်ချောင်းများမှ စီးဆင်းလာသော ရေများသည် လဂွန်းပြင်လက်တံ(၂) တူးမြောင်းဖြတ်ရေထုတ်ပွန် (၃)ပေါက်မှတစ်ဆင့် ခရီနာချောင်းအတွင်းသို့ စီးဆင်းပါကြောင်း၊ ၎င်းရေထုတ်ပွန် (၃)ခုသည် ကျဉ်းမြောင်းခြင်းကြောင့် ရေကြီးနစ်မြုပ်ရခြင်းဖြစ်ပါကြောင်း၊ လယ်မြေများ ရေကြီးနစ်မြုပ်မှုမှ သက်သာစေရန် လဂွန်းပြင်လက်တံ (၂)မြောင်းရေထုတ်ပွန် (၃)ပေါက်အနီးမှ မြောင်းပေါင်အား ယာယီချိုးဖောက်၍ ရေများကို ထုတ်နုတ်ခဲ့ပါကြောင်း၊ ရေကြီးမှုမှ သက်သာစေရန် အဆိုပါ ရေထုတ်ပွန်(၃)ပေါက်အား ချဲ့နိုင်ရန်အတွက် ပြန်လည်တိုင်းတာပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံပြီး ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင်၏ "ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်တွင် လူမှုဖူလုံရေးဆေးခန်းနှင့် လူမှုဖူလုံရေးရုံးခန်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ" သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင် အလုပ်ဌာန (၅၄၀)ဌာနနှင့် အလုပ်သမား(၂၉၀၂၅)ဦးရှိပြီး အဆိုပါ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနနှင့် အလုပ်သမားများအနက် ဒဂုံဆိပ်ကမ်းမြို့နယ်မှ အလုပ်ဌာန(၁၄၇)ဌာနနှင့် အလုပ်သမား (၁၂၇၀၆) ဦးတို့ပါဝင်ပါကြောင်း။

သို့ပါ၍ ဒဂုံဆိပ်ကမ်းမြို့နယ်မှ အာမခံအလုပ်သမားများအတွက် ဆေးကုသမှု၊ ငွေကြေးအကျိုးခံစားခွင့် ဆောင်ရွက်ပေးမှုများကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၆၄)ရပ်ကွက် စက်မှုဇုန်(၂) ချင်းတွင်းလမ်း အမှတ်(၁၁၈/၁၄၂) တွင် ဖွင့်လှစ်ထားသည့် ဒဂုံမြို့သစ်(တောင်ပိုင်း) လူမှုဖူလုံရေးရုံးနှင့် ဆေးခန်းမှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လက်ရှိအချိန်တွင် ဒဂုံဆိပ်ကမ်းမြို့နယ်၌ လူမှုဖူလုံရေးဆေးခန်းနှင့် ရုံးခန်းဖွင့်လှစ်ရန် လျာထားချက်မရှိသေးသော်လည်း အဆိုပါ မြို့နယ်အတွင်းရှိ အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်များ ထုတ်ပေးမှုကို ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း၏ "ပြည်သူများအပေါ် ကျရောက်သော၊ ကျရောက်နိုင်သော လျှပ်စစ်အန္တရာယ်များကို တားဆီးကာကွယ်ပေးနိုင်ရေး အထူးအစီအစဉ်များကို ချမှတ်ရေးဆွဲဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"အဆိုကို တင်သွင်းခဲ့ရာ လွှတ်တော်၏သဘောထားကိုရယူပြီး လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

# အာရှယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ မြန်မာအသင်းယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၂၅**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၅ အာရှယူ-၁၆ အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ ခြေစစ်ပွဲ ပွဲစဉ်များကို အောက်တိုဘာလဆန်းပိုင်း၌ ကျင်းပတော့မည်ဖြစ်သည်။ အဆိုပါ ခြေစစ်ပွဲကို မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

ခြေစစ်ပွဲအုပ်စုခွဲဝေထားမှုအရ မြန်မာအသင်းမှာ အုပ်စု(ဃ)တွင် တရုတ်(တိုင်ပေ)၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားအသင်းတို့နှင့်အတူ ပါဝင်လျက်ရှိသည်။ အဆိုပါ ခြေစစ်ပွဲများကို မလေးရှားနိုင်ငံတွင် အောက်တိုဘာ ၅ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာယူ-၁၆ အမျိုးသမီးအသင်းသည် ယင်းခြေစစ်ပွဲကို ယှဉ်ပြိုင်ရန်အတွက် ဇူလိုင်လကတည်းက စတင်ပြင်ဆင်ခဲ့ပြီး နည်းပြချုပ်အဖြစ် ဦးဘုန်းနိုင်က ကိုင်တွယ်လျက်ရှိသည်။ အာရှ ယူ-၁၄ အမျိုးသမီးဘောလုံးပွဲတော်ကို ယှဉ်ပြိုင်ခဲ့သည့်အသင်းကို အခြေခံပြီး အာဆီယံ ယူ-၁၉ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် တတိယရခဲ့သည့် ယူ-၁၉ အသင်းမှ အသက်မီသည့် ကစားသမားများကို ရွေးချယ်ထားခြင်းဖြစ်သည်။

ခြေစစ်ပွဲဝင်မည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ ဦးလှရွှေလေး၊ အသင်းအတွင်းရေးမှူး ဒေါ်စန်းစန်းသိန်း၊ နည်းပြချုပ် ဦးဘုန်းနိုင်၊ လက်ထောက်နည်းပြ ဒေါ်မေသူထွန်း၊ ဂိုးနည်းပြ ဒေါ်ဝါဝါမိုး၊ အားကစားသမားများအဖြစ် ဂိုး မျိုးမြမြငြိမ်း၊ မေသဇင်ထွန်း၊ ခိုင်ဇာဝင်း၊ နောက်တန်း ရွှေမိုးဦး၊ လွှေးမေနှင်းဦး၊ ရှင်းရန့်ထွေး၊ အိုပီး၊ မေဌေးလွင်၊ ယမင်းလွင်၊ အိသိင်္ဂီကျော်၊ သဥ္ဇာချို၊ အလယ်တန်း သင်းသင်းယု၊ ခိုင်ဝေထူး၊ နေနွယ်ဇင်မြင့်၊ ဇင်ဇင်နိုင်၊ ထက်ထက်ချို၊ ခင်မို့မို့ထွန်း၊ အိကလျာကို၊ ခိုင်သဇင်ဦး၊ ခင်ပြည့်လင်း၊ ရှေ့တန်း မျိုးမျိုးအေး၊ ဂျူလိုင်ကျော်နှင့် ကေဇင်မြင့်တို့ ပါဝင်ကြသည်။ **(ရှိုင်းထက်ဇော်)**

## ပြည်တွင်းရေးရာ

**☆ တပ်မတော်မှ**

အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင်များ လဲလှယ်ကြပြီး အစည်းအဝေးခန်းမ၌ 1st Airbone Brigade မှ Colonel Iijima မှ 1st Airbone Brigade နှင့် ပတ်သက်သော အချက်အလက်များအား တင်ပြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ Narashino တပ်စခန်းအတွင်း Basic Training၊ Ranger Training နှင့် လေ့ကျင့်ခန်းစွမ်းရည်သရုပ်ပြပွဲများအား ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။**(ယာပုံ)** ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ်နှင့်အတူ Narashino တပ်စခန်းမှ ညနေ ၄ နာရီတွင် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**







# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမိသားစုများနှင့်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၅**

ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်ခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၅ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ရောက်ရှိရာ သံအမတ်ကြီး ဦးခင်မောင်တင်နှင့်ဇနီး၊ မြန်မာသံရုံးမိသားစုဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် သံရုံးမိသားစုဝင်များအား သံရုံးဧည့်ခန်းတွင် ရင်းရင်းနှီးနှီး တွေ့ဆုံစကားပြောကြားပြီး သံရုံးမိသားစုဝင်များနှင့် နံနက်စာကို အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**

**(မြဝတီ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးတို့က ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော အရာရှိကြီးများအား ညစာစားပွဲဖြင့် ပြန်လည်တည်ခင်းဧည့်ခံ

**နေပြည်တော် စက်တင်ဘာ ၂၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် စက်တင်ဘာ ၂၅ ရက် ဒေသစံတော်ချိန် ည ၇ နာရီတွင် တိုကျိုမြို့ရှိ New Otani Hotel ၏ Garden Courl, Banquet Floor ရှိ Sirius ခန်းမ၌ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ်ဖြစ်သူ General Shigeru IWASAKI နှင့်ဇနီး ဦးဆောင်သော အရာရှိကြီးများအား ညစာစားပွဲဖြင့် ပြန်လည်တည်ခင်းဧည့်ခံသည်။

အဆိုပါ ညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဂျပန်ဘက်မှ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့စစ်ဦးစီးချုပ်ဖြစ်သူ General Shigeru IWASAKI နှင့်ဇနီး၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညစာစားပွဲတွင် နှစ်နိုင်ငံတပ်မတော်အကြီးအကဲများက နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်းများပြုလုပ်ကြပြီး ညစာစားပွဲအပြီးတွင် အပြန်အလှန်လက်ဆောင်များ လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။**(အောက်ပုံ)**

**(မြဝတီ)**



**❑ ပျောက်ဆုံးမှ**

ပူတာအိုလေဆိပ်နှင့် မြစ်ကြီးနားလေဆိပ်တို့မှ ရဟတ်ယာဉ်ပျံသန်းခွင့်အား တားမြစ်ခဲ့သည်။ တရုတ်နိုင်ငံမှ အဖွဲ့ဝင်ရှစ်ဦးပါဝင်သော Blue Sky ကယ်ဆယ်ရေး ဒုတိယအဖွဲ့သည်လည်း ခါကာဘိုရာဇီတောင်ခြေသို့ ရောက်ရှိရန် ၃၀ ကီလိုမီတာ (၁၈ ဒသမ ၆) မိုင် အကွာအဝေးတွင် ရောက်ရှိနေပြီဖြစ်သည်။ စက်တင်ဘာ ၂၅ ရက်တွင် မြန်မာ့လေကြောင်းမှ Beech Aircraft လေယာဉ်ဖြင့် ပူတာအိုမှ နံနက် ၁၀ နာရီ ၅ မိနစ်တွင် ခါကာဘိုရာဇီဝန်းကျင်တစ်လျှောက် အမြင့်ပေ ၂၀၀၀၀ မှ ပျံသန်းပြီး ရာသီဥတုအခြေအနေအား မျက်မြင်သွားရောက်လေ့လာကာ အောက်ခြေမြင်ကွင်းမှာ ရေခဲများ ဖုံးလွှမ်းလျက်ရှိကြောင်း၊ တိမ်ထူပြီး မြင်ကွင်းမကောင်းသဖြင့် နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် ပူတာအိုသို့ ပြန်လည်ဆင်းသက်ခဲ့သည်။ ထူးဖောင်ဒေးရှင်းမှ B3 ရဟတ်ယာဉ် အပြာရောင်သည် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ပူတာအိုမှ တဟွန်ဒမ်းသို့ ဆင်းသက်ကာ B3 ရဟတ်ယာဉ် အမည်းရောင်သည် Base Camp သို့ ဆက်လက်ပျံသန်းကာ လှည့်ပတ်ပျံသန်းခဲ့ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် တဟွန်ဒမ်းသို့ ပြန်လည်ဆင်းသက်ခဲ့သည်။ ညနေ ၃ နာရီခန့်တွင် မြေပြင်ကယ်ဆယ်ရေး တောင်တက်အဖွဲ့သည် ခါကာဘိုရာဇီတောင် အမြင့်ပေ ၁၅၈၀၀ သို့ ရောက်ရှိခဲ့ပြီး ညနေ ၄ နာရီတွင် ပျောက်ဆုံးတောင်တက်သမားများ တက်ရောက်ခဲ့သည့် လမ်းကြောင်းတည်ရှိရာ စခန်း (၃)တွင် ပျောက်ဆုံးတောင်တက်သမားနှစ်ဦးထားခဲ့သည့် ကျောပိုးအိတ်တစ်လုံး၊ အမိုက်ထုပ်တစ်ခုနှင့် အခြားအထုပ်တစ်ခုတို့ကို တွေ့ရှိခဲ့သည်။ ညနေ ၅နာရီ ၅၅ မိနစ်တွင် ခါကာဘိုရာဇီတောင် အမြင့်ပေ ၁၇၀၀၀ ကျော်သို့ ရောက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆက်လက်ကြိုးစားလုပ်ကိုင်သွားမည်ဖြစ်ကြောင်း ထူးဖောင်ဒေးရှင်းမှ ထုတ်ပြန်သော သတင်းများအရ သိရသည်။ **(သတင်းနှင့်ဓာတ်ပုံ-ခင်ဇာလီ)**



**○ အာရှမှ**

အီရန်မှ ကစားသမားတို့ ယှဉ်ပြိုင်ကြရာ မြန်မာနိုင်ငံက ၁၃၈ မှတ်ရပြီး အီရန်က ၁၄၂ မှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ အမျိုးသမီး ကွန်ပေါင်း (ရှုံး/ထွက်)ပွဲစဉ်တွင် ယောစိမ်းယနှင့်ဖိလစ်ပိုင်ကစားသမားတို့ ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံက ၁၃၄ မှတ်နှင့် ဖိလစ်ပိုင်မှ ၁၃၉ မှတ်ရရှိပြီး ယောစိမ်းယ ရှုံးနိမ့်ခဲ့သည်။ ဆက်လက်၍ ကွန်ပေါင်း(ရှုံး/ထွက်) အမျိုးသမီးပွဲစဉ်တွင် မြန်မာနိုင်ငံမှ အေးအေးသင်းနှင့် ကာဇက်စတန်ကစားသမားတို့ ၁၃၉ မှတ် တူညီ၍ ပင်နယ်တီပစ်ရာ အေးအေးသင်း အနိုင်ရပြီး ကိုရီးယားနိုင်ငံ အားကစားသမားနှင့် ဆက်လက်ယှဉ်ပြိုင်ရာ ၁၃၆ မှတ်နှင့် ၁၄၄ မှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

စက်တင်ဘာ ၂၆ ရက်မြန်မာပွဲစဉ် မြားပစ်ပြိုင်ပွဲ ရီကတ်ပြိုင်ပွဲကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံမှ ရှိန်ထက်ကျော်နှင့်ဇာခြည်ဝင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**(အား/ကာ)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**ပူတာအို စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ပူတာအိုခရိုင်ရဲတပ်ဖွဲ့ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကံပို ကြီးကြပ်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသာဇော်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးတင်အောင်၊ မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးကြည်သာဆွေတို့၏ ဦးဆောင်မှုဖြင့် ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်းတို့မှ အရာရှိအရာခံ၊ အကြပ်တပ်သားများနှင့် စာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများစုပေါင်းကာ အင်အား ၆၀ ဖြင့် ခုတင် (၁၀၀) ဆံ့ ခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်း အမှိုက်များ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း လုပ်အားဒါနပေးလှူပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြသည်။

အလားတူ စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီကလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ကြက်ခြေနီတို့ပူးပေါင်း၍ ပူတာအိုမြို့ တောင်တန်းသာသနာပြုကျောင်းတိုက်ဝင်းအတွင်း၌ လုပ်အားဒါနပြုခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**




# (၁၁) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များညီလာခံ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံက ပထမဆုံးအကြိမ် လက်ခံကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များညီလာခံ (11th AACC) ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် သင်္ဂဟဟိုတယ် Grand Ball Room (A) ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ဘရူနိုင်းနိုင်ငံလေတပ်ဦးစီးချုပ် Bri. Gen. (U) Dato Seri Pahlawan Wardi Bin Abdul Latip၊ ကမ္ဘောဒီးယားနိုင်ငံ လေတပ်ဦးစီးချုပ် Gen. Soeung Sammang၊ အင်ဒိုနီးရှားနိုင်ငံလေတပ်ဦးစီးချုပ် Air Chief Marshal I.B Putu Dunia၊ လာအိုနိုင်ငံလေတပ်ဦးစီးချုပ် Col. Khanphath Phimmahaxay၊ မလေးရှားနိုင်ငံ လေတပ်ဦးစီးချုပ် Gen. Dato' Sri Haji Roslan Bin Saad၊ ဖိလစ်ပိုင်နိုင်ငံ လေတပ်ဦးစီးချုပ် Lt. Gen. Jeffrey F Delgado၊ စင်ကာပူနိုင်ငံ လေတပ်ဦးစီးချုပ် Maj. Gen. Hoo Cher Mou၊ ထိုင်းနိုင်ငံလေတပ်ဦးစီးချုပ် Air Chief Marshal Prajin Juntong၊ ဗီယက်နမ်နိုင်ငံ လေတပ်ဦးစီးချုပ် Lt. Gen. Phuong Minh Hoa နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိဖြစ်သူ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က (၁၁) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များညီလာခံ အဖွင့်နှုတ်ခွန်းဆက်စကားပြောကြား၍ အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။ ထို့နောက် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။**(အပေါ်ပုံ)** ဆက်လက်၍ အခမ်းအနားအစီအစဉ်များအား ဖတ်ကြားအတည်ပြုပြီး (၁၁) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များညီလာခံဆွေးနွေးပွဲခေါင်းစဉ်ဖြစ်သော "Defence Cooperation Towards Peaceful and Prosperous ASEAN Community" အကြောင်းအရာအား နိုင်ငံတော်သမ္မတ၏ နိုင်ငံရေးအကြံပေးအဖွဲ့ ခေါင်းဆောင် ဦးကိုကိုလှိုင်က ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံလေတပ်များမှ လေတပ်ဦးစီးချုပ်များက ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပထမအကြိမ် အာဆီယံလေတပ်များ ပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေး (1st AAFET-WG) အစည်းအဝေးဆုံးဖြတ်ချက်များအား ယင်းအစည်းအဝေး၏ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သူ ဗိုလ်မှူးချုပ် မောင်မောင်ကျော်က ရှင်းလင်းတင်ပြပြီး (၁၁)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ ညီလာခံ၏ အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားရှင်းလင်းဆွေးနွေးအတည်ပြုကြကာ အခြားသီးခြားဆွေးနွေးလိုသော အချက်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြား၍ (၁၂) ကြိမ်မြောက် အာဆီယံ လေတပ်ဦးစီးချုပ်များ ညီလာခံအလှည့်ကျသဘာပတိအဖြစ် တာဝန်ထမ်းဆောင်မည့် ကမ္ဘောဒီးယားနိုင်ငံ လေတပ်ဦးစီးချုပ်ထံသို့ဥက္ကဌ တာဝန်လွှဲပြောင်းပေးအပ်ပြီး ကမ္ဘောဒီးယားနိုင်ငံ လေတပ်ဦးစီးချုပ် Gen. Soeung Sammang က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် မွန်းလွဲပိုင်းတွင် (၁၁) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များညီလာခံ ဆွေးနွေးညှိနှိုင်း သဘောတူညီချက်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ကျင်းပကြသည်။

ညနေပိုင်းတွင် အာဆီယံ လေတပ်ဦးစီးချုပ်များသည် တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြကြောင်းနှင့် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ပြုလုပ်သည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ခြင်းလုံးအားကစားသမားများအား ဂုဏ်ပြု

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ခြင်းလုံးခတ်ပြိုင်ပွဲတွင် ပထမ "ဒိုင်းဆုဖလား"ရရှိခဲ့သော အင်းစိန်မြို့နယ်အသင်းအား ထပ်ဆင့်ဂုဏ်ပြုသည့်အခမ်းအနားကို စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး (မြို့နယ် ကာယပညာကော်မတီဥက္ကဋ္ဌ) ဦးကျော်တင့်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ ဦးကျော်ဇောက ပြိုင်ပွဲဝင် ပထမဆုရအသင်း၏ လေ့ကျင့်မှုနှင့် ပြိုင်ပွဲဝင်အခြေအနေများအား ရှင်းလင်းတင်ပြကာ မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ ပထမဆုရရှိခဲ့သော ဒိုင်းဆုဖလားအား လွှဲပြောင်းပေးအပ်ပြီး မြန်မာပြည်သားဟော့ကုမ္ပဏီမှ ဦးတင်ဝင်းက ပထမဒိုင်းဆုရ ခြင်းလုံးသမားတစ်ဦးချင်းစီအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

**(မြဴ)**




အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး




ရတနာမိုး ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး
မြတ်စွာဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်
(၁၄)ညအိပ် (၁၅)ရက်ခရီးစဉ်
(၁၁)ညအိပ် (၁၂)ရက်ခရီးစဉ်
(၇)ညအိပ် (၈)ရက်ခရီးစဉ်
(၄)ညအိပ် (၅)ရက်ခရီးစဉ်
အထူးအစီအစဉ်(ဆီမီးပူဇော်ပွဲ)ဟိုတယ်တည်း/စရိတ်ငြိမ်း
မိတ်ဟောင်း/မိတ်သစ်များအတွက် ကျေးဇူးတုန့်ပြန်သည့်အနေဖြင့် တန်ဆောင်မုန်းလပြည့်နေ့တွင် ဆီမီးပူဇော်နိုင်ရန် ဗုဒ္ဓဂယာသို့(၇)ည(၈)ရက် ဟိုတယ်တည်း၊စားငြိမ်း(၈)သိန်း ကျပ်တိတိဖြင့် ကုသိုလ်ယူပို့ဆောင်ပေးပါမည်။
လူဦးရေကန့်သတ်ထားပါသည်။
ဦးရာလှုစနစ်ဖြင့်ငှားချပေးပါမည်။
(၁၇)ညအိပ် (၁၈)ရက် (ဂယာ-နယူးဒေလီ-ရေခဲတောင်ခရီးစဉ်)
(၇)ညအိပ် (၈)ရက် (ဂယာ-နယူးဒေလီ-မွန်ဘိုင်းခရီးစဉ်)
ဖော်ပြပါခရီးစဉ်များကို Oct လမှစ၍ လစဉ်ပို့ဆောင်ပေးပါမည်။ Hotel စရိတ်ငြိမ်းဖြင့်ခရီးစဉ်များကိုတာဝန်ယူစီစဉ်ပို့ဆောင်ပေးပါမည်။
ရန်ကုန်ရုံးချုပ် 01 - 377351-2, 246239, 09 - 73029315, 73198845, 30330800
မန္တလေးရုံးခွဲ 09-444026228, 09-444027228 ပြင်ဦးလွင်ရုံးခွဲ 085-29769, 09-33317787

ရွှေနဂါး ခရီးသွားလုပ်ငန်း
ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
ကားမျိုးစုံ စီးလုံးငှားသည်။
Ph: 209077, 209388, 09-73167000, 09-73168000

09-420073607
09-73211079
09-49250637
Car Rental, Sale & Services
ခရီးစဉ် အမျိုးမျိုး အချိန်ပိုင်းနှင့် ဖော်ဒယ်အဖြစ် ကားသစ် မျိုးစုံ လချုပ်/နှစ်ချုပ် ဖြင့် ရောင်း/ဝယ်/ငှားရန် ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

မင်္ဂလာဒီ Oct 3,6 ထွက်မည်
တောင်ကြီး၊အင်းလေး(ဖောင်တော်ဦး)၊ထမ့်ဝမ်း၊ မွေတော်ကတ္တူ (ထမင်းကျွေး) 45000
မုတ်၊ ဧည္ဓာင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ 35000
ဖော်လမြိုင်၊ ကျိုက္ကမီ၊ မဲလဲဆံတော်ရှင်၊ စက်စဲ၊ ဂင်းကျိုက်ဧရာဘဲ့ခွန် 22500
09-256223330,09-420051117

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက်(၄၅၊၃၃၊၂၄၊၁၈၊၁၄၊ ၁၀၊၇)စီးယာဉ်များနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)




## "မွေးနေ့မင်္ဂလာ ဆုတောင်းလွှာ"

သားသား ထူးအောင်လင်း(ခ)တွတ်တွတ် အ. မ. က(၃) (မူလွန်) ဗဟန်း၏ (၇)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ အသက်ရှည် အနာမဲ့ ကျန်းမာချမ်းသာစွာဖြင့်"ထူးချွန်အောင်မြင်လင်းလက်တဲ့ သားကောင်းရတနာတစ်ယောက် ဖြစ်ပါစေ။"

နှစ်ဖက်သော ဘွားဘွားများနှင့်
ဖေဖေ-ဦးကျော်ခိုင်
မေမေ-ဒေါ်နှင်းနှင်းအေး
ညီလေး-ဘုန်းသစ်နိုင်(ခ)ဖိုးသာထူး
တီတီ-ခင်ဖြူဖြူအေး(ခ)ငယ်ငယ်

ပါမောက္ခဆရာကြီး ဦးစိုးသိန်းဦးစီး၍
NASA ၏ High Tech နည်းပညာဖြင့်
သတ္တုသိုက် ရှာဖွေခြင်း လုပ်ငန်းကို တိကျ၊မှန်ကန်၊ မြန်ဆန် ၊ထိရောက် ပြီး ဈေးနှုန်း သက်သာစွာဖြင့် လက်ခံဆောင်ရွက်ပေးနေပါသည်။
No-109၊ ကျွန်းတောလမ်း ၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Hp- 09-73217371, Ph- 01-539883

# ကောင်းမွန်သောအုပ်ချုပ်မှုဖော်ဆောင်ရေးဖိုရမ် ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြီးကြပ်စီမံမှုနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ ပံ့ပိုးကူညီမှုဖြင့် ကောင်းမွန်သောအုပ်ချုပ်မှုဖော်ဆောင်ရေးဖိုရမ်ကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကားပြောကြားပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)မြန်မာရုံးမှ ဌာနေကိုယ်စားလှယ် ကိုယ်စား ဒီမိုကရေစီအုပ်ချုပ်မှုဖော်ဆောင်ရေးအဖွဲ့ခေါင်းဆောင် Ms. Emma Morley က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ကိစ္စရပ်များကို အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်များတွင် (၁၇) ကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာအဖွဲ့၏ အစည်းအဝေး (17th ASEAN Conference on Civil Service Matters-17th ACCSM) ဥက္ကဋ္ဌတာဝန်ကို ဆောင်ရွက်လျက်ရှိသည်။ အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာအဖွဲ့ လုပ်ငန်းအစီအစဉ် ၂၀၀၈-၂၀၁၅ အရ အာဆီယံနိုင်ငံများအတွင်း ကောင်းမွန်သောအုပ်ချုပ်မှုစနစ်နှင့် နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်သိမှု၊ တာဝန်ယူနိုင်မှုအရည်အသွေးများ တိုးတက်မြင့်မားလာစေရန်အတွက် "နိုင်ငံ့ဝန်ထမ်းများကျင့်ဝတ်နှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း" ဟူသည့် ဦးတည်ချက်ဖြင့် ယခုဖိုရမ်ကို ကျင်းပခြင်းဖြစ်သည်။

ဖိုရမ်တွင် "Transforming the Civil Service" ဘာသာရပ်တွင် နိုင်ငံတော်သမ္မတ၏ အကြံပေး Myanmar Development Resource Institute(MDRI) မှ ဒေါက်တာဇော်ဦး၊ စင်ကာပူသမ္မတနိုင်ငံ UNDP Global Centre of Public Service Excellence မှ ညွှန်ကြားရေးမှူး Mr. Max Everest-Phillips နှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ရုံးမှ ညွှန်ကြားရေးမှူး Datuk Chris Tan တို့က ကောင်းမွန်သောအုပ်ချုပ်မှုကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍအရေးကြီးပုံ၊ အုပ်ချုပ်မှုစနစ် ပြုပြင်ပြောင်းလဲမှုများအပေါ် အကျိုးသက်ရောက်မှုရှိနိုင်မည့် ဝန်ထမ်းစီမံခန့်ခွဲခြင်းနှင့် ဖွံ့ဖြိုးမှုအတွက် အဓိကဆောင်ရွက်ရန်လိုအပ်သည့် အချက်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးသန်းထွန်း၊ ကိုရီးယားသမ္မတနိုင်ငံ အဂတိဆန့်ကျင်ရေးနှင့် ပြည်သူ့အခွင့်အရေးကော်မရှင်မှ ညွှန်ကြားရေးမှူး Mr. KIM Ahn-Tae နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)မြန်မာရုံးမှ Chief Technical Advisor for Public Administration အဖြစ် တာဝန်ယူထားသူ Mr. Christopher Politis တို့က နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံသတ်မှတ်ချက်များကို အလေးထားဆွေးနွေးကြသည်။ ထို့ပြင် ဝန်ထမ်း၏တာဝန်သိမှု၊ တာဝန်ခံမှု အလေ့အထများ မြှင့်တင်နိုင်ရေး၊ ဝန်ထမ်းများ၏ ကျင့်ဝတ်၊ ဂုဏ်သိက္ခာတိုးတက်ကောင်းမွန်ရေး စသည့် အကြောင်းအရာများ ဆွေးနွေးခဲ့ကြသည်။

တင်ပြချက်များနှင့် ပတ်သက်ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မန္တလေးတွင် မီးလောင်မှုဖြစ်ပွား

**မန္တလေး စက်တင်ဘာ ၂၅**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ပွဲကုန်းရပ်အကွက်အမှတ်(၂၁၂) (၂၅)လမ်းနှင့် (၂၆)လမ်းကြား၊ လမ်း(၉၀)နှင့် (၉၁)လမ်းကြားရှိ အိမ်ရှင် ဒေါ်မင်းနိုင်(ခ)ဒေါ်ဌေးဌေး၏ ပေ ၃၀ × ပေ ၂၀ သွပ်မိုးပျဉ်ထောင် နှစ်ထပ်နေအိမ်မီးဖိုမှ စတင်၍ ယနေ့နံနက် ၄ နာရီကျော်ခန့်က မီးလောင်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ နေအိမ်လေးလုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ မီးလောင်မှုမှာ နေအိမ်၌ မီးသွေးမီးဖိုဖြင့် ရေနွေးအိုးတည်ထားခဲ့ရာမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး ထိုမှတစ်ဆင့် အိမ်ချင်းကပ်လျက်ရှိ ၂၅ ပေ × ပေ ၃၀ ထရံကာ၊ သွပ်မိုးတစ်ထပ် နေအိမ်နှစ်လုံးနှင့် ပေ ၂၀ ပတ်လည်ရှိ သွပ်မိုး၊ ထရံကာ နေအိမ်တို့ကို မီးကူးစက်လောင်ကျွမ်းခဲ့ရာ မီးသတ်အုပ်ချုပ်မှုယာဉ်နှစ်စီးနှင့် မီးသတ်ယာဉ် ၅၀ စီးတို့ဖြင့် ညွှန်ကြားရေးမှူး ဦးကြည်ဝင်းက အနီးကပ်ကြီးကြပ်ကွပ်ကဲကာ မြို့နယ်တာဝန်ရှိသူများ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၅၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀၀၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင် ငြိမ်းသတ်ခဲ့ကြပြီး နံနက် ၅ နာရီခန့်တွင် မီးငြိမ်းသွားကြောင်း၊ အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ အမှတ်(၅)ရဲစခန်းက ပ/၃၇၇/၂၈၅/၂၀၁၄ ဖြင့် အိမ်ရှင်အား အရေးယူထားကြောင်းနှင့် မီးဘေးသင့်ပြည်သူ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ၁၂ ဦးတို့အား အဆိုပါ ပွဲကုန်းရပ် ချမ်းသာကြီးမွှာရုံ၌ ယာယီမီးဘေးကယ်ဆယ်ရေးစခန်းဖွင့်ထားကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ သရုပ်ပြဖျော်ဖြေရန်ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၅**

ကမ္ဘာတစ်ဝန်းသို့ ထိုးဖောက်ပျံ့နှံ့စေရေးအတွက် ကိုရီးယားနိုင်ငံ၌ ကျင်းပမည့်(၁၇)ကြိမ်မြောက် အာရှအားကစား ပြိုင်ပွဲကြီးတွင် မြန်မာ့ရိုးရာခြင်းလုံး အလှခတ်ဖြင့် သရုပ်ပြဖျော်ဖြေရန် အာရှခြင်းလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးပြည့်စုံမြင့်နှင့် သရုပ်ပြအားကစားသမားများသည် စက်တင်ဘာ ၂၄ ရက်က ကိုရီးယားနိုင်ငံသို့ လေကြောင်းခရီးဖြင့်ထွက်ခွာရာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်အတွင်းရေးမှူး(၂) ဦးကိုကိုအောင်၊ နည်းပညာကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(ယာပုံ)** **(ခြင်းလုံးအဖွဲ့ချုပ်)**




အာဝေရာ အမှတ်တံဆိပ်
ဝဍ္ဍာကိုယ် အပူမငြိမ်းသူများအတွက် အာဝေရာ အပူငြိမ်းဆေး ဆိုင်တိုင်းမှာရပါ
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR -004038 (0914)
ပင်ရင်း - အာဝေရာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ် (၁၀)၊ အောင်သုခလမ်း၊ ပုသိမ်မြို့ ဖုန်း ၀၄၂-၂၄၄၃၂

အာဝေရာ အမှတ်တံဆိပ်
အစာမကြေခြင်းအတွက် အာဝေရာ ရှိတယ်... အဝေရာ ရှိတယ်... အစာကြေဆေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-006339 (0914)
ပင်ရင်း - အာဝေရာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ် (၁၀)၊ အောင်သုခလမ်း၊ ပုသိမ်မြို့ ဖုန်း ၀၄၂-၂၄၄၃၂

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင် သင်ကြားသော အမှန်တကယ် တွေးတတ်၊ လက်တန်းရေးတတ်စေတဲ့ သုံးဆင့်သင်နည်းသစ် စာအုပ်သည် ဆရာများ ကိုယ်တိုင် လက်ကိုင်ထားသင်ပေးနေသည့် (ပ/ဒုတွဲ)စာအုပ်ဖြစ်၍ အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက်(၅)လ တက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အောက်တိုဘာလ (၄/၆)ရက်နေ့ (ပ/ဒု)တန်းခွဲသစ် ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
Speaking နှင့် ၅ တန်းမှ ၁၀ တန်းထိ ပိုင်း/ Guide / အိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
01-375970, 0951 72096, 0925 4541441

ဗိုလ်ချုပ် ဝိနယပိဋကတ် ရောင်းရင်းများ
အင်းလေး-ဖောင်တော်ဦးဘုရားပွဲတော်သို့ Sep 26, Oct 3,7
▲ ပုပ္ပါး၊ ပုဂံ(စွယ်တော်လေးဆူ)၊ ပခုက္ကူ၊ စလေ ▲ ပုပ္ပါး၊ ပုဂံ(စွယ်တော်လေးဆူ)၊ မန္တလေး၊ ပြင်ဦးလွင် ▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ ▲ မူဆယ်၊ ရွှေလီ ▲ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန် ▲ ကျိုက္ကမီ၊ စက်စဲ၊ မော်လမြိုင်ဘုရားစုံ ▲ ဇလွန်ပြည်တော်ပြန် (တနင်္ဂနွေနေ့တိုင်း)
249871, 255553, 389611, 09-5137245

UNIQUE STAR TRAVELS.
(၃) ဦးဝယ်လျှင် + (၁) ဦး အခမဲ့
တောင်ကြီး၊ အင်းလေး၊ ကလော Oct:7 / Nov: 1,2,3 (220,000)
ပုဂံ-မန္တလေး၊ပြင်ဦးလွင် Oct: 7/ Nov: 2 (220,000)
ချောင်းသာ Daily (Hotel Max) (75,000) / ငွေဆောင် (80,000)
ငပလီ Dailly (Merciel Retreat & Resort) (280,000)
No. 70/A, Kabaaye Pagoda Rd, Kominkochin Ward, Bahan Tsp.
Ph: 860 4964-65-66, 708 353, 705 723, 09 7310 9133-44-55-66.

Wonderful Days Travels & Tours
✦ အင်းလေး-ဖောင်တော်ဦး အထူးခရီးစဉ် (၄ ညအိပ် ၅ ရက်) Oct - 4,7
(တောင်ကြီး-ထမ်းဆမ်း-အင်းလေး-ပင်းတယ-တုံလုံ-တလော) 180,000 /-
(Scania 2+1 အထူးကားဖြင့်)
✦ ပုဂံခရီးစဉ် (၄ ညအိပ် ၅ ရက်) Oct - 4, 7
( ပုဂံ-စွယ်တော်လေးဆူ-ပုပ္ပါး-ပခုက္ကူ ) 175,000 /-
See Travelling, Feel Happy !
No.228, Ground Floor, Ngu War Street, Ahlone Township, Yangon.
Ph- (951) 220905, 09 731 93262, 09 731 78716.

ဝါရင့်ဆရာကြီး မြင့်သူထက်
ဆရာ/မ B.Ed
နည်းပြ သရုပ်ပြ
English 4 Skills


## နေပြည်တော်ဝဏ္ဏသိဒ္ဓိရေကူးအသင်း အခြေခံရေကူးသင်တန်းဖွင့်လှစ်မည်

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို ရှေးရှုလျက် မျိုးဆက်သစ် ရေကူးအားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် နေပြည်တော်နှင့် ဆက်စပ်လျက်ရှိသော အနီးပတ်ဝန်းကျင်မှ လုပ်သားပြည်သူများ အနားယူအပန်းဖြေစေနိုင်ရေးအတွက် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိ Sports Complex အတွင်းရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် အခြေခံရေကူးသင်တန်းအား အောက်တိုဘာလ ၄ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ပါသည်။

- သင်တန်းချိန်အား နံနက် ၇း၀၀ နာရီမှ ၉း၀၀ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသားဦးရေအလိုက် ညနေပိုင်းသင်တန်းတိုးချဲ့ဖွင့် လှစ်ပေးသွားမည် ဖြစ်ပါသည်။
- သင်တန်းကြေးအဖြစ် ပုဂ္ဂလိကသင်တန်းသား(၂၀၀၀ိ/-နှုန်း)၊ ဝန်ထမ်းသားသမီးများနှင့် ကျောင်းသား/ကျောင်းသူများ (၁၀၀၀ိ/-နှုန်း) သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပါသည်။
- ရေကူးသင်တန်းသို့ တက်ရောက်မည့်သင်တန်းသားများအတွက် ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း ဂိတ်(၄)မှ ဝင်ရောက်ခွင့်အား ဌာနမှ စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။
- အသေးစိတ်အချက်အလက်များသိရှိလိုပါက ဝဏ္ဏသိဒ္ဓိရေကူးကန် အုပ်ချုပ်ရေးမှူး ဖုန်း-၀၉-၇၃၀၅၄၀၄၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ရောင်းရန်ကြော်ငြာစာ

၁။ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အမှတ် (၅၁/၂၀၁၄)၏ ဆုံးဖြတ်ချက်နှင့်အညီ ပေးချေရမည့် လုပ်ခလစာနှင့် နစ်နာကြေးငွေများကို မပေးချေသဖြင့် Mr.In Ho Bang ပိုင် အောက်ပါပစ္စည်းများကို လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ပစ္စည်းစာရင်း

| | | | |
|---|---|---|---|
| (က) | စက်ပစ္စည်းမျိုးစုံ | - | ၄၇၂ မျိုး |
| (ခ) | လျှပ်စစ်-မီးစက်နှင့် ဆက်စပ်ပစ္စည်းများ | - | ၁၆ မျိုး |
| (ဂ) | ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ | - | ၁၀၇၆၄ မျိုး |
| (ဃ) | အခြားအသုံးအဆောင်ပစ္စည်းများ | - | ၁၈၈၁ မျိုး |
| | စုစုပေါင်း | - | ၁၃၁၃၃ မျိုး |

မှတ်ချက် ။ ။ အမှတ်(၆၃)၊ ဒီပဲရင်းဝန်ထောက်ဦးမြလမ်း၊ ဇုန်(၃)၊ လှိုင်သာယာမြို့နယ်၌ ပစ္စည်းများတည်ရှိပါသည်။

၂။ လေလံတင်ရောင်းချမည့်ရက်မှာ ၉-၁၀-၂၀၁၄ရက်ဖြစ်ပြီး လေလံတင်မရောင်းချမီ ၁-၁၀-၂၀၁၄ ရက်မှ ၃-၁၀-၂၀၁၄ ရက်အထိ ပစ္စည်းများအား ရုံးချိန်အတွင်း ကြည့်ရှုနိုင်သည်။

၃။ အသေးစိတ်အချက်အလက်များကို ကြော်ငြာပါသည့်ရက်မှစတင်၍ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီးရုံး၊ မရမ်းကုန်းမြို့နယ်၊ မဟာစည်မှတ်တိုင်အနီး၊ ပြည်လမ်း ဖုန်း-၀၁-၆၅၀၉၁၅၊ ၀၉-၈၆၀၂၀၁၆ နှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ လှိုင်သာယာစက်မှုဇုန်ရုံး ဖုန်း-၀၁-၆၄၅၀၆၃၊ ၀၉-၂၅၆၃၅၆၁၀၉၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

**အခွန်အရာရှိ**
**အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန**
**လှိုင်သာယာမြို့နယ်ရုံး**

# ဥရောပတိုက် စွမ်းအင်လုံခြုံရေး အီရန် ထောက်ပံ့ပေးရန် အသင့်ရှိ

**ကုလသမဂ္ဂ စက်တင်ဘာ ၂၅**

အီရန်နိုင်ငံသည် ဥရောပတိုက်အတွက် စွမ်းအင်အလုံအလောက် ထောက်ပံ့ပေးနိုင်သော နိုင်ငံဖြစ်ကြောင်း၊ အီရန်နိုင်ငံသည် ဩစတြီးယားနိုင်ငံမှတစ်ဆင့် ဥရောပနိုင်ငံများသို့ ဓာတ်ငွေ့တင်ပို့ပေးရန် အသင့်ရှိကြောင်း အီရန်သမ္မတ ဟာဆန်ရူဟာနီက စက်တင်ဘာ ၂၅ရက်တွင် ပြောကြားလိုက်သည်။

အီရန်သမ္မတ ရူဟာနီသည် ၆၉ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်ရန် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့သို့ ရောက်ရှိနေချိန်အတွင်း ဩစတြီးယားသမ္မတ ဟိန်းဇ်ဖစ်ရှာနှင့် စက်တင်ဘာ ၂၃ရက်က တွေ့ဆုံဆွေးနွေးရာတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။



ပါရှန်ပင်လယ်ကွေ့ရှိ အီရန်ကမ်းလွန်ရေနံနှင့် ဓာတ်ငွေ့တူးဖော်ရေးစင်ကို တွေ့ရစဉ်။

အီရန်နိုင်ငံ၏ အဏုမြူစွမ်းအင် အစီအစဉ်နှင့် ပတ်သက်၍ သဘောတူညီချက်တစ်ရပ်ရရှိရန် အလွန်နီးစပ်လာပြီဖြစ်ကြောင်း ရူဟာနီက ပြောကြားသည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နျူကလီးယားနည်းပညာကို ငြိမ်းချမ်းသော ရည်ရွယ်ချက်များဖြင့် အသုံးပြုနိုင်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

အီရန်နိုင်ငံသည် ဥရောပတိုက်စွမ်းအင်ဖူလုံရေးအတွက် အဓိကကျသော အခန်းကဏ္ဍမှ ရပ်တည်နေကြောင်း ရူဟာနီက ပြောကြားသည်။ ဒေသဆိုင်ရာ စွမ်းအင်လုပ်ငန်းကဏ္ဍတွင် ရုရှားနိုင်ငံက ထိန်းချုပ်ထားမှုကို အဆုံးသတ်စေရန် အီရန်နိုင်ငံက လိုလားသည်။

တူရကီနိုင်ငံမှ ဥရောပသို့ ဆက်သွယ်မည့် ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကို အကောင်အထည်ဖော်ရန် ဥရောပသမဂ္ဂ(အီးယူ) က အဆိုပြုထားပြီး ကက်စပီယန်ပင်လယ်မှ ဓာတ်ငွေ့ကို ဥရောပသို့ တင်ပို့ရောင်းချလာနိုင်ရန် မျှော်မှန်းသည်။ **ပီတီအိုင်။**

## စစ်သွေးကြွများနှင့် ပူးပေါင်းသူနိုင်ငံသားများကို ဥပဒေဖြင့် အရေးယူရေး လုံခြုံရေးကောင်စီဆုံးဖြတ်

**ကုလသမဂ္ဂ စက်တင်ဘာ ၂၅**

အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့သို့ သွားရောက်ကာ နိုင်ငံခြားသားစစ်သွေးကြွများအဖြစ် ပါဝင်လှုပ်ရှားသူများအား ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရန် ဖော်ပြသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက စက်တင်ဘာ ၂၄ ရက်တွင် တစ်ခဲနက် အတည်ပြုလိုက်ကြောင်း အမေရိကန်သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အိုင်အက်စ်အဖွဲ့နှင့် အယ်လ်နူဆာရာတပ်ဦးတို့ကဲ့သို့သော စစ်သွေးကြွအုပ်စုများတွင် ပါဝင်သည့် နိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများက ရာဇဝတ်ပြစ်မှုဆိုင်ရာ ဥပဒေဖြင့် ပြင်းပြင်းထန်ထန် အရေးယူအပြစ်ပေးနိုင်မည့် ဥပဒေများကို အဖွဲ့ဝင်နိုင်ငံများက ရေးဆွဲအတည်ပြုကြရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်တွင် ဖော်ပြသည်။ အဆိုပါ ဆုံးဖြတ်ချက်ကို အဖွဲ့ဝင်နိုင်ငံများက မဖြစ်မနေ အကောင်အထည်ဖော်ရမည်ဖြစ်သည်။

### ချမှတ်

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အထူးအစည်းအဝေးတစ်ရပ်တွင် အမေရိကန်ပြည်ထောင်စုက ဦးဆောင်၍ အဆိုပါ ဆုံးဖြတ်ချက်ကို တညီတညွတ်တည်း ချမှတ်ခဲ့သည်။

နိုင်ငံ့အကြီးအကဲများ အစုံအညီတက်ရောက်သည့် ယင်းအထူးအစည်းအဝေးတွင် အတည်ပြုချမှတ်ခဲ့သော ဆုံးဖြတ်ချက်သည် သမိုင်းတွင်ရစ်မည့် ဆုံးဖြတ်ချက်တစ်ရပ် ဖြစ်ကြောင်း အမေရိကန် သမ္မတ ဘာရက်အိုဘားမားက ပြောကြားသည်။

ကမ္ဘာ့နိုင်ငံများသည် ၎င်းတို့၏ ပိုင်နက်နယ်မြေမှတစ်ဆင့် အကြမ်းဖက်သမားသို့မဟုတ် အကြမ်းဖက်အုပ်စု သွားလာလှုပ်ရှားမှုကို တားဆီးပိတ်ပင်ရမည်ဖြစ်ကြောင်း၊ ပြည်ပသို့ သွားရောက်၍ စစ်သွေးကြွများနှင့် ပူးပေါင်းဆောင်ရွက်မှုများ မပြုလုပ်နိုင်စေရန် ကမ္ဘာ့နိုင်ငံများက ဥပဒေများပြဋ္ဌာန်း၍ တားဆီးကာကွယ်ရမည်ဖြစ်ကြောင်း အိုဘားမားက ပြောကြားသည်။

**ရိုက်တာ။**

## ဒုက္ခသည်များအား ယာယီဗီဇာထုတ်ပေးရန် ဩစတြေးလျ သဘောတူညီ

**ဆစ်ဒနီ စက်တင်ဘာ ၂၅**

ဩစတြေးလျနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံနှင့် ရရှိသော သဘောတူညီချက်တစ်ရပ်အရ ခိုလှုံခွင့်တောင်းခံလိုသူ ဒုက္ခသည်များအတွက် ယာယီဗီဇာများ ထုတ်ပေးတော့မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၂၅ရက်တွင် သတင်းထုတ်ပြန်သည်။

### အနိုင်ရ

ဒုက္ခသည်များအား ယာယီဗီဇာထုတ်ပေးရေးစနစ်နှင့် ပတ်သက်၍ အငြင်းပွားဖွယ်ရာ ပြောဆိုမှုများ ပေါ်ထွက်လျက်ရှိသည်။ ကွန်ဆာဗေးတစ် ဝန်ကြီးချုပ် တိုနီအက်ဘော့သည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တင်းကျပ်သည့် မူဝါဒများကို ချမှတ်ကျင့်သုံးသွားမည်ဟု မဲဆွယ်စည်းရုံးကာ လွန်ခဲ့သည့်နှစ် စက်တင်ဘာလက ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည်။

ပိုမိုတင်းကျပ်သည့် လူဝင်မှုကြီးကြပ်ရေးမူဝါဒများအား ချမှတ်ကျင့်သုံးခြင်းကို နိုင်ငံတကာက ဝေဖန်ခဲ့ကြသော်လည်း ပြည်တွင်း၌ မဲဆန္ဒရှင်များ၏ ထောက်ခံမှုကို တိုးပွားစေခဲ့သည်။

### ဖွင့်လှစ်

ဩစတြေးလျနိုင်ငံသည် ပါပူဝါနယူးဂီနီနှင့် တောင်ပစိဖိတ်ကျွန်းနိုင်ငံဖြစ်သော နော်ရူးနိုင်ငံတို့၌ ကမ်းလွန်ထိန်းသိမ်းရေးစခန်းများကိုဖွင့်လှစ်ကာ ခိုလှုံခွင့်တောင်းခံလိုသူများအား ဒုက္ခသည်များအဖြစ် လက်ခံရန် သင့်၊ မသင့် ဆုံးဖြတ်သည့် လုပ်ငန်းစဉ်ကို ဆောင်ရွက်သည်။

ယခင်ဩစတြေးလျ ဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်လက်ထက်တွင် ယာယီဗီဇာများကို ထုတ်ပေးခဲ့သော်လည်း ၂၀၀၈ ခုနှစ်တွင် ယင်းဗီဇာစနစ်ကို ပြန်လည်ဖျက်သိမ်းခဲ့သည်။

**ပီတီအိုင်။**

## နိုင်ဂျီးရီးယားတွင် ဘိုကိုဟာရမ်စစ်သွေးကြွ ၂၆၀ ကျော် လက်နက်ချ

**အဘူဂျာ စက်တင်ဘာ ၂၅**

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဘိုကိုဟာရမ်စစ်သွေးကြွ ၂၆၀ ကျော် လက်နက်ချခဲ့ကြကြောင်း စစ်ဘက်က ပြောကြားသည်ဟု ဘီဘီစီက ဖော်ပြသည်။**(ယာပုံ)**

ဘိုကိုဟာရမ်အုပ်စု၏ မကြာသေးမီက ထွက်ပေါ်လာခဲ့သော ဝါဒဖြန့်ဗီဒီယိုတွင် ၎င်းတို့၏ သေဆုံးခဲ့ပြီဖြစ်သော ခေါင်းဆောင် အဘူဘာကာရှီကာအူ အသွင်ဟန်ဆောင်ခဲ့သူ စစ်သွေးကြွကိုလည်း သတ်ဖြတ်ခဲ့သည်ဟု စစ်ဘက်က ပြောသည်။

ရှီကာအူကိုသတ်ဖြတ်ခဲ့ကြောင်း စစ်ဘက်က ယမန်နှစ်တွင် ပြောကြားခဲ့သည်။ သို့သော် အထောက်အထားတင်ပြနိုင်ခဲ့ခြင်း မရှိဟုဆိုသည်။

အရှေ့မြောက်ပိုင်း ဘိုကိုဟာရမ်ခြေကုပ်မြို့မိုင်ဒူဂူရီအနီးတွင် နိုင်ဂျီးရီးယားတပ်ဖွဲ့များနှင့် တိုက်ပွဲများဖြစ်ပွားခဲ့ရာ လွန်ခဲ့သည့်ရက်သတ္တတစ်ပတ်တွင် ၎င်းတို့ ဆုံးရှုံးမှု ကြီးမားခဲ့သည်။

ဘောနိုပြည်နယ်၊ ဘိုင်အူမြို့၌ အင်္ဂါနေ့တွင် ၎င်းတို့ကိုင်ဆောင်သော လက်နက်များနှင့်တကွ ဘိုကိုဟာရမ်အဖွဲ့ဝင် ၁၃၅ ယောက် 



အလင်းဝင်ခဲ့ကြောင်း၊ အရှေ့မြောက်ပိုင်း တစ်နေရာ၌ အခြား ၁၃၃ယောက် အလင်းဝင်ခဲ့ကြောင်း စစ်ဘက်က ပြောသည်။

အဆိုပါပြောကြားချက်များကို မှန်ကန်မှုရှိမရှိ ခွဲခြားနိုင်ရန် မလွယ်ကူကြောင်း ဘီဘီစီ သတင်းထောက်က ပြောသည်။

၎င်းသတင်းသာ မှန်ကန်မည်ဆိုလျှင် ဘိုကိုဟာရမ်စစ်သွေးကြွများကို တိုက်ခိုက်နေသည့် နိုင်ဂျီးရီးယားအစိုးရတပ်ဖွဲ့အတွက် အဓိကအလှည့်အပြောင်းတစ်ရပ် ဖြစ်လာမည်ဟု ၎င်းက ထပ်မံပြောကြားသည်။

၂၀၀၉ ခုနှစ်က အစိုးရတပ်နှင့် တိုက်ပွဲဖြစ်ပွားပြီး ဘိုကိုဟာရမ်ခေါင်းဆောင် အဘူကာရှီကာအူ သေဆုံးသွားကြောင်း လုံခြုံရေးတပ်ဖွဲ့က ကြေညာခဲ့ခြင်းကို စစ်ဘက်က ဤသို့ လူသိရှင်ကြား ရှင်းလင်းခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

လွန်ခဲ့သည့်သီတင်းပတ်တွင်ဘိုကိုဟာရမ် စစ်သွေးကြွများကို ထိုးစစ်ဆင်ရာ၌ သေဆုံးသူများတွင် ရှီကာအူဟန်ဆောင်သော မိုဟာမက်ဘာရှာအမည်ရှိစစ်သွေးကြွလည်း ပါဝင်ကြောင်း နိုင်ဂျီးရီးယား ဗိုလ်ချုပ်ကြီး ခရစ်တိုလူကိုလာဒဲက ပြောကြားသည်။

**ဘီဘီစီ။**

## စင်ကာပူလူဦးရေ တိုးတက်မှုနှုန်း ၁၀နှစ်အတွင်း အနိမ့်ဆုံးသို့ ရောက်ရှိ

**စင်ကာပူ စက်တင်ဘာ ၂၅**

စင်ကာပူနိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်းသည် ၁၀နှစ်အတွင်း အနိမ့်ဆုံးနှုန်းသို့ ရောက်ရှိခဲ့ကြောင်း အမျိုးသားလူဦးရေနှင့် လူ့စွမ်းအားအရင်းအမြစ်ဌာနက စက်တင်ဘာ ၂၅ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

စင်ကာပူနိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်းသည် ၂၀၁၃ ခုနှစ် ဇွန်လမှ ၂၀၁၄ ခုနှစ် ဇွန်လအထိဖြစ်သော ကာလတွင် ၁ဒသမ ၃ ရာခိုင်နှုန်းသာ ရှိခဲ့သည်။ စင်ကာပူနိုင်ငံ၏ လူဦးရေသည် ဇွန်လ အခြေပြစာရင်းအရ ၅ ဒသမ ၄၇ သန်းရှိသည်။

စင်ကာပူနိုင်ငံသားတို့၏ လူဦးရေတိုးတက်မှုနှုန်းသည် သုည ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ပြီး ၃ ဒသမ ၃၄ သန်းရှိသည်။ အမြဲတမ်း နေထိုင်ခွင့်(ပီအာရ်) ရရှိထားသူ များ၏ လူဦးရေမှာမူ ၅၂၇၇၀၀ ၌ ဆက်လက်တည့်နေကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

စင်ကာပူနိုင်ငံ၌ မူလနိုင်ငံသားဦးရေ ကျဆင်းမှု မရှိစေရေးအတွက် တစ်နှစ်လျှင် ၁၅၀၀၀ မှ ၂၅၀၀၀ အထိ လူဦးရေတိုးရန် အစိုးရက စီစဉ်ထားသည်။ ပီအာရ်လူဦး ရေ တည်ငြိမ်မှုရှိစေရေးအတွက် တစ်နှစ်လျှင် ပီအာရ် ၃၀၀၀၀ ခန့် ထုတ်ပေးလျက်ရှိသည်။

စင်ကာပူနိုင်ငံ၌ အသက်ရှည်သူဦးရေ တိုးပွားလာနေကြောင်း၊ အသက်(၆၅)နှစ်နှင့် အထက် နိုင်ငံသားဦးရေမှာ လွန်ခဲ့သည့်နှစ်က ၁၁ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၁၂ ဒသမ ၄ရာခိုင်နှုန်းရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ဆင်ဟွာ။**



စင်ကာပူ မူလတန်းကျောင်းသူ၊ကျောင်းသားလေးများ ယဉ်ကျေးမှုအနုပညာဘာသာရပ် လေ့လာသင်ယူကြစဉ်။


DAGON CITY 1
Makes Myanmar More Beautiful
FIRST TWO TOWERS ARE FULLY RESERVED
NEW TOWERS WITH PAGODA VIEW FOR RESERVATION!
Exclusively at the Dagon City 1 Grand Opening:
All attendees are welcome to join our lucky draw.
OWN A PIECE OF PRESTIGE AND
GET A CHANCE TO WIN A MERCEDES BENZ
September 27 th 9:00 a.m.
Also featuring Dagon City 1 Brand Ambassador Eindra Kyaw Zin, Lucky Draws and Many More Surprises!
Pre-registration required
Call +95 9 2544 28883 to reserve a seat !
Dagon City 1 ၏ ဖွင့်ပွဲ အခမ်းအနား တွင်
ကြွရောက်လာသော လူကြီးမင်းများအားလုံး
ပါဝင်ဆင်နွှဲနိုင်မည့် အထူးကံစမ်းမဲ
အစီအစဉ်များ ပါဝင်ပါသည်။
အဆင့်မြင့် အိမ်ယာများကို ပိုင်ဆိုင်ရယူပြီး
Mercedes Benz ရရှိနိုင်မည့် အထူးအခွင့်အရေး
၂၇ ရက်နေ့ စက်တင်ဘာလ ၂၀၁၄
နံနက် ၉:၀၀
Premium Partners:
DEVELOPED BY MARGA LANDMARK
Mercedes-Benz
WIN
MERCEDES BENZ
2014 C-CLASS
NEW MODEL
DEVELOPED BY MARGA LANDMARK
DAGON CITY 1
GALLERY SHOWROOM ADDRESS:
U Htaung Bo Circle, No. 61, 63, Zoological Garden Road,
Dagon Township, Yangon.
WWW.DAGONCITY1.COM



# ပုသိမ် ရွှေမုဋ္ဌောစေတီတော်တွင် ဗုဒ္ဓစွယ်တော်ပွားနှင့် ရွှေကျောင်းဆောင်ကိန်းဝပ်စံပယ်

**နေပြည်တော် စက်တင်ဘာ ၂၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ဗုဒ္ဓစွယ်တော်တိုက်ဆရာတော်က ဓမ္မလက်ဆောင်အဖြစ် လှူဒါန်းသည့် ဗုဒ္ဓစွယ်တော်ပွားနှင့် ရွှေကျောင်းဆောင်သည် စက်တင်ဘာ ၁၉ရက်တွင် ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၌ တစ်ညတာ ကိန်းဝပ်စံပယ်တော်မူခဲ့သည်။ အဆိုပါ ဗုဒ္ဓစွယ်တော်ပွားနှင့် ရွှေကျောင်းဆောင်ကို စက်တင်ဘာ ၂၀ ရက် နံနက် ၅ နာရီခွဲတွင် အနေကဇာတင်အခမ်းအနားကျင်းပခဲ့ပြီး စွယ်တော်ပွားပင့်ဆောင်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်ဌေးနှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မှ ဝတ်အသင်းအဖွဲ့များက ရန်ကုန်မြို့မှ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ ဆက်လက်ပင့်ဆောင်ခဲ့သည်။

ဗုဒ္ဓစွယ်တော်ပွားနှင့် ရွှေကျောင်းဆောင်ပင့်ဆောင်ရာ လမ်းတစ်လျှောက် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၊ ပန်းတနော်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်နှင့် ကန်ကြီးထောင့်မြို့နယ်တို့ရှိ ရပ်ကွက်/ကျေးရွာများမှ ဒေသခံပြည်သူများ၊ ဝတ်အသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများက ဗုဒ္ဓစွယ်တော်ပွားအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများထည့်ဝင်လှူဒါန်းကြသည်။

ထို့နောက် ဗုဒ္ဓစွယ်တော်ပွားနှင့် ရွှေကျောင်းဆောင်သည် ညနေ ၆ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ ရောက်ရှိပြီး ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များခြံရံကာ ပုသိမ်မြို့တွင်း၌ လှည့်လည်အပူဇော်ခံခဲ့သည်။ ယင်းနောက် ဗုဒ္ဓစွယ်တော်ပွားအား ထားရှိပူဇော်မည့် ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီတော်သို့ ပင့်ဆောင်လာခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ရွှေမုဋ္ဌောစေတီတော်ဂေါပကအဖွဲ့များက ကြိုဆိုဖူးမြော်ကြည်ညိုကာ ကိန်းဝပ်စံပယ်တော်မူမည့် တန်ဆောင်းအတွင်းသို့ ပင့်ဆောင်၍ အပူဇော်ခံထားရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(သတင်းစဉ်)**

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက်က ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေး ရဲတပ်ဖွဲ့(နေပြည်တော်)မှ တပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ဝင်းအောင် ဦးစီး၍ အရာရှိ/အခြားအဆင့်(၁၇)ဦးတို့က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံတွင် စုပေါင်းသွေးလှူဒါန်းကြစဉ်။** (၅၁၅)



# ကူးစက်မြန် အီဘိုလာဗိုင်းရပ်စ်ရောဂါ သတိပေးနှိုးဆော်ချက်

- ✳ အီဘိုလာဗိုင်းရပ်စ်ရောဂါသည် ကူးစက်မြန်ရောဂါတစ်မျိုးဖြစ်ပြီး ကုသရန်ခက်ခဲသည့်အပြင် ရောဂါပြန့်ပွားမှုအား ထိန်းချုပ်ရန်ခက်ခဲသော ရောဂါဖြစ်ပါသည်။
- ✳ ယခုအခါ အာဖရိကအနောက်ပိုင်းဒေသရှိ Guinea, Liberia, Nigeria, Sierra Leone နှင့် Congo နိုင်ငံတို့တွင် ရောဂါကူးစက်ဖြစ်ပွားနေပြီး ရောဂါဖြစ်ပွားသူများ၏ (၉၀)ရာခိုင်နှုန်း အသက်ဆုံးရှုံးနိုင်ပါသည်။

**အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်နိုင်သောနည်းလမ်းများ**

- ✳ အီဘိုလာဗိုင်းရပ်စ်ရောဂါသည် ရောဂါပိုးရှိသော လူ(သို့မဟုတ်) တိရစ္ဆာန်၏ တံတွေး၊ သွေး၊ ခန္ဓာကိုယ်မှ ထွက်သော အရည်တို့နှင့် တိုက်ရိုက်ထိတွေ့ကိုင်တွယ်ခြင်း၊
- ✳ အဆိုပါသွေးနှင့် ခန္ဓာကိုယ်မှ အရည်များထိတွေ့ထားသော အရာဝတ္ထုများနှင့် ထိတွေ့ကိုင်တွယ်ခြင်းတို့မှ ကူးစက်နိုင်သည်။
- ✳ **ဆားစ်၊ လူတုပ်ကွေးကပ်ရောဂါ၊ $H_7N_9$ ကြက်ငှက်တုပ်ကွေးရောဂါ၊ မားစ် ပြင်းထန်အဆုတ်ရောင်ရောဂါ (MERS-CoV) တို့ကဲ့သို့ လေထဲမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါမဟုတ်ပါ။**
- ✳ အီဘိုလာရောဂါသည် လေ၊ ရေ၊ အစားအစာတို့မှတစ်ဆင့် မကူးစက်နိုင်ပါ။
- ✳ **ယခုအချိန်အထိ အီဘိုလာဗိုင်းရပ်စ်ရောဂါကို ကာကွယ်ကုသရန် ဆေးမရှိသေးပါ။ ရောဂါမဖြစ်ပွားရန် ကာကွယ်ရန် အရေးကြီးပါသည်။**
- ✳ ရောဂါပိုးရှိသော လူနာနှင့် တိရစ္ဆာန်တို့၏ တံတွေး၊ သွေး စသော ခန္ဓာကိုယ်အရည်များအား ကိုင်တွယ်ထိတွေ့သူများတွင် အဓိကရောဂါ ကူးစက်နိုင်ခြေရှိသဖြင့် ကာကွယ်သည့်နည်းလမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

**အီဘိုလာဗိုင်းရပ်စ်ရောဂါသံသယလက္ခဏာများ**

အီဘိုလာဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားနေသောနိုင်ငံများ အထူးသဖြင့်(အနောက်အာဖရိကနိုင်ငံများ)သို့ သွားရောက်ခဲ့သူများ(သို့မဟုတ်)နိုင်ငံတကာခရီးသွားသူများ၊ ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါလူနာအား တိုက်ရိုက်ပြုစုကုသထိတွေ့ကိုင်တွယ်ခဲ့သူများ၊ ရောဂါရှိသော တောရိုင်းတိရစ္ဆာန်များအား ထိတွေ့ကိုင်တွယ်သူများတွင်-

- ✳ ဖျားခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ ကြွက်သားနှင့် အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာမျိုရခက်ခြင်း၊ အသက်ရှူရခက်ခြင်း၊ ကြို့ထိုးခြင်း၊ အန်ခြင်း၊ အရည်ဝမ်းသွားခြင်း၊ ဗိုက်နာခြင်း၊
- ✳ အီဘိုလာဗိုင်းရပ်စ်ပိုးသည် အသည်းနှင့်ကျောက်ကပ်များ ပျက်စီးနိုင်သဖြင့် ခန္ဓာကိုယ်အတွင်းနှင့် အပြင် သွေးယိုထွက်မှုရှိခြင်းကြောင့် အသက်အန္တရာယ်ဖြစ်နိုင်ပါသည်။

**အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်မှုမရှိစေရေး ကာကွယ်ရန်နည်းလမ်းများ**

၁။ တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုပြုပါ။
၂။ လက်ကို ရေနှင့်ဆပ်ပြာဖြင့် မကြာခဏ ဆေးကြောပါ။
၃။ ရောဂါပိုးရှိသူ၏ သွေးနှင့် ၎င်းခန္ဓာကိုယ်မှထွက်သော အရည်များအား ထိတွေ့ကိုင်တွယ်ခြင်းမပြုရ။
၄။ ရောဂါပိုးရှိသော လူ၊ တိရစ္ဆာန်တို့၏သွေးနှင့် ၎င်းခန္ဓာကိုယ်မှထွက်သောအရည်များရှိနိုင်သည့် အရာဝတ္ထုပစ္စည်း၊ ခုံများ၊ စားပွဲများ၊ အိပ်ရာ၊ လှေကားလက်ရန်း၊ နံရံစသည်တို့အား ထိတွေ့ကိုင်တွယ်ခြင်းမပြုရ။
၅။ အထူးသဖြင့် အီဘိုလာဗိုင်းရပ်စ်ရောဂါကူးစက်ဖြစ်ပွားသော နိုင်ငံများသို့ သွားရောက်ခဲ့သူများနှင့် နိုင်ငံတကာ ခရီးသွားသူများတွင် အောက်ဖော်ပြပါ သံသယလက္ခဏာများဖြစ်ပေါ်လာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ ဆေးကုသမှုခံယူပါ။

**ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နုံးချည့်ခြင်း၊ လည်ချောင်းနာခြင်း၊ အရည်ဝမ်းသွားခြင်း၊ အန်ခြင်း၊ ခန္ဓာကိုယ်အတွင်းနှင့်အပြင် သွေးယိုထွက်မှုရှိခြင်း။**

၆။ အထက်ပါ သံသယလက္ခဏာဖြစ်ပွားသူများတွေ့ရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ပါ။
၇။ နိုင်ငံခြားသို့ ခရီးသွားရောက်ရန် အစီအစဉ်ရှိပါက ရောဂါဖြစ်ပွားကူးစက်နေသည့်နိုင်ငံများသို့ သွားရောက်ခြင်းကို ရှောင်ကြဉ်ပါ။
၈။ ရောဂါဖြစ်ပွားကူးစက်လျက်ရှိသော နိုင်ငံများမှ မြန်မာနိုင်ငံတွင်း ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် ကျန်းမာရေးဌာနများသို့ ဆက်သွယ်သတင်းပေးပို့ပြီး ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ အကြံဉာဏ် ရယူဆောင်ရွက်ပါ။

**ကျန်းမာရေးဝန်ကြီးဌာနမှ အီဘိုလာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ကုသထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ သတိပေးနှိုးဆော်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။**

**ကျန်းမာရေးဝန်ကြီးဌာန**

ခေတ်ရွှေဆောင်
၀၉ ၄၄၉၂၅၀၁၉၁၊ ၀၁-၇၁၀၀၈၂
၀၉ ၄၂၀၀၅၂၇၈၊ ၀၉ ၅၀၇၃၄၄၅
အင်းလေးဖောင်တော်ဦးဘုရားပွဲ ၊ လွိုင်ကော်-တောင်ကွဲစေတီ၊ ကလော၊ ပင်းတယ၊ ထမ်းစမ်း၊ မွှေတော်ကက္ကူ၊ နေပြည်တော်(၇)ရက်၊ ထားဝယ်ရှင်ကိုးရှင်၊ နှစ်ကိုယ်ရှစ်ဆူပွဲ(၇)ရက်၊ ခရီးစဉ်တိုင်း-စက်လှေ+ထမင်းကျွေး+တည်း(ငြိမ်း)-၅၀၀၀ဝိ/-
Oct-7 Nov-3 ထွက်မည်

အရောက်ပို့သက်န်း
သုခချမ်းသာသင်္ကန်းတိုက်
☎ :01-512443, 09-73017656, 09 32380867

တက္ကသိုလ်ဝင်တန်း ပညာဒါန အခမဲ့
၂၀၁၄-၁၅ ပညာသင်နှစ် (၁၀-တန်း) တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် မည်သူမဆို တက်ရောက်နိုင်သည်။
ဘာသာရပ်တစ်ခုချင်း ဝါရင့်ဆရာ/ဆရာမကြီးများ သင်ကြားပို့ချမည်။
၁ ပတ် ၆ ရက်တက်၊ (၅) လပြတ်သင်တန်း
ပို့ချချက်၊ မှတ်စု အပြည့်အစုံပံ့ပိုးမည်၊ မည်သည့်အခကြေးငွေမှပေးရန်မလို
အောက်တိုဘာ(၁)ရက်နေ့ သင်တန်းစမည်။ သင်တန်းဝင်ခွင့်ပုံစံလက်ခံပြီ။
သင်တန်းတည်နေရာ
သင်တန်းအချိန် မွန်းလွဲ ၁း၃၀ မှ ညနေ ၆း၀၀ နာရီ
ကျိုလီယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့မှ ဦးစီးသော အဖွားများသုခရိပ်သာ
အမှတ်(၁)၊ သုခလမ်း၊ ခ-ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၇၇၄၇၃၊ ၈၅၅၁၁၉၁၊ ၀၉၂၅၉၂၉၁၅၅၃၊ ၀၉၂၅၉၂၉၁၅၅၄၊ ၀၉၃၂၃၄၃၀၂၄

ရွှေပိုးနန်းတော်
ပိုးထည်၊ ချည်ထည်နှင့် ပွဲထိုင်ဇာအမျိုးမျိုး
ရွှေပိုးနန်းတော်(၂)နှစ်ပြည့် ဝါကျွတ်အထူးPromotionတွင်
ပျော်ရွှင်စွာဈေးဝယ်ရင်း လက်ဆောင်များရယူပါ. . .
- (၆)မျိုး (၆)စုံ ၆၉၀၀၀ကျပ်
- သတို့သမီးအတွက်ဝယ်လျှင် သတို့သားအတွက်လက်ဆောင်
- ပိုး(၁)ထည်ဝယ် ပိုး(၁)ထည်လက်ဆောင်
- ကွန်ပျူတာပန်းထိုး(၁)ထည်ဝယ် ကွန်ပျူတာပန်းထိုး(၁)ထည် လက်ဆောင်
- ချိတ်(၁)ထည်ဝယ် ချိတ်(၁)ထည် လက်ဆောင်
- ပွဲထိုင်ဇာဝယ်လျှင် ချိတ်(၁)ထည် လက်ဆောင်
ဆိုင်(၁)- အမှတ်(၂၈၁-အေ)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ဟိုတယ်ရွှေဂုံတိုင်အနီး၊ ဗဟန်းမြို့နယ်။ ဖုန်း-၀၉-၃၆၂၂၃၇၄၁။
ဆိုင်(၂)- အမှတ်(၉၆)၊ မြေညီ၊ ဆ/ကရပ်ကွက်၊ လေးထောင့်ကန်လမ်းမပေါ်၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၇၃၁၂၆၂၈၁။
ဆိုင်(၃)- အမှတ်(၁၁၅)၊ ရွှေတောင်တန်းလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်။ ဖုန်း- ၀၉-၄၂၁၁၀၅၅၆၃။
ဆိုင်(၄)- အမှတ်(၅+၆)၊ ၂၆လမ်း၊ ၆၄ - ၆၅ကြား၊ မန္တလေးမြို့။ ဖုန်း-၀၉၃၆၂၂၃၇၄၂။
ဆိုင်(၅)- အမှတ်(၁၉၃)၊ ပ-ကွင်း၊ သပြေကုန်းဈေး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ ၀၉-၄၉၃၁၀၄၄၄၊ ၀၆၇-၄၃၂၈၉၉။
ဆိုင်(၆)- အမှတ်(၉၅-ခ)၊ လမ်းမတော်လမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့။ ဖုန်း-၀၉-၂၅၉၂၈၁၈၈၇။
ဆိုင်(၇)- သီရိပစ္စယာ(၄)ရပ်၊ အမှတ်(၄)ရပ်ကွက်၊ ညောင်ဦးမြို့။ ဖုန်း- ၀၉-၂၅၉၂၈၁၈၈၉။

# သထုံမြို့တွင် စပါးဖျက်ပိုးများအန္တရာယ်ကာကွယ်ရန် မီးထောင်ချောက်များဖြင့် ကာကွယ်မှုပြုလုပ်

**သထုံ၊ စက်တင်ဘာ ၂၅**

သထုံမြို့နယ်အတွင်းရှိ စပါးစိုက်ခင်းများအတွင်း ကျရောက်တတ်သော ဖျက်ပိုးများအန္တရာယ် ကာကွယ်နိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စက်တင်ဘာ ၂၂ ရက် ညနေ ၆ နာရီက သထုံ-မော်လမြိုင်ကားလမ်းနံဘေး ဝဲယာနှစ်ဖက်ရှိ လယ်ကွင်းများတစ်လျှောက် မီးရောင်ထောင်ချောက်များကို လိုက်လံထွန်းညှိပေးမှုများရှိခဲ့ကြောင်း သိရသည်။

"မီးထောင်ချောက်ကို ညအချိန် ရေစပ်နားမှာ ထွန်းညှိရတာပါ။ အဓိကကတော့ ဆစ်ပိုးကျရောက်မှုကို ကာကွယ်ပြီးတော့ လောင်မီးပိုးနဲ့ အခြားဖျက်ပိုးတွေအတွက် လည်း အသုံးဝင်ပါတယ်။ ဒီလိုလုပ်တဲ့အတွက်ကြောင့် တောင်သူတွေ စပါးအထွက်နှုန်း တိုးတက်ဖို့အတွက် ဒါတွေကအထောက်အကူ ဖြစ်စေမှာပါ"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးစိန်မောင်းက ပြောသည်။

အဆိုပါမီးရောင်ထောင်ချောက်ထွန်းညှိရာသို့ သထုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ ခရိုင်စိုက်ပျိုးရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်၊ စိုက်ပျိုးရေးဌာနဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ခဲ့ကြပြီး လမ်းဘေးဝဲယာတစ်လျှောက်တွင် မီးရောင်ထောင်ချောက်တိုင်ပေါင်း ၃၀၀ ကို ထွန်းညှိပေးခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**



# နှစ်ရှည်ပင်များစိုက်ပျိုး၍ တောင်သူများ နှစ်စဉ်အပိုဝင်ငွေရ

**ဖဲ၊ စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၊ စွန်တက်ကျေးရွာတွင် နေထိုင်သော ဒေသခံတောင်သူများမှာ ရေရှည်စီးပွားရေးတစ်ရပ်အနေဖြင့် နှစ်ရှည်သီးနှံပင်များကို အဓိကစိုက်ပျိုးလျက်ရှိရာ နှစ်စဉ်ဝင်ငွေကောင်း၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ချင်းတောင်တန်းပေါ်တွင်ရှိသော စွန်တက်ကျေးရွာသည် ရိုးသားသော ချင်းတိုင်းရင်းသားများ အေးချမ်းစွာနေထိုင်လျက်ရှိရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ရပ်အဖြစ် ရာသီပေါ် ကောက်ပဲသီးနှံများသာမက မိမိတို့ပိုင်ဆိုင်သော ဥယျာဉ်ခြံမြေများပေါ်တွင် နှစ်ရှည်သီးနှံပင်များဖြစ်သော သံပရာသီး၊ ကမ္ဘလာသီး၊ လိမ္မော်သီး၊ ရှောက်ပန်းသီး စသည့် သီးနှံပင်များကို လှေကားထစ်ပုံစံပြုလုပ်စိုက်ပျိုးခဲ့ရာ ဖြစ်ထွန်းအောင်မြင်၍ နှစ်စဉ်အပိုဝင်ငွေများလည်း ရရှိကြကြောင်း သိရသည်။

"အဓိကစိုက်ပျိုးပြီး ရောင်းချရတာကတော့ သံပရာသီးပါ။ တစ်ဧကကို အပင် ၂၅၀ ထိ စိုက်ပျိုးလို့ရတယ်။ အပင်သန်တုန်းမြန်တုန်းဆိုရင် တစ်ပင်ကို အလုံး ၅၀၀၀ လောက်သီးတယ်။ ဒေသပေါက်ဈေးက တစ်လုံး ၁၀ ကျပ် ရောင်းရတယ်။ အလုံးကြီးရင်တော့ ဈေးတစ်မျိုးရတာပေါ့။ မင်းဘူးနဲ့ ရန်ကုန်ထိ နှစ်တင်းဝင်အိတ်နဲ့ထည့်ပြီး တင်ပို့ရောင်းချရတယ်။ သယ်ယူစရိတ်အနေနဲ့တော့ ရွာကနေ ကားလမ်းအထိ အလုံးရေ ၂၂၀၀ ဆံ့ အိတ်တစ်အိတ်ကို လူသယ်ခ ကျပ် ၇၀၀ ပေးရပြီး မင်းဘူးမြို့ထိ ကားခ ကျပ် ၂၀၀၀ ကုန်ကျတယ်။ တစ်ပင်ကို ၁၅ နှစ်၊ နှစ် ၂၀ ထိ သက်တမ်းရှည်တော့ ဧကများများစိုက်နိုင်လေ အကျိုးရှိလေပါပဲ။ ကျွန်မတို့ကတော့ ဘိုးဘွားပိုင် ယာမြေနှစ်ဧကထဲမှာပဲ အပင် ၅၀၀ လောက် စိုက်ပျိုးနိုင်တာကြောင့် ဈေးကောင်းရတဲ့နှစ်ဆိုရင် တစ်နှစ်ကို သိန်း ၂၀ ကနေ ၃၀ ထိ အပိုဝင်ငွေရရှိပါတယ်" ဟု ဥယျာဉ်ခြံမြေစိုက်ခင်းပိုင်ရှင် ဒေါ်ပမယ်က ပြောသည်။ တောင်တန်းပေါ်တွင်ရှိသော ကျေးရွာဖြစ်သည့်အတွက် ယခင်က စိုက်ပျိုးရေနှင့် သောက်သုံးရေရှားပါးသည့်ဒဏ်ကို ခံစားခဲ့ရသော်လည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးခွင့်ပြုရန်ပုံငွေကျပ်သိန်း ၃၀ နှင့် ပြည်သူများပါဝင်ငွေကျပ် သုံးသိန်း စုစုပေါင်း ကျပ် ၃၃ သိန်း အကုန်အကျခံ၍ အရှည်ပေ ၈၅၀၀ နှစ်လက်မ PVC ပိုက်များဖြင့် စိမ့်စမ်းရေသွယ်တန်းခြင်းများကို ပြုလုပ်ဆောင်ရွက်ပေးခဲ့သဖြင့် စွန်တက်ကျေးရွာရှိ အိမ်ခြေ ၇၆ လုံး၊ လူဦးရေ ၃၇၄ ဦး သောက်သုံးရေရရှိခဲ့ပြီး အကျိုးရှိရှိ ကောင်းစွာလုပ်ဆောင်လာနိုင်ကြောင်း သိရသည်။

**မိုင်ဂေ(မကွေး)**

# သဘာဝပတ်ဝန်းကျင်စီမံးလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဆီဆိုင်၌ကျင်းပ

**ဆီဆိုင်၊ စက်တင်ဘာ ၂၅**

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ဆီဆိုင်မြို့နယ်၊ ပင်စုံကျေးရွာအုပ်စု၊ ဝါးခရာကျေးရွာ မြောက်ဘက်၌ ၂၀၁၄ ခုနှစ် မိုးရာသီတွင် Special Tree Planting Ceremony သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

၎င်းအခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်းနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်ကျော်သိန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးပေါ်မောင်က သစ်ပင်စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပျဉ်းကတိုးပင် ၁၅၀၀၊ ယူကလစ်ပင် ၂၀၀၊ မဟော်ဂနီပင် ၂၀၀၊ ထင်းရှူးပင် ၁၀၀ ဖြင့်ပျိုးပင်ပေါင်း ၂၀၀၀ ခန့်ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရွာသူရွာသားများပါဝင်သော အင်အား ၃၇၀ တို့က စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# ဆင်ဘိုတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ဆင်ဘို၊ စက်တင်ဘာ ၂၅**

မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ မိုးပွင့်အဆင့်(၆) စီမံချက်အဖြစ် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်မှု အခမ်းအနားကို စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ဆင်ဘိုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ပေးအပ်ပွဲ အခမ်းအနားတွင် မြို့နယ်ရဲစခန်းမှူးရဲအုပ် ဦးထင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထောင်းခေါင်နှင့် ဝန်ထမ်းများက မိုးပွင့်အဆင့်(၆)စီမံချက်အရ အသက် ၁၀ နှစ်ပြည့်ပြီးသူ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၈၇ ဦးအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘားအံမြို့နယ် ဇာသပြင်ကျေးရွာတွင် မိုးပွင့်အဆင့်(၆)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်

**ဘားအံ၊ စက်တင်ဘာ ၂၅**

ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန NRC အဖွဲ့၏ ထောက်ပံ့ပေးမှုဖြင့် မိုးပွင့်အဆင့်(၆) နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဇာသပြင်ကျေးရွာ(အနောက်)ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်နယ် မွန်တိုင်းရင်းသားရေးရာဝန်ကြီး ဦးနိုင်ချစ်ဦးက အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဇော်အောင်က မိုးပွင့်အဆင့်(၆) စီမံချက်နှင့်ပတ်သက်၍ နိုင်ငံသားဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ်မွန်တိုင်းရင်းသားရေးရာ၊ ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ်ညွှန်ကြားရေးမှူးနှင့် မြို့နယ်လဝကမှူးတို့က ပေးအပ်ခဲ့ကြသည်။

အဆိုပါ မှတ်ပုံတင်ပေးအပ်ပွဲတွင် ကျေးရွာနေ တိုင်းရင်းသားပြည်သူ ၁၃၆ ဦးအား နေ့ချင်းပြီး အခမဲ့ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းနှင့် ကရင်ပြည်နယ်တွင် မိုးပွင့်အဆင့်(၁)စီမံချက်ကို ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှ စတင်ခဲ့ပြီး မိုးပွင့်အဆင့်(၅) စီမံချက်အထိ လူဦးရေ ၁၂၃၅၃၄ ဦးကိုလည်းကောင်း၊ မိုးပွင့်အဆင့်(၆)စီမံချက်ကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁၇ ရက်မှ စက်တင်ဘာ ၂၂ ရက်အထိ လူဦးရေ ၉၉၆၄ ဦးကိုလည်းကောင်း မိုးပွင့်စီမံချက်များဖြင့် စုစုပေါင်းလူဦးရေ ၁၃၃၄၉၈ ဦးကို အခမဲ့ နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုနေ(ပြန်/ဆက်)**

မြန်မာ့ခရီး 09-421057076 09-30224802
တောင်တော်ဦးဆုရားဖွင့်ပွဲဆင်နွှဲ အထူးခရီးစဉ် (ဖူးဆော်မှုထံစီး)
(ကလော-ပင်းတယ-အင်းလေး-တောင်ကြီး) Oct 3,10,24 Nov 5 နေ့များထွက်ပါမည်။
facebook တွင် အခမဲ့လိုက်ပါခွင့် (၁) ဦး၊ (၅၀)% သက်သာခွင့် (၂)ဦး၊ (၃၀)% သက်သာခွင့်(၅)ဦး။ အစီအစဉ် ရှိပါသည်။ Sep 26 တွင် ကံထူးသူများအား fb တွင် ကြေငြာပေးသွားမည် ဖြစ်ပါသည်။
facebook: Wanderlust Myanmar
လက်မှတ် လိုက်ပို့ပေးပါသည်။

သုခလမ်းညွှန် Travels & Tours
ဘုတာရုံလျှော့ဈေး
◆ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော Oct 7 - 150000
◆ ပုဂံ (စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ဝဥက္ကူ Oct 7 - 140000
Hotel (စား/တည်း/ငြိမ်း) Scania Coach (VIP Class)
Ph - 01 539459, 09 259370001- 5, 09 330220373

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/မြို့သစ်၊ မြေကွက်အမှတ်-၂၃၀၊ မြေကွက်တည်နေရာအမှတ်(၂၇၅)၊ ရတနာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးမြသောင်း [၁၂/ဒပန(နိုင်)၀၁၅၁၂၉]၊ ဦးဝင်းတင်[၁၂/ဒပန(နိုင်)၀၁၄၈၆၁]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးမြသောင်း(ဖခင်)နှင့် ဒေါ်သန်းရီ(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သမီးဖြစ်သူ မဇင်မာဝင်း [၁၂/ဒပန(နိုင်)၀၀၉၈၅၄]နှင့် ကျန်အမည်ပေါက် ဦးဝင်းတင်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်အေးညို[၁၂/ဒပန(နိုင်)၀၁၄၈၆၂]တို့ ပူးတွဲလျှောက် ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထား များဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ အမှတ်(၅)ရပ်ကွက်(အလယ်ပိုင်း)၊ (၆/၇)လမ်းကြား၊ အမှတ်(၁၉)ဟုခေါ်တွင်သော အကွက်အမှတ်(၇ M2)၊ ဦးပိုင်အမှတ်(ပ/၃)ရှိ (၀.၄၁)ဧကနှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင်ပိုင်ဆိုင်နေထိုင်သူ ဒေါ်အေးအေးမြင့်၊ မှတ်ပုံတင်အမှတ်-၁၄/မအပ(နိုင်)၀၀၅၅၆၂ ကိုင်ဆောင်သူမှ ရောင်းချရန် အဆိုပြုကမ်းလှမ်းသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေ ဦးစန်းယုအောင်မှ ဝယ်ယူရန်အတွက် စရံငွေတစိတ်တဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်အိအိထိုက်(LL.B) | ဦးမျိုးနိုင်(LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| အမှတ်(၄၉၃)၊ အခန်း(၁)၊ နဂါးရုံဘုရားလမ်း၊ | အမှတ်(၈၅)၊ ခိုင်သော်တာလမ်း၊ |
| (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ | (၆)ရပ်ကွက်၊မအူပင်မြို့။ |
| ဖုန်း -၀၉-၄၉၃၄၄၃၉၃ | ဖုန်း-၀၉-၄၉၇၅၁၈၀၈ |

## " ကန့်ကွက်နိုင်ပါသည် "

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၉(က)၊ မြေကွက်အမှတ်-၃၈ရ(က)၊အကျယ်အဝန်း(၂၀'×၆၀')၊ ဧရိယာ(၀.၀၂၈)ဧက (၁၂၆၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသန်းအောင်အမည်ပေါက်တည်ရှိပြီး ဒေါ်မြင့်မြင့်အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့၍ ယခုအခါ ဒေါ်မြင့်မြင့်ကွယ်လွန်ပြီးနောက် ၎င်း၏ခင်ပွန်းဦးခင်မောင်ထွန်း(၁၂/အလန(နိုင်)၀၃၀၅၀၁)နှင့် သားများဖြစ်သည့် ဦးအောင်မြင့်ထွန်း(ခ) အောင်အောင်၊ ဦးနေမျိုးထွန်း(ခ)နောင်နောင်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်စရံငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စကို ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်လှလှနွယ် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၇၈၇)
တိုက်အမှတ် (၉/၁၀)၊ အခန်း (၁၀၃-E)၊ ၃၆-လမ်းထိပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁၃၉၃၇၅။

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၁၇၊ မြေကွက်အမှတ်-၁၈၈၅/ခ၊ ဦးအောင်သိန်း အမည်ပေါက်ပါမစ်မြေကို အရပ်စာချုပ် အဆက် အစပ်ဖြင့် ဝယ်ယူပြီး လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးခင်မောင်ထွေး[၁၂/လသန(နိုင်)၀ ၀၄၀၆၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်စိုးစိုးမာ[၁၂/ဥကတ(နိုင်)၁၀၉၉၀၂]က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
| ဒေါ်စိုးစိုးမာ | ဒေါ်တင်တင်ဆွေ (**LL.B,D.B.L.,D.I.L**) |
| [၁၂/ဥကတ(နိုင်)၁၀၉၉၀၂] | အထက်တန်းရှေ့နေ(စဉ်-၃၂၂၈၉) |
| | အမှတ်-၁၇၈၊ ၃၅လမ်း၊ |
| | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| | ဖုန်း-၀၉၄၃၁၁၁၅၀၇ |

# ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ရေစကြိုမြို့တွင် ရှောင်တခင်စစ်ဆေး

**ရေစကြို၊ စက်တင်ဘာ ၂၅**

ရေစကြိုမြို့နယ်အတွင်းရှိ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို တာဝန်ရှိသူများက စီမံချက်ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသော်လည်း စည်းကမ်းလိုက်နာသူအချို့သာရှိပြီး အများစုမှာစည်းကမ်းလိုက်နာမှု အားနည်းနေသေးကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အနေနဲ့ အခုဆိုရင် ရပ်ကွက်တွေမှာသာမက စာသင်ကျောင်းတွေကိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ပရိုဂျက်တာများနဲ့တကွ ဟောပြောပညာပေးဆောင်ရွက်မှုကို တစ်လနှစ်ကြိမ် ပြုလုပ်ပါတယ်။ နောက်ပြီးလမ်းဆုံတွေမှာ မကြာခဏစစ်ဆေးပညာပေးမှုတွေပြုလုပ်ပါတယ်။ ဒါ့ပြင်ယာဉ်မတော်တဆမှုကြောင့် ကြုံတွေ့တဲ့အန္တရာယ်တွေကို လက်ကမ်းစာစောင်တွေ ကျေးလက်အရောက်ဖြန့်ဝေပြီး အများပြည်သူ ယာဉ်အန္တရာယ်ကင်းရှင်းစေဖို့ ဆောင်ရွက်နေပေမယ့်လိုက်နာမှု အားနည်းပြီး ယာဉ်မတော်တဆမှုတွေ တိုးပွားနေပါတယ်"ဟု ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သို့အတွက် စက်တင်ဘာ ၂၃ ရက် နံနက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်ဆွေ၏ ညွှန်ကြားမှု နှင့်အညီ မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီနှင့် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးတပ်ဖွဲ့တို့ ပူးပေါင်း၍ မြို့အဝင်လမ်းဆုံတွင် ဆိုင်ကယ်စီးဦးထုပ် မဆောင်းသူများ၊ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင် မရှိသူများ၊ နှစ်ဦးနှင့်အထက် စီးနင်းမောင်းနှင်သူများကို ရှောင်တခင်စစ်ဆေး၍ သတ်မှတ်စည်းကမ်းဖောက်ဖျက်သူများအား မြို့နယ်တရားရုံးသို့ ပို့ဆောင်တရားစွဲ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအခါ ရေစကြိုမြို့နယ်အတွင်း၌ လူဦးရေတိုးပွားလာမှုနှင့်အတူယာဉ်အမျိုးမျိုးလည်း နေ့စဉ်နှင့်အမျှ တိုးပွားလာလျက်ရှိရာ လူဦးရေနှင့်ယာဉ်အမျိုးမျိုးတို့ကြောင့်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းခြင်းများကို ရှောင်တခင်စစ်ဆေးခြင်းများပြုလုပ်လျက်ရှိသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

## တောင်ငူမြို့မြတ်စောညီနောင်စေတီတော်ကြီး၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**တောင်ငူ၊ စက်တင်ဘာ ၂၅**

အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက တောင်ငူမြို့နယ် အမှတ် (၁၁)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဌာနချုပ်တပ်ခွဲမှူး ယာယီရဲမှူး မိုးကျော်ဟိန်း ဦးဆောင်သော အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများ အပါအဝင် တပ်ဖွဲ့ဝင်အင်အား ၁၀၀ နှင့် မိသားစုဝင်အင်အား ၇၀ တို့ စုပေါင်း၍ တောင်ငူမြို့အရှေ့ ရှစ်မိုင်အကွာရှိ ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်စေတီတော်မြတ်ကြီးရှိ ငါးထပ်ကြီးဘုရားတွင် ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ ဘုရားရင်ပြင်တော် ပတ်ဝန်းကျင်ရှိ အမှိုက်များ လှဲကျင်းခြင်း၊ သစ်ပင်ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်း စသော သန့်ရှင်းရေး လုပ်ငန်းများဖြင့် ကုသိုလ်ပြု စုပေါင်းလုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။ **၁၂၉**

## မြောက်ဥက္ကလာပမြို့နယ်ရှိစစ်မှုထမ်းဟောင်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေများပေးအပ်

**ရန်ကုန်၊ စက်တင်ဘာ ၂၅**

မြောက်ဥက္ကလာပမြို့နယ်ရှိ စစ်မှုထမ်းဟောင်းများ၏ သားသမီးများအား ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းများအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှပညာသင်ထောက်ပံ့ငွေများ ထပ်ဆင့်ပေးအပ်သည့် အခမ်းအနားကို စက်တင်ဘာ ၁၃ ရက်က စစ်မှုထမ်းဟောင်းအဖွဲ့ရုံး ရန်ငြိမ်းအောင်ခန်းမတွင် ကျင်းပခဲ့သည်။

အနာဂတ်မြန်မာနိုင်ငံတော်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် မျိုးဆက်သစ်လူငယ်များ အပါအဝင် တစ်နိုင်ငံလုံး၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံကျသည့် လိုအပ်ချက်ပင်ဖြစ်ကြောင်းအဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌဗိုလ်ကြီး ချစ်ငွေ(ငြိမ်း)ကအဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသွားသည်။ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအားလုံးသည် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်ဆောင်ရွက်နိုင် အောင်ကြိုးစားစေလိုကြောင်း အဖွဲ့ဥက္ကဋ္ဌက ဆက်လက်ပြောသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဗဟိုစည်းရုံးရေးကော်မတီမှ ထောက်ပံ့ပေးသော ပညာသင်ထောက်ပံ့ငွေကျပ် ၅၈၂၀၀၀၀ ကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူ ၃၆၉ ဦးအတွက် မိဘများအား ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ် ပြန်/ဆက်**

## နွားထိုးကြီးမြို့နယ် ကျေးရွာများ၌ မြေပဲခင်းအား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် သရုပ်ပြရိတ်သိမ်း

**နွားထိုးကြီး၊ စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ ထန်းခွကျေးရွာနေ တောင်သူဦးသန်းနိုင်၏ မိုးမြေပဲစံပြစိုက်ကွက်အား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် သရုပ်ပြရိတ်သိမ်းခြင်းကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါ ရိတ်သိမ်းခြွေလှေ့စက်များကို ရွှေဘုန်းကုမ္ပဏီလီမိတက်မှ တောင်သူများထံသို့ ချိုသာသော ဈေးနှုန်းများဖြင့် လက်ငင်းစနစ်၊ အရစ်ကျစနစ်များဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရွှေဘုန်း ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက "အခု ဖြန့်ဖြူးပေးနေတဲ့ ရိတ်သိမ်းခြွေလှေ့စက်များက မြေပဲခင်း တစ်ဧကကို အချိန်တစ်နာရီခွဲသာ ကြာမြင့်ပါတယ်။ စက်များနဲ့ ရိတ်သိမ်းခြွေလှေ့ခြင်းစနစ်က အလုပ်သမား စရိတ်သက်သာပြီး တလင်းပျောက်စနစ်ဖြစ်တာကြောင့် လေလွင့်ဆုံးရှုံးမှု နည်းပါးပါတယ်"ဟု ပြောသည်။

အဆိုပါ ရိတ်သိမ်းခြွေလှေ့ခြင်း သရုပ်ပြပွဲသို့ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးသန်းထွဋ်၊ တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်အောင်၊ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင်းဆန်းနှင့် တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ကျော်၊ မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ ခရိုင်စိုက်/ညီအဖွဲ့ဝင်များ၊ နွားထိုးကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ မြို့နယ်စိုက်/ညီအဖွဲ့ဝင်များ၊ မြင်းခြံခရိုင်အတွင်းရှိ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့နယ်များရှိ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ နွားထိုးကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ ထန်းခွကျေးရွာနေ တောင်သူလယ်သမားများ၊ အနီးပတ်ဝန်းကျင်ကျေးရွာများမှတောင်သူလယ်သမားများ တက်ရောက် ကြည့်ရှုခဲ့ကြသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**


### နေရာကောင်းအမြန်ရောင်းမည်

ပေ(၂၀×၆၀) သုမင်္ဂလာလမ်းမပေါ်၊ ပါရမီနှင့် သစ္စာလမ်းကြား (သီတာရွှေဆိုင်အနီး)၊ တ/ဥက္ကလာ

ပေ(၄၀×၆၀) ရတနာလမ်းမပေါ်၊ ဝေဇယန္တာလမ်းမအနီး၊ တ/ဥက္ကလာ၊ 2BN

အကျိုးဆောင်မလို

ဖုန်း-၀၉၂၅၃၃၇၃၉၁၉

### တိုက်ခန်းအမြန်ရောင်းမည်

မုဒိတာ(၁)၊ ဗဟိုလမ်း၊ မရမ်းကုန်းမြို့နယ်၊ ပေ(၁၅×၄၅) ပါကေးခင်း၊ ဧည့်ခန်း(၁)ခန်း 1MB,1SB, မီးဖိုချောင်၊ ဒုတိယလွှာ၊ ဓာတ်လှေကားပါ သိန်း(၃၉၀) ညှိနှိုင်း။

ဖုန်း-၀၁-၉၆၆၉၀၆၆၊ ၀၉-၂၅၀၁၈၅၈၆၄၊ ၀၉-၄၃၀၆၈၃၅၄

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ ပေ(၆၀×၆၀)ခြံ၊ ဂရန်။
၂။ ပေ(၁၆၀×၆၀) 2RC, 2MBR, 2BR အုတ်ခတ်ပြီး၊ ဂရန်အမည်ပေါက်။
၃။ ပေ(၂၂၀×၆၀) 2RC, 2MBR, 2BR ဂရန် သုနန္ဒာပတ်လမ်းသွယ်၊ မြောက်ဥက္ကလာပ၊ အထပ်မြင့်ဆောက်ရန် နေရာကောင်း

ဖုန်း-၀၉-၃၁၂၇၇၆၈၅၊ ၀၉-၂၅၄၀၃၄၉၈၇


### အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မဂ္ဂင်ကျောင်းလမ်း၊ အမှတ်(၂၆၅)ဟု ခေါ်တွင်သော မြေနှင့်အဆောက်အအုံ၏ ပိုင်ရှင်ဟု အဆိုပြုသူ ဒေါ်ဂျယ်ရာဒင်ဝီလျံ[၁၂/သဃက(နိုင်)၁၃၈၀၁၃]ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေ ဦးထွန်းသီ [၃/ဘအန(နိုင်)၁၅၅၉၇၂]ကိုင်ဆောင်သူမှ ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် သက်ဆိုင်သူများမှ ကျွန်ုပ်ထံ တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မြေနှင့်အဆောက်အအုံကို အပြီးသတ်ဝယ်ယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**၁။ ဦးမြစီ (စဉ်-၄၅၃၄) (LL.B) တရားလွှတ်တော်ရှေ့နေ**

**၂။ ဦးတင်အောင်ကြည် (တောင်သုံးလုံး) (စဉ်-၃၀၇၂၂) (LL.B) အထက်တန်းရှေ့နေ**

**အမှတ်-၇၃၊ အေ-၃၊ အောင်မေတ္တာ(၁)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၇၃၁၆၃၆၈၂၊ ၀၉-၄၂၀၀၁၈၇၃၄**

### ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်းမ၊ အမှတ်(၁၈)၊ ဒုတိယထပ် (ညာဘက်)ဟု ခေါ်တွင်သော (၁၁½ပေ×၉ ပေ×၅၅ပေ) အကျယ်အဝန်းရှိ ရေ၊ မီး အပြည့်အစုံပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်စွာဝင်း[၁၂/ပဇတ(နိုင်)၀၀၄၈၂၅]ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်မ ဒေါ်ခင်သိန်းထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်သိန်း (LL.B) [၁၂/ပဘတ(နိုင်)၀၁၈၆၈၅]**

**အမှတ်-၂၂/အေ၊ ပထမထပ်၊ လမ်း-၉၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

### ဒေါ်နီလာမိုး[၁၄/ပသန(နိုင်)၀၅၇၃၀၀]သိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သစ္စာလမ်း၊ အမှတ်-၁၃၅၊ အခန်း(၁) အရသာ စားသောက်ဆိုင်ပိုင်ရှင်ဖြစ်သူ မလင်းလင်း[၁၃/လရန(နိုင်)၀၅၀၆၉၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေရန်ကြေညာပါသည်။

ယခင် လှိုင်မြို့နယ်၊ သုနန္ဒာလမ်း၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ အမှတ်-၂၉၊ ၅လွှာ၊ အခန်း-၁၈ နေ (ယခုနေရပ်လိပ်စာမသိ)၊ အဖ-ဦးရွှေသိန်း၏သမီးဖြစ်သူ ဒေါ်နီလာမိုးသည် ဦးသန်းထိုက်နှင့် လက်ထပ်ပြီး သမီးမဝတ်ရည်ဦးကို မွေးဖွားခဲ့ပါသည်။ ဦးသိန်းထိုက်မိဘများပိုင်ဆိုင်သည့် ကမာရွတ်မြို့နယ်၊ ဦးထွန်းလင်းခြံလမ်း၊ အမှတ်-၄၀ မြေနှင့် အိမ်ပိုင်ဆိုင်သည့် စာချုပ်စာတမ်းများကို မလင်းလင်းထံတွင် အပ်နှံ၍ ငွေကျပ်သိန်း (၁၂၀)အား ချေးယူခဲ့ပါသည်။ အဆိုပါ ငွေအား ပြန်လည်ပေးဆပ်နိုင်ရန်အတွက် ကန်ထရိုက်တာနှင့် အခန်းပေးအခန်းယူပြုလုပ်၍ (၆)ထပ်တိုက်ဆောက်လုပ်ပြီး ၎င်းရရှိမည့်(၁)ခန်းအား ရောင်းချပြီးသည်နှင့် ငွေအကျေပေးဆပ်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုခဲ့ပါသည်။ မလင်းလင်းမှ ယုံကြည်ပြီး ၎င်းအပ်နှံထားသည့် စာချုပ်စာတမ်းများ ပေးအပ်ပြီး အဆောက်အအုံဆောက်ခဲ့ပါသည်။ အဆောက်အအုံပြီးစီး၍ ၎င်းရရှိသည့်အခန်းအား မလင်းလင်းသို့ အသိမပေးအကြောင်းကြားခြင်းမရှိဘဲ ရောင်းချပြီး တိမ်းရှောင်သွားကြောင်း သိရှိရပါသည်။ ဒေါ်နီလာမိုးမှ မလင်းလင်းအား လိမ်လည်လှည့်ဖြားပြီး ရယူသွားသော ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်ပတ်သက်၍ ရရန်ရှိသည့် ငွေကျပ်သိန်း(၁၂၀)အား ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း လာရောက်ပေးအပ်ရန် တောင်းဆိုပါသည်။ အဆိုပါ ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နေခြည်ဝင့်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၈၄)**

**အမှတ်-၅၆၅၊ အခန်း-၁၀၃/ဒီ၊ MAC Tower၊ ကုန်သည်လမ်း။**

**ဖုန်း-၀၉-၄၂၅၃၂၃၃၉၀**

# မိုးရာသီသစ်ပင် စိုက်ပွဲတော်နှင့် ပညာပေးဟောပြောပွဲ ကျင်းပ

**ဆိပ်ဖြူ၊ စက်တင်ဘာ ၂၅**

ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၊ ရေလယ်ကျွန်းကျေးရွာ မူလတန်းကျောင်းဝင်းအတွင်း ၂၀၁၄ ခုနှစ် Special Tree Planting Ceremony မိုးရာသီသစ်ပင်စိုက်ပွဲတော်နှင့် ပညာပေးဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၂၂ ရက် နံနက် ၇ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက အဖွင့်အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာနမှူး ဦးဝင်းမြတ်က သစ်ပင်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်နှင့်သစ်တောကာကွယ်ရေး အသိပညာပေး ပြောကြားကာ ဒု-ရဲမှူးအောင်စံကျော်က မူးခင်းကျဆင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ ပြုလုပ်ခဲ့ကြကြောင်းသိရသည်။

အခမ်းအနားသို့တက်ရောက်လာကြသော ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရေလယ်ကျွန်းကျေးရွာ မူလတန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ကျေးရွာနေဒေသခံပြည်သူများက ကျောင်းဝင်းအတွင်း Special Tree Planting Ceremony မိုးရာသီသစ်ပင်စိုက်ပွဲတော်အဖြစ် အရိပ်ရသစ်ပင်များဖြစ်သော တမာပင် ၁၀၀၊ ယူကလစ်ပင် ၁၀၀၊ မဲဇလီပင် ၅၀၊ သနပ်ခါးပင် ၅၀၊ ကုက္ကိုပင် ၅၀ စုစုပေါင်း အပင် ၃၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ဖေယျာတု(မကွေး)**



ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့၊ ရွာမရပ်ကွက်၊ အေးငြိမ်းသာဘုန်းတော်ကြီးကျောင်းတွင် စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက မူးခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က အဖွင့်အမှာစကားပြောကြားပြီး ရဲမှူးအောင်သန်းက မူးခင်းမဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ရမည့်အချက်များ၊ ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားနိုင်ရန် သတိထားဖွယ်အချက်အလက်များကို ပြောကြားခဲ့သည်။ အခမ်းအနားတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်သူရပ်ကွက်သား စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- ဝ၇၁

# ညောင်ဦးမြို့နယ်အတွင်းရှိ နဂါးကျစ်ဘိုးဘွားရိပ်သာ နှစ်နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**ညောင်ဦး၊ စက်တင်ဘာ ၂၅**

ညောင်ဦးမြို့တွင် သက်ကြီးရွယ်အိုအဘိုးအဘွားများအတွက် ရိပ်သာတစ်ခုဖြစ်သောနဂါးကျစ်ဘိုးဘွားရိပ်သာမှာယခု၂၀၁၄ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်၍ နှစ်ပတ်လည်အခမ်းအနားကို အဆိုပါ ဘိုးဘွားရိပ်သာ ဓမ္မသုဓ္ဓရခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် နဂါးကျစ်ဘိုးဘွားရိပ်သာကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများကဘိုးဘွားရိပ်သာအတွက် ငွေကျပ်တစ်သိန်းနှင့်အထက် ပဒေသာပင်စိုက်ထူထားသော စေတနာရှင်အလှူရှင်များအား ဂုဏ်ပြုလက်မှတ်များပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့ပြင် နဂါးကျစ်ဘိုးဘွားရိပ်သာ နှစ်နှစ်ပြည့်နှစ်ပတ်လည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ညောင်ဦးမြို့ဇေယျဝတီရပ်နေ မွေးနေ့အလှူရှင် ဦးစိုးလင်းဦးနှင့် ဇနီး ဒေါ်ကေခိုင်ဝင်း (Gold Power) စက်သုံးဆီရောင်းဝယ်ရေးမိသားစုက ကြက်ဆီထမင်းဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။

နှစ်ပတ်လည်အခမ်းအနားတွင် ဖျော်ဖြေရေး အစီအစဉ်အနေဖြင့် ပခုက္ကူမြို့မျက်မမြင်ကျောင်းမှ ချိုတေးလွင်တေးဂီတအဖွဲ့က သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

အဆိုပါ ဘိုးဘွားရိပ်သာတွင် အဘိုး ၁၃ ဦး၊ အဘွားကိုးဦး စုစုပေါင်း ၂၂ ဦးတို့ အေးချမ်းစွာနေထိုင်လျက်ရှိကြောင်းသိရသည်။

ထိုနဂါးကျစ် ဘိုးဘွားရိပ်သာသို့ နေ့စဉ်၊ လစဉ် အာဟာရအလှူရှင်များနှင့် မွေးနေ့အလှူရှင်များကလည်း အဆက်မပြတ် လာရောက်လှူဒါန်းလျက်ရှိကြသည်။

ညောင်ဦးမြို့တွင် သက်ကြီးရွယ်အိုအဘိုးအဘွားများအား သာယာလှပသော ဘဝရရှိစေရန်နှင့် တရားဘာဝနာများ အေးချမ်းစွာ နာယူနိုင်ရန်အတွက် နဂါးကျစ်ဘိုးဘွားရိပ်သာကို ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **ရဲသူရအောင် (ညောင်ဦး)**

# ခင်ဦးမြို့၌ အခြေခံနွားမေထုန်မဲ့သားစပ်သင်တန်းဖွင့်

**ခင်ဦး၊ စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၌ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အခြေခံ နွားမေထုန်မဲ့သားစပ်သင်တန်းဖွင့်ပွဲ (၂/၂၀၁၄) ကို စက်တင်ဘာ ၂၃ ရက် နံနက် ၁၁ နာရီက မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

အဆိုပါ ခင်ဦးမြို့နယ်၌ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အခြေခံ နွားမေထုန်မဲ့သားစပ်သင်တန်းဖွင့်ပွဲ (၂/၂၀၁၄) အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးအောင်မျိုးငြိမ်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေးတို့က အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာလှလှပြုံးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

၎င်းနွားမေထုန်မဲ့သားစပ်သင်တန်းသို့ သင်တန်းသား ၂၀ ဦးတက်ရောက်ပြီး သင်တန်းအား ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**

# ကွမ်းသီးဈေးနှုန်းကောင်းခြင်းကြောင့် ရေးမြို့နယ်ရှိ ကွမ်းသီးခြံများ၌ ကွမ်းသီးမှိုကျမှုအား စစ်ဆေး

**ရေး၊ စက်တင်ဘာ ၂၅**

မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ် သီးနှံကာကွယ်ရေး တာဝန်ခံ ဦးအောင်ဇော်နိုင်နှင့် ရေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်လှလှဝင်းတို့ ပါဝင်သောအဖွဲ့သည် စက်တင်ဘာ ၂၀ ရက်က ကွမ်းသီးမှိုကျရောဂါဖြစ်ပွားနေသော ရေးမြို့နယ်အတွင်းရှိ ဒူးယား၊ သာဂရမ်၊ ငါးမျှားစခန်း၊ ပလိုင်တိန် ကျေးရွာများသို့သွားရောက်၍ ကွမ်းစိုက်တောင်သူ ၁၅ ဦး နှင့်တွေ့ဆုံကာ မှိုစွဲနေသော ကွမ်းသီးခြံများမှ စိုက်ပျိုးမြေ၊ ကွမ်းသီးခိုင်နှင့် မှိုစွဲနေသော ကွမ်းသီးများအား နမူနာရယူကာ နေပြည်တော်ရှိ စိုက်ပျိုးရေးရုံးချုပ်သို့ ပို့ဆောင်၍ ဓာတ်ခွဲ စမ်းသပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွမ်းသီးမှိုရောဂါမှာ ရေးမြို့နယ် အတွင်းရှိ ကွမ်းသီးခြံများတွင် ယခင်နှစ်များကတည်းက ဖြစ်ပွားနေခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ကာကွယ်ရန် နည်းလမ်းများ လမ်းညွှန်ပေးခဲ့သော်လည်း ကွမ်းသီးဈေးမကောင်းသဖြင့် ဂရုတစိုက် ကာကွယ်ဆောင်ရွက်ခြင်း မရှိကြကြောင်းနှင့် ယခု ကွမ်းသီးဈေးနှုန်း ပြန်လည်ကောင်းမွန်လာသဖြင့်စီးပွားရေး တွက်ခြေကိုက်ရန် တင်ပြလာမှု အပေါ် လာရောက် ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **ဆက်နေမင်းအောင်**

**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ**
**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၇၄**
**ကွယ်လွန်သူ ဒေါ်အေးရင်၌ ကျန်ရှိရစ်သောပစ္စည်းများအကြောင်း**

ဦးထွန်းလှိုင် လျှောက်ထားသူ
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်လှလှဝင်း)
အမှတ်(၆၄၀)၊ ပထမထပ်၊ ၅ လမ်း၊ (၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အထက်ဖော်ပြပါလိပ်စာနေ ဦးထွန်းလှိုင်က ကွယ်လွန်သူဒေါ်အေးရင်၏ ခင်ပွန်းဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ဒေါ်အေးရင်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူဒေါ်အေးရင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်(၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄)ရက် နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဦးထွန်းလှိုင်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ (ပုံ)ရီ
ဒုတိယခရိုင်တရားသူကြီး(၂)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

**ငှားမည်**
စက်ပစ္စည်း Showroom ဖွင့်လိုသူများအတွက်
နေရာကောင်းထောင့်ကွက် အင်ကြင်းလမ်းမပေါ်
ဘုရင့်နောင် မရမ်းကုန်းမြို့နယ်
☎01 686213 , 09 73077722

**ရောင်းမည်**
ပြင်ဦးလွင်မြို့ဆိတ်ငြိမ်ရပ်ကွက် 70′ × 70′
ပတ်လည် ထောင့်ကွက် ခြံစတ်ပြီး
09 5001920

**အများသိစေရန်ကြော်ငြာခြင်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်(၁၁၂/E)နေ **ဒေါ်အေးအေးမော်** (၁၂/ဗဟန(နိုင်)၀၆၀၄၁၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြော်ငြာအပ်ပါသည်။

တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့နယ်၊ ကဗ္ဗာကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်နှင့်အမည်(၃၂၅-ထိထပ်ရှေ့ကွင်း)၊ ဦးပိုင်အမှတ်(၅/၂)၊ ဧရိယာ(၂.၅၇)၊ ဦးပိုင်အမှတ်(၅/၃)၊ ဧရိယာ(၁.၀၆)၊ ဦးပိုင်အမှတ်(၆)၊ ဧရိယာ(၁.၀၆)၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ(၂.၃၅)ရှိ မြေကွက်(၄)ကွက်အား မူလအမည်ပေါက်ပိုင်ဆိုင်သူများထံမှ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမောင်စိုး(၁၃/တကန(နိုင်)၁၅၅၇၉၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက(၅-၉-၂၀၁၃)ရက်စွဲပါ "နှစ်ဦးသဘောတူ အိမ်/ခြံမြေအရောင်းအဝယ်စာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေကွက်(၄)ကွက်အပါအဝင် စာရွက်စာတမ်း ဆက်စပ်စာချုပ်စာတမ်းများအား လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြေကွက်(၄)ကွက်၏ ပိုင်ရှင်ဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေကြီး သဘောတူခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မျိုးသန့်၊ စဉ်-၁၀၈၇၉**
(ဥပဒေအတိုင်ပင်ခံအကျိုးဆောင်)
B.A (Eco), H.G.P,Diploma in Business LawWIPO, D.L.P (Switzerland)
(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ၀၉၇၃၀၇၀၉၀၇

**Concrete Boom Pump**
အငှားလိုက်သည်
(38 Meter) ဖုန်း-၀၉-၅၁၀၆၆၉၂

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြမြဝင်း[၁၂/တမန(နိုင်)၀၉၁၇၅၀] ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေသူ၏သားဖြစ်သူ မောင်မင်းမင်းနိုင်[၁၂/တမန(နိုင်)၀၉၁၇၅၁]ကိုင်ဆောင်သူသည် မိဘတို့၏ဆိုဆုံးမမှုကိုလုံးဝနာခံမှုမရှိဘဲ မိဘဆွေမျိုးများနှင့် ညီအစ်ကိုမောင်နှမများ၏ ဂုဏ်သိက္ခာကိုကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၎င်းအားယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်ဦး**(LL.B)** (စဉ်-၁၂၀၁၆) အထက်တန်းရှေ့နေ
အမှတ်(၄)၊ အောင်ဇေယျလမ်း၊ (၇)ရပ်ကွက်၊ သုံးခွမြို့၊ ရန်ကုန်တိုင်းဒေသကြီး။

# ကြီးအုံ–ကြီးဝ တမံအတွင်း ကျေးလက်ဒေသခံများအတွက် ဖွံ့ဖြိုးရေး ဆောင်ရွက်

**ပွင့်ဖြူ၊ စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်ရှိ ကျေးလက်နေဒေသခံပြည်သူများ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြီးအုံ-ကြီးဝ ဘက်စုံရေလှောင်တမံအတွင်း ငါးသယံဇာတ ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များအတွက် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် အဖွဲ့သည် တမံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် အဖွဲ့သည် စေတုတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအား ညှိနှိုင်းပေါင်းစပ်ဆွေးနွေးကြရာ ဒုတိယဝန်ကြီးက ဒေသခံများ၏ လိုအပ်ချက်တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကြီးအုံ-ကြီးဝ တမံအတွင်းရှိ ကြီးအုံကျေးရွာသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့် တမံဧရိယာအတွင်းရှိ ကျေးရွာ ၁၈ ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကိစ္စရပ်များနှင့် တမံအတွင်းရှိ ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ၊ ငါးထုတ်လုပ်မှု ပိုမိုတိုးတက်စေရေးအတွက် ငါးမွေးမြူရေး ပညာပေးရေးလုပ်ငန်းရပ်များကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပြီး တက်ရောက်လာသူများမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တင်ပြမှုအပေါ် ပြန်လည်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကြီးအုံကျေးရွာ အစုအဖွဲ့ပိုင် ငါးမွေးမြူထားရှိမှုများနှင့် ဧရာမင်းငါးကုန်ထုတ်သမအဖွဲ့မှ ရေလုပ်သား ၂၀၀ ခန့်ဖြင့် အစုအဖွဲ့များဖွဲ့စည်းကာ ငါးကုန်ထုတ်လုပ်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ကြီးအုံ-ကြီးဝတမံအတွင်းမှ နေ့စဉ် ငါးပိဿာ ၃၀၀ ခန့် ထွက်ရှိပြီး တမံအနီးကျေးရွာများ၊ မကွေး၊ မင်းဘူးနှင့် ရန်ကုန်မြို့အထိ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထို့အပြင် တမံအတွင်းမှထွက်ရှိသော ငါးလင်ဗန်း(ခ)ငါးဟောက်၊ ငါးကျောင်း၊ ငါးဘတ်စသည့် ပြည်ပပို့ကုန် ရောင်းတန်းဝင်ငါးများကို တစ်ပတ်လျှင် နှစ်ကြိမ် ပိဿာ ၁၆၀ ခန့်ကို ရန်ကုန်မြို့သို့ တင်ပို့ပေးလျက်ရှိသည်။

တမံရေပြင်အတွင်း မွေးမြူရေးငါးများကို ပိုက်လှောင်အိမ်များဖြင့် မွေးမြူခြင်း၊ လျှိုလက်တံများအား ပိတ်ဆို့၍ မွေးမြူခြင်းဖြင့်ငါးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရန် အစုအဖွဲ့များဖွဲ့၍ ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ကြီးအုံ-ကြီးဝ တမံအတွင်းရှိ ဒေသခံပြည်သူများသည် ငါးထုတ်လုပ်မှု ပိုမိုတိုးတက်စေရန် မွေးမြူရေးငါးများ တစ်ပိုင်တစ်နိုင် မွေးမြူခြင်းဖြင့် ဒေသအတွင်း ငါးရိက္ခာဖူလုံကာ မိသားစုဝင်ငွေ တိုးတက်ရရှိစေပြီး စဉ်ဆက်မပြတ် ငါးထုတ်လုပ်မှု တိုးတက်လာစေရန် ငါးမွေးမြူနိုင်မည့်နေရာများတွင် ငါးသားဖောက်စခန်းများ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသောကြောင့် တမံအတွင်း ကျေးလက်ဒေသများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**သူရထွန်း(မကွေး)**



# သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရန် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ညောင်ဦး၊ စက်တင်ဘာ ၂၅**

ညောင်ဦးတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီက ညောင်ဦးမြို့ အာနန္ဒာဘုရားအနီး သစ်ပင်စိုက်ကွက်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သစ်ပင်မစိုက်ပျိုးမီ ပျိုးပင်ပေးအပ်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ငြိမ်းတို့က အမှတ်တရ အရိပ်ရပျိုးပင်များကို ပေးအပ်ရာ ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ညီလာကျော်၊ ညောင်ဦးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ခင်နှင့် မြို့ပေါ်ရပ်ကွက်များမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများကိုယ်စား အမှတ်(၇) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းတို့က မြို့နယ်အုပ်ချုပ်ရေးမှူးထံမှ လက်ခံရယူခဲ့ကြသည်။

ထို့နောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဆက်လက်ကျင်းပရာ တက်ရောက်လာကြသူများက အရိပ်ရသစ်ပင်များ စိုက်ပျိုးကြရာ ကျွန်းပင် ၆၀၊ ခရေပင် ၃၀၊ ပနားမားငုဝါပင် ၁၅၀၊ စန္ဒကူးပင် ၅၀၊ စိန်ပန်းနီပင် ၁၀၀၊ နွယ်သာဂီပင် ၅၀ နှင့် စိန်တံခြူပင် ၁၀၀ စုစုပေါင်း အရိပ်ရပျိုးပင် ၅၄၀ ခန့် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပါတီအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များအသင်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း အင်အား ၆၄၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# ပြည်သူများအား ကျန်းမာရေး ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်

**ချောင်းဆုံ၊ စက်တင်ဘာ ၂၅**

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးကျော်အောင်၊ မြို့နယ်သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာကျော်ကျော်ဦး၊ ငှက်ဖျားဌာနမှ ဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများသည် ချောင်းဆုံမြို့နယ်၊ တကူကနာကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်းသို့ စက်တင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက သွားရောက်ခဲ့ကြသည်။ ဆရာဝန်ကြီးက ကျန်းမာရေးဌာနမှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို ပြောကြားပြီး ကျေးရွာပြည်သူလူထုအား ကျန်းမာရေးပြုစုစောင့်ရှောက်မှုအဖြစ် အခမဲ့ဆေးကုသပေးခဲ့ရာ အထွေထွေရောဂါ ၁၃၇ ဦး၊ သွားနှင့်ပတ်သက်သည့်ရောဂါ ၁၆ ဦး၊ ငါးနှစ်အောက်ကလေးငယ် ၅၀ နှင့် ကိုယ်ဝန်ဆောင်မိခင်ခုနစ်ဦးတို့အား ကျန်းမာရေးဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ဝက်လက်–ရှိမ်းမကားလမ်း၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ဝက်လက်၊ စက်တင်ဘာ ၂၅**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့် ကားလမ်းတစ်လျှောက် သစ်ပင်များဖြင့် စိမ်းလန်းစိုပြည်နေစေရန်အတွက် ဝက်လက်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးဆောင်၍ မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို စက်တင်ဘာ ၂၂ ရက် နံနက် ၇ နာရီခွဲက ဝက်လက်-ရှိမ်းမကားလမ်း မိုင်တိုင်အမှတ် ၈/၅ နှင့် ၈/၆ ကြားတွင် ကျင်းပခဲ့သည်။

ကားလမ်းတစ်လျှောက် သစ်ပင်များဖြင့် စိမ်းလန်းစိုပြည်နေစေရန်အတွက် သစ်ပင်စိုက်ပွဲတွင် ဝက်လက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဝင်းထွန်းနှင့် ဝန်ထမ်းများ၊ ပြည်သူများ စုပေါင်း၍ မန်ကျည်း၊ ကုက္ကို၊ ယူကလစ်၊ မဲဇလီပင် စုစုပေါင်း အပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**နန်းမြင့်**

**မိခင်အမည်မှန်**
သထုံမြို့၊ အထက(၂)ဒသမတန်း(D)မှမောင်ဇေဖြိုးဝေ၏မိခင်အမည်မှန်မှာ ဒေါ်မီးလေး(ခ)ဒေါ်မို့မို့ဝင်း[၁၀/ သထန(နိုင်) ၂၃၅၄၀၃]ဖြစ်ပါကြောင်း။
ဒေါ်မီးလေး (ခ) ဒေါ်မို့မို့ဝင်း

**မိခင်အမည်မှန်**
သထုံမြို့၊အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ဒသမတန်း( င)မှ မခင်ချိုလတ်၏ မိခင်အမည်မှန်မှာ ဒေါ်လှစု [၁၀/သထန(နိုင်)၁၀၄၄၈၃]ဖြစ်ပါကြောင်း။
ဒေါ်လှစု

**သဘာဝအချိုရည်၊ဂျယ်လီ၊သစ်သီးယို၊ရေခဲမုန့်၊နိုင်ငံခြားမုန့်ဖုတ်သင်တန်း**
ရှားစောင်းလက်ပတ်အချိုရည်အသီးကျဲဖျော်ရည်မစ်ရှိတ်ပူတင်းဒိန်ချဉ်နှင့်အအေးဆိုင်ဖွင့်နည်းဆော့စ်ဝိုင်၊

| | | | | |
|---|---|---|---|---|
| 1 | 30.9.14 မှ 6.10.14 | 3 | 6.10.14 မှ12.10.14 | ကိတ်၊ကွတ်ကီး၊Puffပေါင်မုန့်၊ |
| 2 | 3.10.14 မှ 9.10.14 | 4 | 9.10.14မှ15.10.14 | Pizzaနှင့်နိုင်ငံခြားမုန့်မျိုးစုံ |

ROYAL SUN စားသောက်ကုန်သင်တန်း အမှတ်-26၊သစ်တောလမ်း အလုံစာတိုက်အနီး၊အလုံမြို့နယ်၊ရန်ကုန်။ 01-212651,09-30309551

ဒေါ်သူဇာဝင်း (စာရင်းကိုင်သင်တန်း)
B.A (Econ), D.A, DMA (LCCI,UK), C.A.T(UK), ACCA (part II), D.Comp Acc
LCCI Level I ,II ,III
Apri 2015 Series အတွက်တန်းခွဲသစ်များ October စမည်။
(ကျောင်းအပ်လက်ခံပြီ။)
Ph: 09-5029621, 09-5402724, 09-250371045

CROWN EDUCATION Yangon Myanmar
"မြန်မာကျောင်းသားများ ဘန်ကောက်တွင် Business IT, MBA ကို ကုန်ကျစရိတ်သက်သာစွာသင်ကြားနိုင်ခွင့်၊ နိုင်ငံတကာ အတွေ့အကြုံကောင်းများ ရရှိနိုင်ခွင့်များကို Stamford International University မှ A life Changing Experience ခေါင်းစဉ်ဖြင့် စိတ်ဝင်စားဖွယ် ဆွေးနွေးပါမည်။"
Sep 27 @ CROWN Education Office 10:00 am - 12:00 noon
- ဘန်ကောက်မှာ ပညာသင်ကြားမယ်ဆိုရင် ဘယ်လိုတက္ကသိုလ်တွေကို ရွေးချယ်မလဲ၊ စင်ကာပူ-မလေးရှား ပညာရေးစနစ်တွေနဲ့ ဘာတွေကွာလဲ
- ဘန်ကောက်တက္ကသိုလ်တွေရဲ့ ဒီဂရီဘွဲ့တွေက နိုင်ငံတကာအသိအမှတ်ပြုသလား။ အလုပ်အကိုင်အလားအလာရောကောင်းလား
- ဘန်ကောက်ကျောင်းလခနှုန်းဖြင့် အင်္ဂလန်၊ ဂျာမနီ၊ စပိန်၊ ပြင်သစ်နိုင်ငံများရှိ တက္ကသိုလ်များတွင် (၄)လကြာ ပြောင်းရွှေ့သင်ယူနိုင်မည့် အစီအစဉ်များ
- ဘန်ကောက်(သို့) ပြည်ပနိုင်ငံများရှိ Multinational Companies များတွင် Internship (၄)လ ပါဝင်သော ဘွဲ့ ကြိုး ဘွဲ့လွန် စီးပွားရေးဘာသာရပ်များ

စိတ်ဝင်စားဖွယ် STUDY TOUR အစီအစဉ်များ



Call us: 01 527 838, 09 730 40 688, 09 732 732 77

အလင်းသစ်စာပေတိုက်မှ ထုတ်လုပ်ဖြန့်ချိသည်၊
အသက်အရွယ်မရွေးဖြစ်နိုင်သော လေရောဂါအမျိုးမျိုးနှင့် ကုသနည်းများ ဆောင်ရန် ရှောင်ရန်များ ရှေးဆေးကျမ်းအစောင်စောင်မှ လေဆေးနည်းများကို ဖော်ပြထားသော…
အဖြစ်များသော လေရောဂါ
[လေမသက် အနေခက်၊ လေမစုန် ငွေကုန်]
ကြည်လွင်မြင့်(မုဒြာ)
ဆိုင်များတွင်ရပြီ
အလင်းသစ်စာပေတိုက် ၊ ဖုန်း-၀၉-၈၇၀၃၈၄၈၊ ၀၉-၅၄၀၀၃၀၂

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးစိန်မြင့်(ခ)လီစိန်ကြည် (၈၄)နှစ်**

**ဥက္ကဋ္ဌ-ဒိုင်းမွန်းစကားကုမ္ပဏီလီမိတက်နှင့် အဆင့်မြင့်ဒုံးပျံဂျုံစက်ရုံ၊**

**ဥက္ကဋ္ဌ-ကြင်းတော်ယန် ဗုဒ္ဓဘာသာဘုရားကျောင်း**

**ဥက္ကဋ္ဌ-လုံစီဘုရားကျောင်း၊မန္တလေးမြို့**

**ဥက္ကဋ္ဌ-မန္တလေးချမ်းသာအကယ်ဒမီ(MCTA)**

မန္တလေးမြို့၊ (၇၃)လမ်း၊ အမှတ်(၈၀)၊ မင်္ဂလာခြံနေ သီရိသုဓမ္မသီဂီ ဒေါ်စန်းကြူ၏ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၃၄)နေ ဒေါက်တာကိုကိုကြီး (MD-Capital Diamond Star Group Ltd.) (မန်နေဂျင်းဒါရိုက်တာ၊ ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်)-ဒေါ်မိုးမိုး(ဒါရိုက်တာ-ရီရှင်းကုမ္ပဏီလီမိတက်)တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးစိန်မြင့်(ခ) လီစိန်ကြည် အသက်(၈၄)နှစ်သည် ၂၄-၉-၂၀၁၄ရက် နံနက် ၇း၅၃နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ဇနီး ဒေါ်ဝေဝေ**
**မိသားစု**
**ပို့ဆောင်ရေးဝန်ကြီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးစိန်မြင့်(ခ)လီစိန်ကြည်

## အသက်(၈၄)နှစ်

**ဥက္ကဋ္ဌ-ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်နှင့် အဆင့်မြင့်ဒုံးပျံဂျုံစက်ရုံ**

**ဥက္ကဋ္ဌ-ကြင်းတော်ယန်ဗုဒ္ဓဘာသာဘုရားကျောင်း**

**ဥက္ကဋ္ဌ-လုံစီဘုရားကျောင်း၊ မန္တလေးမြို့**

**ဥက္ကဋ္ဌ-မန္တလေးချမ်းသာအကယ်ဒမီ(MCTA)**

မန္တလေးမြို့၊ ၇၃လမ်း၊ အမှတ်(၈၀)၊ မင်္ဂလာခြံနေ သီရိသုဓမ္မသီဂီဒေါ်စန်းကြူ၏ ချစ်လှစွာသောခင်ပွန်း၊ သားသမီးများဖြစ်ကြသော (Joseph Pang)-ဒေါ်နီနီ(ခေတ္တ-USA) မန္တလေးမြို့၊ ၅၈လမ်း၊ ၂၅×၂၆လမ်းကြား၊ အောင်သပြေခြံနေ ဦးကျော်လင်း-ဒေါ်ဖြူဖြူ(ရွှေမြင်းလက်ဖက်ခြောက်တိုက်)၊ ဒေါက်တာခင်မောင်မြင့်-ဒေါက်တာစိန်စိန်(L.A.U.S.A) (Long Life Cardiac Center)၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၃၄)နေ ဒေါက်တာကိုကိုကြီး (MD-Capital Diamond Star Group) (မန်နေဂျင်းဒါရိုက်တာ၊ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်)-ဒေါ်မိုးမိုး(ဒါရိုက်တာ ရီရှင်းကုမ္ပဏီလီမိတက်)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးများဖြစ်ကြသော Christopher Pang)၊ ကိုအောင်မျိုးမြတ် (မန်နေဂျင်း ဒါရိုက်တာ၊ Myanmar Consumer Enterprise Ltd)၊ ကိုအောင်ကျော်နိုင်(မန်နေဂျင်း ဒါရိုက်တာ၊ Pristine Global Construction Co., Ltd.)-ဒေါက်တာခင်မို့မို့လင်း၊ ကိုဝင်းကိုကို၊ မမြင့်မိုမိုစ်(ခ)Stephanie Yee၊ ကိုကျော်ထက်အောင်(ခ) Nolan၊ မနှင်းရတနာဦး၊ ကိုဟိန်းထက်၊ ကိုဖွဲ့လင်းထက်တို့၏ ချစ်လှစွာသောအဘိုး၊ မြစ်များဖြစ်ကြသော မယွန်းမျက်ခြယ်၊ မရတီမျက်ခြယ်တို့၏အဘိုးသည် ၂၄-၉-၂၀၁၄ရက် နံနက် ၇း၅၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ မော်တော်ယာဉ်များဖြင့် ၂၆-၉-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် စတင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ရွှေကူမြို့ မဟာသုခိတာရာမတိုက်ကျောင်း ဒါယိကာမကြီး**

## ဒေါ်စက်မေ(ရွှေကူ) အသက်(၁၀၀)

ရန်ကုန်မြို့၊ ပန်တျာလမ်း၊ အမှတ်(၄၂)ဘီ၊ အခန်း (၅/၆)၊ ဒဂုံမြို့နယ်နေ (ဦးဟောဝန်-ဒေါ်သဲနု)တို့၏ သမီး၊ (ဦးဘရှင်၊ရွှေကူ)၏ ဇနီး၊ (ဒေါ်စက်ရွှေ)၊ (ဒေါ်စောမြိုင်)၊ (ဒေါ်စောလှိုင်)၊ (ဦးဘငွေး)၊ ရန်ကုန်မြို့နေ ဒေါ်အေးမယ်၊ ရန်ကုန်မြို့၊ ရွှေဂုံတိုင်နေ ဒေါ်အေးစိန်၊ (ဒေါ်အေးရှိန်)တို့၏ အစ်မကြီးသည် ၂၄-၉-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၅၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရဟန်း ၊သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်လှလှ(ရေဦး) (၈၅)နှစ်

**(စိုပြေဆေးရုံ၊ မုံရွာမြို့)**

မုံရွာမြို့၊ သစ်တောလမ်း၊ ရုံးကြီးရပ်နေ [ဦးလူမော် (ဆောက်လုပ်ရေးဝန်ကြီးဌာန)]၏ဇနီး၊ (ဦးသိန်းဦးမော်)-ဒေါ်ဝင်းရီ (စစ်ကိုင်းမြို့)၊ ဒေါက်တာဝင်းမော်-ဒေါ်ခင်နှင်းမွန်(စိုပြေဆေးရုံ၊ မုံရွာမြို့)၊ ဒေါက်တာမိုးအောင်မော်-ဒေါ်ခင်မြဆွေ (ခေတ္တ-တောင်အာဖရိက)၊ ဦးမေအောင်မော်(ခေတ္တ-ဩစတြေးလျ)၊ ဒေါ်ညိမ်းညိမ်းမော်(ဗဟိုစာရင်းအင်းအဖွဲ့၊ နေပြည်တော်)၊ (ဦးထွေးမောင်မောင်မော်)-ဒေါ်ခိုင်ခိုင်သန်း(ရွှေဘိုမြို့)တို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်ကိုးယောက်တို့၏ အဘွားသည် ၂၅-၉-၂၀၁၄ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၄ရက် ညနေ ၄နာရီတွင် မုံရွာမြို့ မြို့မသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးတင်ဝမ်း(ငြိမ်း)

**တေဇ(၅)**

## အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ရွှေမဉ္ဇူ ကွန်ဒိုနေ ဒေါ်ခင်အေးမူ၏ခင်ပွန်း ဗိုလ်မှူးတင်ဝမ်း(ငြိမ်း)သည် ၂၄-၉-၂၀၁၄ ရက်တွင် U.H.C ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီး ဦးချိုထွန်းအောင်နှင့်ဇနီး ဒေါ်နန်းယဉ်မေဝင်း**
**မြန်မာသံရုံး၊ ဖနောင်ပင်မြို့ ကမ္ဘောဒီးယားနိုင်ငံ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးတင်ဝမ်း(ငြိမ်း)

## အသက်(၅၉)နှစ်

သူငယ်ချင်းအပေါင်းအသင်းများ အပေါ်စေတနာသန့်သန့်ဖြင့် အမြဲ ကူညီတတ်သော သူငယ်ချင်း ဗိုလ်မှူးတင်ဝမ်း(ငြိမ်း)သည် ၂၄-၉-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲမှူးချုပ် သူရဘိုနီ-ဒေါ်ခင်မလေး**
**မိသားစု**

---

**မြိတ်မြို့နယ်အသင်း (ရန်ကုန်)**

## ဦးညွန့်ရွှေ(မြိတ်) (၈၉)နှစ်

**သက်ကြီးကန်တော့ခံ**

ရာသက်ပန်အသင်းဝင်အမှတ်(၂၃၂)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အသောကလမ်း၊ အမှတ်(၁၈)နေ ဒေါ်ခင်ဟုန်၏ခင်ပွန်းသည် ၂၄-၉-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၄ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

## ဒေါ်တင်တင်ကြည်(ခ)

## လင်ရှုလျှန် (၈၃)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁) ရပ်ကွက်၊ (၁၈)လမ်း၊ အမှတ်(၆၈)နေ ဦးမောင်မောင်အေး(ခ)စောထျန်ပို၏ ဇနီး၊ ကိုကျော်ဝင်း-မနီနီစော၊ ကိုမောင်မောင်ကျင်-မရီရီသန်း၊ ကိုကျော်သောင်း-မဖြူဖြူစော၊ ကိုမောင်မောင်ခင်-မပြုံးပြုံးမော်တို့၏မွေးသမိခင်၊ မနှင်းနန္ဒာစော၊ မနှင်း ဝတ်ရည်စော၊ မသဇင်မိုး၊ မောင်မောရစ်၊ မောင်ဟိန်းထက်အောင်၊ မောင်စည်သူပြည့်စုံမောင်၊ မောင်ဝင်းထက်အောင်၊ မနှင်းသန္တာစော၊ မောင်ဂျီအေး၊ မြေးကိုးယောက်တို့၏အဘွား ဒေါ်တင်တင်ကြည်(ခ)လင်ရှုလျှန်သည် ၂၅-၉-၂၀၁၄ရက် နံနက် ၀၀း၁၀ နာရီတွင် Sakura ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၄ရက် နံနက် ၁၀း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (၁၈ လမ်းနေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်မြင့် (၆၂)နှစ်

**ဦးစီးအရာရှိ(ငြိမ်း)၊**

**ကျောက်တန်းသမဦးစီး**

ရန်ကုန်မြို့၊ ယခင် (၄၈)လမ်းနေ (ဦးအောင်ပွင့်-ဒေါ်ခလေးမ)တို့၏ သားလတ်၊ (ဒေါ်ကျင်ရွှေ)၊ ဒေါ်အေးမြင့် (ဦးစီး/စည်ပင်-ငြိမ်း)၊ ဦးဖေအောင် (စက်မှု-၁၊ငြိမ်း)-ဒေါ်သန်းသန်းမြင့်တို့၏ ညီ/မောင်၊ဦးရန်ကင်းမောင်(အကောက်ခွန်)-ဒေါ်လဲ့လဲ့ဝင်း(အကောက်ခွန်)၊ ဒေါ်ငွေငွေအောင်(အလက-၁၊ ဗိုလ်တထောင်)၊ ဦးအောင်ငွေး(အကောက်ခွန်)-ဒေါ်သူဇာလွင်၊ ဦးကျော်အောင်ထွေး(MD-မြန်မာစံနန်းထိုက်ကုမ္ပဏီ)-ဒေါ်လှလှဝင်းတို့၏အစ်ကို ဦးခင်မောင်မြင့်သည် ၂၅-၉-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၄း၄၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၄ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ [အမှတ်(၁၂၂၉)၊ ပထမထပ်၊ နေမျိုးသူရလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ် နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ကျောင်း ဒါယကာကြီး**

## ဦးမောင်မောင်(ပဲခူး-ကဝ)

## အသက်(၈၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ရွှေကန်ရွာနေ (ဦးဖိုးလုံး-ဒေါ်ဆောင်)တို့၏သား၊ (ဦးလှိုင်-ဒေါ်အေးသင်)တို့၏ သားသမက်၊ (ဒေါ်သောင်းတင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်ငွေ-ဒေါ်ရင်နု၊ ဦးတင်ဆွေ-ဒေါ်သန်းမြိုင်၊ ရန်ကုန်မြို့နေ ဦးကျော်ညွန့် (CONCORDIA Co.,Ltd)-ဒေါ်ဝင်းဝင်းအေး(သ/မ ဦးစီး၊ ပုဇွန်တောင်)၊ ဒေါ်လှညွန့်(ပဲခူး)၊ ဦးဝင်းဦး-ဒေါ်အေးသီ၊ ဦးနိုင်ဆွေ-ဒေါ်သင်းသင်းရီ (လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၄ယောက်တို့၏ ချစ်လှစွာသောအဘိုး ဦးမောင်မောင်သည် ၂၄-၉-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၁၄ (အင်္ဂါနေ့)တွင် ရွှေကန်ရွာသုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဦးကျော်စိုး(ရေဦး) (၆၂)နှစ်

**အမှတ်(၁)ကြေးနီစီမံကိန်း၊မုံရွာမြို့**

**A.G.T.I(Mining Kalaw)**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဆား လင်းကြီးမြို့နယ်၊ အမှတ်(၁)ကြေးနီ စီမံကိန်း၊ မိုင်းမြို့နေ (ဦးဘစော-ဒေါ်စောတင်)တို့၏ သား၊ ဒေါ်ငွေးငြိမ် (အထက၊ ကြေးနီ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးချမ်းမင်းစိုး-ဒေါ်နုယဉ်ထွေး၊ ဦးအေးမင်းစိုးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မဆုမေချမ်း၊ မောင်သက်ထူးစံတို့၏ ချစ်လှစွာသောအဘိုး ဦးကျော်စိုးသည် ၂၅-၉-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၄(သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်သူဇာဝင်း (၄၅)နှစ်

**စက်မှုဝန်ကြီးဌာန**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၄)လမ်းအထက်၊ အမှတ်(၄၇၉)နေ (ဦးလှဝင်း)-ဒေါ်ခင်ဥ တို့၏သမီး၊ (ဦးထွန်းရှိန်-ဒေါ်တင်ညွန့်) တို့၏ သမီးချွေးမ၊ ဦးသန်းနိုင်ဝင်း၏ အစ်မ၊ ဦးစိုးမြင့်၏ ချစ်လှစွာသောဇနီး၊ မပိုပိုစုစံ၊ မစိမ့်စိမ့်စုစံတို့၏မွေးသမိခင် ကျေးဇူးရှင်သည် ၂၅-၉-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၅း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၄ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၁၀-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

## လင်စီကော(ခ)ဦးကောဝါ

## အသက်(၉၄)နှစ်

**(ခနူဖြူ)**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၂၃)၊ လေးထပ်၊ ရွှေတိဂုံဘုရားလမ်းနေ ဒေါ်သန်းရီ၏ချစ်ခင်ပွန်း၊ ဒေါ်မြင့်အေး၊ ဦးမြင့်ရွှေ-ဒေါ်ခင်လှဝေ၊ ဦးမြင့်မောင်(ခ) Patrick Lim (SYDNBY)၊ ဒေါ်ခင်အေး၊ ဒေါ်အေးအေးသန်း-ဦးလှဦး (SYDNBY)၊ ဦးမြင့်အောင်-ဒေါ်သီသီခင်၊ ဦးသန်းအောင်-ဒေါ်ခင်မေကြည်တို့၏ ကျေးဇူးရှင်ကျွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၅-၉-၂၀၁၄ရက် နံနက် ၁၂း၁၅ နာရီတွင် S.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာကြီး**

## ဦးဟန်ညွန့် (၉၁)နှစ်

**မော်ကျွန်းအသင်းဝင်**

**မအူကုန်းရပ်ကွက်ဥက္ကဋ္ဌ(ဟောင်း)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၃၇)လမ်း၊ အမှတ်(၂၄/၂၆)နေ (ဒေါ်ရှိန်)၏ ချစ်လှစွာသောခင်ပွန်း၊ မော်လမြိုင်ကျွန်းမြို့နယ်နေ (ဦးမောင်တင့်-ဒေါ်အုံးရင်)တို့၏သား၊ (ဒေါ်အေး)၏မောင်၊ ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်၊ အိုင်ဖောက်ကျေးရွာနေ (ဦးဖိုးလှ-ဒေါ်စိန်တုတ်)တို့၏သားသမက်၊ ဦးဇော်လင်းဟန်-ဒေါ်ဆွေဆွေယုတို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးဟန်ညွန့်သည် ၂၅-၉-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၁း၁၅ နာရီတွင် သျှင်ပါဂူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ [တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၃၇)လမ်း၊ အမှတ်(၂၄/၂၆) နေအိမ်မှ ကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမျိုးသက်အောင် (၆၃)နှစ်

## (မင်းဘူး-မျိုးသက်အောင်)

**(မေတ္တာရွှေပြည်နာရေးကူညီမှုအသင်း-အတွင်းရေးမှူး)**

မကွေးတိုင်းဒေသကြီးနေ (ဦးကျော်သိန်း-ဒေါ်စောရင်)တို့၏သား၊ ပဲခူးတိုင်းဒေသကြီးနေ (ဦးမောင်ငယ်-ဒေါ်သန်း)တို့၏ သားသမက်၊ ရွှေပြည်သာမြို့နယ်၊ (ဏ/၁၄)ရပ်ကွက်၊ ပန်းခြံ(၁၉)၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၁၉၃၇)နေ ဒေါ်မြင့်မြင့်အေး(ဖေယျာအောင်-ပုံနှိပ်တိုက်)၏ ချစ်လှစွာသောခင်ပွန်း၊ ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းပိုင်းနေ ကိုတင့်လွင်-မခင်မာထွေး၊မချမ်းမြေ့အောင်(ထက်/ပြ၊ အထက-၂၊ရွှေပြည်သာ)၊ မောင်ဖေယျာအောင်-မဇာဇာထွန်း၊ မောင်အောင်ရဲမော် (S.A.E - Original Group Co., Ltd.)တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၂၄-၉-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၄၀ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၄(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၄ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးစိန်မြင့်(ခ)လီစိန်ကြည် (၈၄)နှစ်

**ဥက္ကဋ္ဌ-ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်နှင့် အဆင့်မြင့်ဂျုံစက်ရုံ**

**ဥက္ကဋ္ဌ-ကြင်းတော်ယန် ဗုဒ္ဓဘာသာဘုရားကျောင်း**

**ဥက္ကဋ္ဌ-လုံစီဘုရားကျောင်း၊ မန္တလေးမြို့**

**ဥက္ကဋ္ဌ-မန္တလေးချမ်းသာအကယ်ဒမီ (MCTA)**

မန္တလေးမြို့၊ (၇၃)လမ်း၊ အမှတ်(၈၀)၊ မင်္ဂလာခြံနေ သီရိသုဓမ္မသီဂီ ဒေါ်စန်းကြူ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာကိုကိုကြီး [MD, (Capital Diamond Star Group Ltd.)]-ဒေါ်မိုးမိုးတို့၏ ချစ်လှစွာသောဖခင်ကြီး ဦးစိန်မြင့်(ခ)လီစိန်ကြည် သည် ၂၄-၉-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူရဦးသောင်းလွင်-ဒေါက်တာရီရီထွေး**

---

## ဒေါ်အုန်းကြည်(လှိုင်ကော်) (၈၃)နှစ်

လှိုင်ကော်မြို့နေ (ဦးလေးမြင့်)၏ ဇနီး၊ ရန်ကုန်မြို့နေ ဦးဝင်းကြည်-ဒေါ်ခင်ထားရီ၊ (ဦးမြင့်ကျော်)-ဒေါ်စမ်းစမ်းမြင့်၊ ဦးတင်မောင်မြင့်-ဒေါ်မူမူမြင့်၊ ဦးထားဂု-ဒေါ်အေးအေးမြင့်၊ (ဦးဖိုးတုတ်)-ဒေါ်အေးအေးမာ၊ ဦးသန်းဦး-ဒေါ်ကြူကြူမြင့်၊ လှိုင်ကော်မြို့နေ ဒေါ်သီသီမြင့်၊ ဒေါ်မာလာမြင့်၊ ဦးခွန်နိုင်ထွေး-ဒေါ်ချောစုမြင့်၊ ကိုကျော်ကျော်ပိုင်တို့၏မိခင်သည် ၂၅-၉-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၄(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ်(၁၂-အေ)၊ အခန်း(၄)၊ ကမာကြည်အိမ်ရာ၊ သာကေတမြို့နယ်နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစိုးမင်း(စိုးစိုး/ဗိုလ်တထောင်) (၅၂)နှစ်

**B.Sc (Maths;)**

(ဦးကျော်သိန်း-ဒေါ်တင်ညွန့်)တို့၏ သားငယ်၊ (Mr.ဒီကာစတို)-Mrs. ဟေဇယ်တို့၏သားသမက်၊ အမှတ်(၂၄၁)၊ (၂၇)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်သီဂီ၏ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ခန့် (Uniteam)၏ဖခင်၊ ဦးမောင်မောင်သိုက် (NAD/ငြိမ်း)-ဒေါ်ခင်ကြည်စိုး (NAD/ငြိမ်း)၊ ဦးကျော်စိုး(ဆသရ/ငြိမ်း)-ဒေါ်တင်တင်ရွှေ(ဆသရ/ ပြည်ပဆက်)၊ ဦးလှစိုး(ပတခ/ငြိမ်း)-ဒေါ်စန်းစန်းဝင်း(DICA)၊ (ဦးသန်းအေး)-ဒေါ်ခင်မြင့်စိုး (မွေးကု/ဘဏ္ဍာရေး)တို့၏ညီ/မောင် ဦးစိုးမင်းသည် ၂၄-၉-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၄၅နာရီတွင် ရွှေလမင်းအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၄ (အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်မြင့် (၆၂)နှစ်

**ဦးစီးအရာရှိ(ငြိမ်း)၊**

**ကျောက်တန်းသမဦးစီး**

ဇော်မင်းဦး၊ အေးရည်ဝင်း (ဦးစီးအရာရှိကျေးလက်ဦးစီး၊နေပြည်တော်)၊ ကျော်မင်းသူ-Mလှလှဆန်း၊ စည်သူမောင်၊ နန္ဒ၊ အောင်အောင်ဦး၊ ကျော်လင်းအောင်၊ ဗညားမောင်၊ ယင်းမာအောင်၊ လမင်းအောင်၊ ခေတ်ဇင်သွယ်၊ ဇာနည်ရဲရင့်မောင်၊ အောင်ဆက်ပိုင်၊ ရွှန်းလဲ့သူ၊ ရွက်စိမ်းနုတို့၏ ဦးလေး ဦးခင်မောင်မြင့်သည် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးအေးခိုင် (၅၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကဠာသယလမ်း၊ အမှတ်(၄)၊ ပထမလွှာ(ခြေရင်းခန်း)နေ (ဦးအေးမောင်-ဒေါ်နန်းရီ)တို့၏ ဒုတိယသမီး၊ (ဦးစံညွန့်-ဒေါ်ငြိမ်းပု)တို့၏သမီးချွေးမ၊ ဦးသာထွန်း၏ဇနီး၊ ဦးသောင်းထွန်း-ဒေါ်စိုးစိုးဝင်းတို့၏ ညီမ၊ စိုးမိုးကျော်သူ၏ အစ်မ၊ ဒေါက်တာတင်အောင်လွင်၊ မောင်ဇေလင်းထက်(ImJ) တို့၏မွေးသမိခင်ကျေးဇူးရှင်သည်၂၄-၉-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီ တွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၄ (သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၃၀-၉-၂၀၁၄ (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## Tg. Khai Muan Tuang

## မောင်ခိုင်မွန်းတွောင်

**Tawmging beh, Tonzanglawm, EBC-Yangon**

## အသက်(၂၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်၊ အမှတ်(၄၇)၊ ခြောက်လွှာ(ညာ)၊ မဂ္ဂင်လမ်းနေ အဘ(Pa Neng Suan Kham, အထက်တန်းစာရေး၊ ကျန်းဦးစီး)-(Nu Man Do Ciin)တို့၏ သားထွေး၊ Nu Ning Don Cing(a)U Boih, Ni Nial Ngaih Lun-(Gang Hau Khan Lian)၊ Ni Dim En Vung-(Gang Gin Sian Thang)၊ Ni Dai En Niang-(Gang Rev. Dr.Zam Lam Thang)၊ (Pu Kham Khan Langh)-Pi Ngai Man Cing၊ Nupi Ning Ngaih Mang-(Papi Let Khan Mang)၊ (Pu Hau Khan Suan-Pi Ciin Khat Lun & Pi Ciin Ngaih Lun)၊ (Pu Sian Suan Taang-Pi Vung Lian Cing)၊ Pu Go Vungh Thang-Pi Ning Khua Hau၊ Pu Zam Khan Mang တို့၏ တူ၊ Lia Cing Lam Lun (Zo Paal Fashion Design)၊ Nu Niang San Nuam-Pa Hang Muan Lian၊ Tg. Go Sian Piang - Graphic Designer, Flexart Com. Ltd. နှင့် Tg. Thang Pian Mung တို့၏ ညီ/မောင်သည် ၂၄-၉-၂၀၁၄ရက် ည ၁၀း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၇-၉-၂၀၁၄ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်ခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်၊ ဓမ္မာနွေလ ဘုရားကျောင်းရှေ့နှင့် ယုဇနပိတောက်ကွေ့တို့မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရဟန်း ဒါယိကာမကြီး**

## ဒေါ်ညွန့်ရီ(မြင်းခြံ) (၈၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟသ်ာတလမ်း၊ အမှတ်(၄၀)နေ ဦးဇော်ဖေ (ဘခရ၊ ကြီးကြပ်ရေးဘူမိဗေဒအရာရှိ-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးအေးမြင့်ဇော် (ဘခရ-ငြိမ်း)-ဒေါ်တင်တင်သန်း၊ ဒေါ်ခင်အေးဇော်(အထက-၄၊ စမ်းချောင်း)၊ ဦးမျိုးသန့်စင်၊ ဦးငွေးဝင်းဇော်(ကလေးဂျာနယ်)-ဒေါ်လှလှငွေး၊ ဒေါ်မေသွင်ဇော် (အထက-၂၊ စမ်းချောင်း)-(ဦးစိုးနိုင်)၊ ဒေါ်ခင်ခင်ဇော်၊ ဦးသောင်းထွဋ်ဇော်-ဒေါ်မိုးချယ်ရီ (Zydus Cadila Health Care)၊ ဦးအောင်မိုးဇော်၊ ဦးစိုးမိုးဇော်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၂ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၄-၉-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၆-၉-၂၀၁ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးစိန်ထွန်း (၇၆)နှစ်

**ရုံးအုပ်ကြီး၊ အမှတ်(၂)၊ ပုဝါစက်ရုံ(ငြိမ်း)**

**(Consultant, Myint Media & Advertising)**

မှော်ဘီမြို့နေ (ဦးစိုးမောင်-ဒေါ်ထွေး)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးမောင်စိန်-ဒေါ်လှညွန့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာလမ်း(၂)လမ်း၊ အမှတ်(၁၅၀)နေ (ဒေါ်ခင်ကြည်)၏ ခင်ပွန်း၊ ဒေါ်ခင်စန်းဦး (ကျောင်းသားရေးရာဌာန၊ နိုင်ငံခြားဘာသာတက္ကသိုလ်)၏ ဖခင်၊ ဒေါ်ခင်ရီ၊ (ဦးမြသိန်း-ဒေါ်သန်းသန်းရီ)၊ ဦးဝင်းကြိုင်-ဒေါ်ဝင်းတင်၊ (ဦးမြင့်သိန်း-ဒေါ်သန်းသန်းအေး)တို့၏ အစ်ကို၊ (ဦးမြင့်ဦး)-ဒေါ်ပြုံးပြုံးရီ၊ ဒေါ်သီတာမြင့် (အလက-၇၊ လှိုင်၊ ငြိမ်း)၊ ဦးစန်းရွှေ (မြို့နယ်ဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေး၊ ရန်ကင်း)-ဒေါ်မာလာမြင့် (Myint Media & Advertising၊ အုပ်ချုပ်မှု ဒါရိုက်တာ)၊ ဒေါ်ခင်နီလာမြင့် (လူဝင်မှုကြီးကြပ်ရေး၊ ငြိမ်း)၊ ဗိုလ်မှူးဦးအေးဆန်း-ဒေါ်အိအိချော (Myint Media & Advertising)တို့၏ ချစ်လှစွာသောဘကြီး၊ ဗိုလ်ကြီးထွန်းထွန်းနိုင်-မစုလှိုင်ဖြိုး (Myint Media & Advertising Manager)၊ မအင်ကြင်းမွှေး၊ မဖူးဖူးပိုင်၊ မောင်ဥက္ကာကျော်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၅-၉-၂၀၁၄(ကြာသပတေးနေ့) နံနက် ၃း၄၀နာရီတွင် သုခကမ္ဘာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့်၂၇-၉-၂၀၁၄ (စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

## ဦးမြင့်သိန်း (၇၅)နှစ်

**CDC-3991**

**EX - GEWIN MARTIME CO., LTD.**

**(ပြည့်စုံအောင် စားသောက်ဆိုင်)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်လမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ အမှတ် (၈၇)နေ [ဒေါ်ခင်ရီ(ခ)ဒေါ်ဂျိုး]၏ခင်ပွန်း၊ ကိုကျော်ဆွေ၊ ကိုမြင့်ဆွေ-မကြည်ကြည်ခိုင်၊ ကိုအောင်နိုင်မြင့်-မမျိုးမျိုးဝင်း၊ ကိုတင်အောင်မြင့်၊ ကိုသန်းထိုက်အောင်- မသီတာလွင်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မသက်ဝေမှူး၊ မဆုရတီနိုင်၊ မခန့်ခင်ခင်၊ မောင်သူရိယအောင်၊ မမိုးခင်ခင်၊ မြေးငါးယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၅-၉-၂၀၁၄(ကြာသပတေးနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၄(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရဟန်း ဒါယိကာမကြီး**

## ဒေါ်ညွန့်ရီ(မြင်းခြံ) (၈၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟသ်ာတလမ်း၊ အမှတ်(၄၀)နေ ဦးဇော်ဖေ (ဘခရ၊ ကြီးကြပ်ရေးဘူမိဗေဒအရာရှိ-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးနိုင်လင်းဇော် (Second Mate-Maersk Co.,Ltd)-ဒေါ်ပြည့်မျိုးသဇင်၊ ဦးဇေယျာ (Chief Officer)-ဒေါ်မျိုးသဥ္ဇာဇော်(MLA)၊ ဗိုလ်ကြီး Dr. ရဲနောင်ဇော်- ဒေါ်ကေသီဒါမြင့်သိန်းဖေ၊ မယုနန္ဒာဇော် (ILBC)၊ မောင်ဇော်ဇင်ထက် ($2^{nd}$ Year Physics)၊ မောင်နေမျိုးဇော် (IT Network Engineering)၊ မောင်ပြည့်ဖြိုးဇော် (Sai Beacon Trading)၊ မောင်ပိုင်စိုး (Hotel Esta)၊ မငွေစင်စိုးနိုင်၊ မောင်ဘုန်းထက်သုတ၊ မောင်ထက်မျိုးအာကာ၊ မမိုးပပအောင်၊ မြစ်သုံးယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်ညွန့်ရီသည် ၂၄-၉-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမြေးမြစ်များ

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## စောဂျွန်လှထွန်းဘွား (၇၉)နှစ်

**(ဗဟိုတရားရုံး-ငြိမ်း)**

ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ စောတေလိန်းလမ်းသွယ်၊ အမှတ်(၈)နေ (စောအောင်လှ-နော်မေဘယ်လ်)တို့၏သား၊ (ဦးအောင်ကြီး-ဒေါ်ဒွေးလုံ)တို့၏သားသမက်၊ (နော်မေမေ-စောဆင်မြူရယ်ထွန်းဘော်)၊ နော်စန်းရင်-စောအောင်မြင့်၊ ဒေါက်တာစိန်ဟံလှ-နော်ကဲရိုလိုင်း၊ နော်ဒေါရစ်လှ-(ဦးထွန်းမြင့်)တို့၏ ညီ/မောင်၊ (စောဆင်မြူရယ်လှ)-နော်ရှဲလာတို့၏ အစ်ကို၊ နော်ဖောဂေး-(ကိုဇော်ညိမ်းအောင်)၊ စောစိုးမူး-နန့်သင်းသင်းစံတို့၏ဖခင်၊ စောသန့်စင်အောင်၊ နော်ဆုမွန်အောင်၊ စောဖရင်ကလင်မူး၊ (နော်ဂျိုက်(စ်)မူး)၊ စောဂျော့မူး၊ စောဂျတ်စတင်မူး(ခ) စောသန့်စင်စိုးတို့၏အဘိုး၊ (နော်ဝင်းရီ)၏ ချစ်ခင်ပွန်း စောဂျွန်လှထွန်းဘွားသည် ၂၃-၉-၂၀၁၄ရက် ည ၁၁နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၉-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်ခန်းမ၌ ဆုတောင်းဝတ်ပြုပြီး ဂူသွင်းသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ပြည်ထောင်စုလွှတ်တော်အစည်းအဝေး**

# ဒေသခံတောင်သူများ၏ လယ်၊ ယာ၊ ဥယျာဉ်ခြံမြေများအား ချန်လှပ်ပြီးမှ စိုက်ပျိုးခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပခဲ့သည်။

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှု၊ ဆုံးရှုံးမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အပေါ် ဖြေရှင်းဆောင်ရွက်ပေးမှုအခြေအနေလေ့လာတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဆက်လက်ရှင်းလင်းတင်ပြကြသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**



မြေပြင်ကယ်ဆယ်ရေးတောင်တက်အဖွဲ့ဝင်များ စက်တင်ဘာ ၂၅ ရက်က ခါကာဘိုရာဇီတောင်ပေါ်သို့ တက်နေစဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ တပ်စခန်းသို့သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၅ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ဂျပန်နိုင်ငံ Chiba ခရိုင်ရှိ ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ Narashino တပ်စခန်းသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ် General Shigeru IWASAKI လိုက်ပါလျက် ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့ Narashino တပ်စခန်းသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိရာ 1st Airbone Brigade, Camp Narashino ၏ Commander ဖြစ်သူ Major General Kimihito IWAMURA နှင့် တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ Narashino တပ်စခန်း ဧည့်ခန်းမဆောင်၌ Major General Kimihito IWAMURA နှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

# အာရှအားကစားပြိုင်ပွဲ မြန်မာအသင်းများဝင်ရောက်ယှဉ်ပြိုင်

**အင်ချွမ် စက်တင်ဘာ ၂၅**

တောင်ကိုရီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ယနေ့ဆက်လက် ကျင်းပရာ မြန်မာအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကစားကြသည်။

ရှေးဦးစွာ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အင်ချွမ်မြို့ သေနတ်ပစ်ကွင်းတွင် ကျင်းပသည့် မီတာ ၅၀ အမျိုးသား ရိုင်ဖယ်သေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ လင်းအောင်နှင့် ဝေယံမင်းသူတို့ ဝင်ရောက်ယှဉ်ပြိုင်ကြရာ လင်းအောင်က ၆၁၁ ဒသမ ၄ မှတ်ဖြင့် အဆင့် ၃၂၊ ဝေယံမင်းသူက ၆၁၀ ဒသမ ၅ မှတ်ဖြင့် အဆင့် ၃၅ ရရှိပြီး လက်ရည်စစ်ပွဲအောင်မြင်သည်။

ဆက်လက်၍ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် အင်ချွန် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲရုံတွင် ကျင်းပသည့် အမျိုးသမီး သုံးယောက်တွဲ အသင်းလိုက် Regu ပြိုင်ပွဲ အုပ်စုပွဲစဉ်နောက်ဆုံးအဖြစ် မြန်မာအမျိုးသမီးအသင်းနှင့် ထိုင်းနိုင်ငံအမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ထိုင်းနိုင်ငံအသင်းက မြန်မာအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားပြီး ထိုင်းနိုင်ငံမှ အုပ်စုပထမ၊ မြန်မာအသင်းက အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်သွားပြီး စက်တင်ဘာ ၂၇ ရက်တွင် အင်ဒိုနီးရှား အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ထို့နောက် နံနက် ၁၀ နာရီခွဲတွင် အင်ချွမ်မြားပစ်အားကစားကွင်း၌ ကျင်းပသည့် မြားပစ်ပြိုင်ပွဲ ကွန်ပေါင်း (ရှုံး/ထွက်)ပြိုင်ပွဲတွင် ရှိန်းထက်ကျော်နှင့် **စာမျက်နှာ ၈ ကော်လံ ၄ သို့ ○**




အမျိုးသမီးသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

# ပျောက်ဆုံးတောင်တက်သမားနှစ်ဦးအား ရှာဖွေကယ်ဆယ်မှုများ အရှိန်အဟုန်မြှင့်

**ရန်ကုန် စက်တင်ဘာ ၂၅**

ပျောက်ဆုံးနေသော တောင်တက်သမားနှစ်ဦးအား ရှာဖွေကယ်ဆယ်မှုများ အရှိန်အဟုန်မြှင့်ဆက်လက်လုပ်ဆောင်လျက်ရှိရာ စက်တင်ဘာ ၂၃ ရက်တွင် မြေပြင်ကယ်ဆယ်ရေး ဇဝရက်တောင်တက်အဖွဲ့ဝင်များဖြစ်သည့် ကိုရဲမင်းသူ၊ ကိုစိုင်းကျော်သူထွေး၊ ကိုစိုင်းကျော်ဝဏ္ဏစိုး၊ ဦးနမားဂွန်ဆိန်၊ ဦးအန်းကောနှင့် ဒေသခံများသည် ခါကာဘိုရာဇီတောင်ခြေအမြင့်ပေ ၁၃၂၀၀ သို့ ရောက်ရှိခဲ့သည်။ မမျှော်လင့်ထားသော ရာသီဥတုအခြေအနေများကြောင့် နှောင့်နှေးကြန့်ကြာမှုများ ရှိသော်လည်း ၎င်းတို့သည် ပျောက်ဆုံးတောင်တက်သမားများ သွားရောက်ခဲ့သည့် မြောက်ဘက်လမ်းကြောင်းအထိ တက်ရောက်ရှာဖွေကြမည်ဖြစ်သည်။ စက်တင်ဘာ ၂၄ ရက်တွင် Base Camp ရှိ မြေပြင်ကယ်ဆယ်ရေးအဖွဲ့သည် ရဟတ်ယာဉ်များဆင်းသက်နိုင်ရန် ရဟတ်ယာဉ်ကွင်း အရေးပေါ်ဖောက်လုပ်ခဲ့သည်။ ယင်းနေ့တွင်ပင် ရာသီဥတုအခြေအနေ ဆိုးရွားမှုများကြောင့် အန္တရာယ်ရှိနိုင်ကာ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❑**

## ယနေ့ မာတိကာ

အာဆီယံမျှော်မှန်းချက် စာမျက်နှာ - ၂

တပ်မတော်အတွင်းမှ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား ပြန်လည်နုတ်ထွက်ခွင့်ပြု၍ မိဘများထံ လွှဲပြောင်းပေးအပ် စာမျက်နှာ - ၃

မူလတန်းစာရိတ္တနှင့် ပြည်သူ့နီတိ စာမျက်နှာ - ၆

အာရှယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ မြန်မာအသင်း ယှဉ်ပြိုင်မည် စာမျက်နှာ - ၇

themirror.npt@gmail.com
www.facebook.com/themirrordaily




RB Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)၊ မန္တလေးမြို့
## (လျှောက်လွှာခေါ်ယူခြင်း)

၁။ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် အောက်ပါဘာသာရပ်များအတွက် နည်းပြ/သရုပ်ပြ(လစာနှုန်းကျပ် ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀)ရာထူးများလစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို မိမိတာဝန်ထမ်းဆောင်လိုသော သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အခမဲ့ရယူ၍ တိုက်ရိုက်တင်သွင်းလျှောက်ထားနိုင်ကြပါသည်-

| စဉ် | တက္ကသိုလ်၊ဒီဂရီကောလိပ်၊ ကောလိပ်များ | လျှောက်ထားနိုင်သည့်ဘာသာရပ်များ |
|---|---|---|
| ၁။ | မန္တလေးတက္ကသိုလ် | ၁။ မြန်မာစာ၊ ၂။ အင်္ဂလိပ်စာ၊ ၃။သမိုင်း၊ ၄။ပထဝီဝင်၊ ၅။ ဒဿနိကဗေဒ၊ ၆။ စိတ်ပညာ၊ ၇။ ဥပဒေပညာ၊ ၈။ အရှေ့တိုင်းပညာ၊ ၉။မနုဿဗေဒ၊ ၁၀။ရှေးဟောင်းသုတေသနပညာ ၁၁။ဓာတုဗေဒ၊ ၁၂။ ရူပဗေဒ၊ ၁၃။ သတ္တဗေဒ၊ ၁၄။ ရုက္ခဗေဒ၊ ၁၅။ဘူမိဗေဒ၊ ၁၆။ စီးပွားရေးပညာ |
| ၂။ | တောင်ကြီးတက္ကသိုလ် | ၁။မြန်မာစာ၊ ၂။အင်္ဂလိပ်စာ၊ ၃။ပထဝီဝင်၊ ၄။သမိုင်း၊ ၅။ ဒဿနိကဗေဒ၊ ၆။ဥပဒေပညာ၊ ၇။ဓာတုဗေဒ၊ ၈။ရူပဗေဒ၊ ၉။ သင်္ချာ၊ ၁၀။ သတ္တဗေဒ၊ ၁၁။ရုက္ခဗေဒ၊ ၁၂။ဘူမိဗေဒ၊ ၁၃။စီးပွားရေးပညာ |
| ၃။ | စစ်ကိုင်းပညာရေးတက္ကသိုလ် | ၁။မြန်မာစာ၊ ၂။အင်္ဂလိပ်စာ၊ ၃။ ပထဝီဝင်၊ ၄။ သမိုင်း၊ ၅။ စီးပွားရေးပညာ |
| ၄။ | မကွေးတက္ကသိုလ် | ၁။ မြန်မာစာ၊ ၂။ အင်္ဂလိပ်စာ ၊ ၃။ ပထဝီဝင်၊ ၄။ သမိုင်း၊ ၅။ ဒဿနိကဗေဒ၊ ၆။ ဥပဒေပညာ ၇။ ဓာတုဗေဒ၊ ၈။ ရူပဗေဒ၊ ၉။ သင်္ချာ၊ ၁၀။ သတ္တဗေဒ၊ ၁၁။ရုက္ခဗေဒ၊ ၁၂။ဘူမိဗေဒ |
| ၅။ | မုံရွာတက္ကသိုလ် | ၁။ မြန်မာစာ၊ ၂။ အင်္ဂလိပ်စာ၊ ၃။ပထဝီဝင်၊ ၄။ သမိုင်း၊ ၅။ ဒဿနိကဗေဒ၊ ၆။ စိတ်ပညာ၊ ၇။ ဥပဒေပညာ၊ ၈။ အရှေ့တိုင်းပညာ၊ ၉။ ဓာတုဗေဒ၊ ၁၀။ ရူပဗေဒ၊ ၁၁။ သင်္ချာ၊ ၁၂။ သတ္တဗေဒ၊ ၁၃။ ရုက္ခဗေဒ၊ ၁၄။ ဘူမိဗေဒ၊ ၁၅။ စီးပွားရေးပညာ |
| ၆။ | မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် | ၁။ မြန်မာစာ၊ ၂။ အင်္ဂလိပ်စာ၊ ၃။သမိုင်း၊ ၄။ ဒဿနိကဗေဒ၊ ၅။ ဂျပန်၊ ၆။ ဂျာမန်၊ ၇။ ရုရှား၊ ၈။ ပြင်သစ်၊ ၉။ ကိုရီးယား၊ ၁၀။ တရုတ်၊ ၁၁။ ဘာသာဗေဒ |
| ၇။ | မြစ်ကြီးနားတက္ကသိုလ် | ၁။ မြန်မာစာ၊ ၂။ အင်္ဂလိပ်စာ၊ ၃။ ပထဝီဝင်၊ ၄။ သမိုင်း၊ ၅။ ဒဿနိကဗေဒ၊ ၆။ စိတ်ပညာ၊ ၇။ ဥပဒေပညာ၊ ၈။ အရှေ့တိုင်းပညာ၊ ၉။ ဓာတုဗေဒ၊ ၁၀။ ရူပဗေဒ၊ ၁၁။ သင်္ချာဗေဒ၊ ၁၂။ ရုက္ခဗေဒ၊ ၁၄။ ဘူမိဗေဒ၊ ၁၅။ စီးပွားရေးပညာ |
| ၈။ | မုံရွာစီးပွားရေးတက္ကသိုလ် | ၁။ မြန်မာစာ၊ ၂။ အင်္ဂလိပ်စာ၊ ၃။ ပထဝီဝင်၊ ၄။ သင်္ချာ၊ ၅။ ဘောဂဗေဒ၊ ၆။ ဝါဏိဇ္ဇဗေဒ၊ ၊ ၇။ စာရင်းအင်းပညာ |
| ၉။ | မန္တလေးအဝေးသင်တက္ကသိုလ် | ၁။ မြန်မာစာ၊ ၂။ အင်္ဂလိပ်စာ၊ ၃။ ပထဝီဝင်၊ ၄။ သမိုင်း၊ ၅။ စိတ်ပညာ၊ ၆။ ဥပဒေပညာ၊ ၇။ အရှေ့တိုင်းပညာ၊ ၈။ ဓာတုဗေဒ၊ ၉။ သတ္တဗေဒ၊ ၁၀။ ရုက္ခဗေဒ၊ ၁၁။ စီးပွားရေးပညာ |
| ၁၀။ | ရတနာပုံတက္ကသိုလ် | ၁။ မြန်မာစာ၊ ၂။ အင်္ဂလိပ်စာ၊ ၃။ ပထဝီဝင်၊ ၄။ သမိုင်း၊ ၅။ ဒဿနိကဗေဒ၊ ၆။ စိတ်ပညာ၊ ၇။ ဥပဒေပညာ၊ ၈။ အရှေ့တိုင်းပညာ၊ ၉။ နိုင်ငံတကာဆက်ဆံရေးပညာ၊ ၊ ၁၀။ မနုဿဗေဒ၊ ၁၁။ရှေးဟောင်းသုတေသနပညာ၊ ၁၂။ ဓာတုဗေဒ၊ ၁၃။ ရူပဗေဒ၊ ၁၄။ သင်္ချာ၊ ၁၅။ သတ္တဗေဒ ၁၆။ ရုက္ခဗေဒ၊ ၁၇။ ဘူမိဗေဒ၊ ၁၈။ ကုန်ထုတ်ဓာတုဗေဒ၊ ၁၉။ စာကြည့်တိုက်နှင့် သုတပညာ |
| ၁၁။ | မိတ္ထီလာတက္ကသိုလ် | ၁။ မြန်မာစာ၊ ၂။ အင်္ဂလိပ်စာ၊ ၃။ ပထဝီဝင်၊ ၄။ သမိုင်း၊ ၅။ အရှေ့တိုင်းပညာ၊ ၆။ ဓာတုဗေဒ၊ ၇။ ရူပဗေဒ၊ ၈။ သင်္ချာ၊ ၉။ သတ္တဗေဒ၊ ၁၀။ ရုက္ခဗေဒ၊ ၁၁။ ဘူမိဗေဒ |
| ၁၂။ | ပခုက္ကူတက္ကသိုလ် | ၁။ မြန်မာစာ၊ ၂။ အင်္ဂလိပ်စာ၊ ၃။ ပထဝီဝင်၊ ၄။ သမိုင်း၊ ၅။ ဒဿနိကဗေဒ၊ ၆။ ဓာတုဗေဒ၊ ၇။ ရူပဗေဒ၊ ၈။ သင်္ချာ၊ ၉။ သတ္တဗေဒ၊ ၁၀။ ရုက္ခဗေဒ၊ ၁၁။ ဘူမိဗေဒ |
| ၁၃။ | မိတ္ထီလာစီးပွားရေးတက္ကသိုလ် | ၁။ မြန်မာစာ၊ ၂။ အင်္ဂလိပ်စာ၊ ၃။ ပထဝီဝင်၊ ၄။ သင်္ချာ၊ ၅။ ဘောဂဗေဒ ၆။ ဝါဏိဇ္ဇဗေဒ၊ ၇။ စာရင်းအင်းပညာ |
| ၁၄။ | ကျောက်ဆည်တက္ကသိုလ် | ၁။ မြန်မာစာ၊ ၂။ အင်္ဂလိပ်စာ၊ ၃။ ပထဝီဝင်၊ ၄။ သမိုင်း၊ ၅။ ဒဿနိကဗေဒ၊ ၆။ အရှေ့တိုင်းပညာ၊ ၇။ ဓာတုဗေဒ၊ ၈။ ရူပဗေဒ၊ ၉။ သင်္ချာ၊ ၁၀။ သတ္တဗေဒ၊ ၁၁။ ရုက္ခဗေဒ၊ ၁၂။ ဘူမိဗေဒ |
| ၁၅။ | ပင်လုံတက္ကသိုလ် | ၁။ မြန်မာစာ၊ ၂။ အင်္ဂလိပ်စာ၊ ၃။ပထဝီဝင်၊ ၄။ သမိုင်း၊ ၅။ ဥပဒေပညာ၊ ၆။ ဓာတုဗေဒ၊ ၇။ ရူပဗေဒ၊ ၈။ သင်္ချာ၊ ၉။ သတ္တဗေဒ၊ ၁၀။ ရုက္ခဗေဒ၊ ၁၁။ ဘူမိဗေဒ |
| ၁၆။ | ကလေးတက္ကသိုလ် | ၁။ မြန်မာစာ၊ ၂။ အင်္ဂလိပ်စာ၊ ၃။ ပထဝီဝင်၊ ၄။ သမိုင်း၊ ၅။ အရှေ့တိုင်းပညာ၊ ၆။ ဓာတုဗေဒ ၇။ ရူပဗေဒ၊ ၈။သင်္ချာ၊ ၉။ သတ္တဗေဒ၊ ၁၀။ ရုက္ခဗေဒ၊ ၁၁။ ဘူမိဗေဒ |
| ၁၇။ | လွိုင်ကော်တက္ကသိုလ် | ၁။ မြန်မာစာ၊ ၂။အင်္ဂလိပ်စာ၊ ၃။ ပထဝီဝင်၊ ၄။ သမိုင်း၊ ၅။ ဒဿနိကဗေဒ၊ ၆။အရှေ့တိုင်းပညာ၊ ၇။ဓာတုဗေဒ၊ ၈။ ရူပဗေဒ၊ ၉။ သင်္ချာ၊ ၁၀။ သတ္တဗေဒ၊ ၁၁။ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ |
| ၁၈။ | လားရှိုးတက္ကသိုလ် | ၁။ မြန်မာစာ၊ ၂။ အင်္ဂလိပ်စာ၊ ၃။ ပထဝီဝင်၊ ၄။ သမိုင်း၊ ၅။ ဓာတုဗေဒ၊ ၆။ ရူပဗေဒ၊ ၇။ သင်္ချာ၊ ၈။ သတ္တဗေဒ၊ ၉။ ရုက္ခဗေဒ၊ ၁၀။ ဘူမိဗေဒ |
| ၁၉။ | ကျိုင်းတုံတက္ကသိုလ် | ၁။ မြန်မာစာ၊ ၂။ အင်္ဂလိပ်စာ၊ ၃။ ပထဝီဝင်၊ ၄။ သမိုင်း၊ ၅။ ဒဿနိကဗေဒ၊ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ၊ ၈။ ရူပဗေဒ၊ ၉။ သင်္ချာ၊ ၁၀။ သတ္တဗေဒ၊ ၁၁။ ရုက္ခဗေဒ၊ ၁၂။ ဘူမိဗေဒ |
| ၂၀။ | ဗန်းမော်တက္ကသိုလ် | ၁။ မြန်မာစာ၊ ၂။ အင်္ဂလိပ်စာ၊ ၃။ ပထဝီဝင်၊ ၄။ သမိုင်း၊ ၅။ ဒဿနိကဗေဒ၊ ၆။ အရှေ့တိုင်းပညာ၊ ၇။ ဓာတုဗေဒ၊ ၈။ ရူပဗေဒ၊ ၉။ သင်္ချာ၊ ၁၀။ သတ္တဗေဒ၊ ၁၁။ ရုက္ခဗေဒ၊ ၁၂။ ဘူမိဗေဒ |
| ၂၁။ | ရွှေဘိုတက္ကသိုလ် | ၁။ မြန်မာစာ၊ ၂။ အင်္ဂလိပ်စာ၊ ၃။ ပထဝီဝင်၊ ၄။ သမိုင်း၊ ၅။ ဒဿနိကဗေဒ၊ ၆။ ဓာတုဗေဒ၊ ၇။ ရူပဗေဒ၊ ၈။ သင်္ချာ၊ ၉။ သတ္တဗေဒ၊ ၁၀။ ရုက္ခဗေဒ၊ ၁၁။ ဘူမိဗေဒ |
| ၂၂။ | စစ်ကိုင်းတက္ကသိုလ် | ၁။ မြန်မာစာ၊ ၂။ အင်္ဂလိပ်စာ၊ ၃။ ပထဝီဝင်၊ ၄။ သမိုင်း၊ ၅။ ဓာတုဗေဒ၊ ၆။ ရူပဗေဒ ၇။ သင်္ချာ၊ ၈။ သတ္တဗေဒ၊ ၉။ ရုက္ခဗေဒ |
| ၂၃။ | ရေနံချောင်းဒီဂရီကောလိပ် | ၁။ မြန်မာစာ၊ ၂။ အင်္ဂလိပ်စာ၊ ၃။ ပထဝီဝင်၊ ၄။ သမိုင်း၊ ၅။ ဓာတုဗေဒ၊ ၆။ ရူပဗေဒ ၇။ သင်္ချာ၊ ၈။ သတ္တဗေဒ၊ ၉။ ရုက္ခဗေဒ |
| ၂၄။ | မြင်းခြံဒီဂရီကောလိပ် | ၁။ မြန်မာစာ၊ ၂။ အင်္ဂလိပ်စာ၊ ၃။ ပထဝီဝင်၊ ၄။ သမိုင်း၊ ၅။ ဓာတုဗေဒ၊ ၆။ရူပဗေဒ ၇။ သင်္ချာ၊ ၈။ သတ္တဗေဒ၊ ၉။ ရုက္ခဗေဒ |
| ၂၅။ | မိုးညှင်းဒီဂရီကောလိပ် | ၁။ မြန်မာစာ၊ ၂။ အင်္ဂလိပ်စာ၊ ၃။ ပထဝီဝင်၊ ၄။ သမိုင်း၊ ၅။ ဒဿနိကဗေဒ၊ ၆။ ဓာတုဗေဒ၊ ၇။ ရူပဗေဒ၊ ၈။ သင်္ချာ၊ ၉။ သတ္တဗေဒ၊ ၁၀။ ရုက္ခဗေဒ |
| ၂၆။ | မန္တလာကောလိပ် | ၁။ ခရီးသွားစီမံခန့်ခွဲမှုပညာ |

၂။ လျှောက်ထားသူသည်-

(က) တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) မဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။ နိုင်ငံခြားဘာသာစကား ဘာသာရပ်များအတွက် သက်ဆိုင်ရာဘာသာစကား ဘာသာရပ်ဖြင့် ပထမဘွဲ့ရရှိပြီး သက်ဆိုင်ရာဘာသာစကား မဟာဘွဲ့အတွက် မဟာအရည်အချင်းစစ် သင်တန်းတက်ရန် အဆင့်မီသူ၊ ခရီးသွားစီမံခန့်ခွဲမှု ပညာအတွက် ဘွဲ့တစ်ခုခုရရှိပြီး ခရီးသွားစီမံခန့်ခွဲမှုပညာဒီပလိုမာရရှိသူများ လျှောက်ထားနိုင်သည်။

(ဂ) ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ မဟာသုတေသနဘွဲ့ရရှိပြီးသူဖြစ်ပါက (၃၇)နှစ်ထက် မကျော်လွန်သူ၊ ပါရဂူဘွဲ့ရရှိပြီးသူဖြစ်ပါက (၄၂)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဃ) လျှောက်ထားသည့်တက္ကသိုလ်တွင် အမြဲတမ်းတာဝန်ထမ်းဆောင်နိုင်သူဖြစ်ပြီး ယင်းတက္ကသိုလ်တွင် (၃)နှစ် အနည်းဆုံး တာဝန်ထမ်းဆောင်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)ရှိ မိမိတာဝန်ထမ်းဆောင်လိုသော သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အခမဲ့ယူနိုင်ပါသည်။

၄။ လျှောက်လွှာများကို အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)ရှိ မိမိတာဝန်ထမ်းဆောင်လိုသော သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များသို့ ၃၀-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့)အရောက် နောက်ဆုံးထားပြီး တိုက်ရိုက်တင်သွင်း လျှောက်ထားရမည်။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာကို လမ်းကြောင်းမှန်အတိုင်းပေးပို့၍ မိတ္တူတစ်စောင်စီကို အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)သို့လည်းကောင်း၊ သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်သို့လည်းကောင်း ၃၀-၁၀-၂၀၁၄ ရက်အရောက် နောက်ဆုံးထားပြီး တိုက်ရိုက်ပေးပို့ရမည်။

၅။ စာမေးပွဲဝင်ကြေးများကို အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)ရှိ သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် တည်ရှိရာမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ၏ သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များသို့လည်းကောင်း ပေးသွင်း၍ လျှောက်လွှာနှင့်အတူ ငွေသွင်းပြီးကြောင်း ချလန်(သို့မဟုတ်) ငွေပို့လွှာဖြတ်ပိုင်းကို ပူးတွဲတင်ပြရမည်။

၆။ လျှောက်လွှာနှင့်အတူ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ စာမေးပွဲဝင်ကြေးပေးသွင်းပြီးကြောင်း အထောက်အထား၊ ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်/ ထောက်ခံစာမိတ္တူ၊ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ပြည်သူ့ရဲစခန်းမှ ထောက်ခံစာမူရင်းကို ပူးတွဲတင်ပြရမည်။

၇။ အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသည့် လျှောက်ထားသူများသည် မိမိလျှောက်လွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ရေးဖြေစာမေးပွဲဝင်ရောက်ဖြေဆိုပြီး အောင်မြင်လျှင် လူတွေ့စာမေးပွဲဖြေဆိုရမည်။

၈။ ပါရဂူဘွဲ့ရရှိပြီးသူများသည် လူတွေ့စာမေးပွဲကိုသာ ဖြေဆိုရမည်။

၉။ ရေးဖြေနှင့် လူတွေ့ဖြေဆိုရမည့် အသေးစိတ်အချိန်စာရင်းကို မိမိလျှောက်ထားသည့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ သံမဏိစက်ရုံများကြီးကြပ်မှုအောက်ရှိ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)အတွက် Mobile Car Shredder (Metso) Model M & J 4000 M-6 (၁)စီးအား ဝယ်ယူရန် **မြန်မာကျပ်ငွေ**ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက် - ၂၆-၉-၂၀၁၄ ရက်

၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၄-၁၀-၂၀၁၄ ရက် ၁၄း၀၀နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**သံမဏိစက်ရုံများကြီးကြပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၄၅**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ ၆၄လမ်းနှင့် ၆၅လမ်းကြား စိန်ပန်းလမ်းနှင့်အောင်မင်္ဂလာလမ်းကြားရှိ အကွက်အမှတ်(ဃ-၄)၊ ဦးပိုင်(၁၃၀) ဦးဝင်းအေး အမည်ဖြင့် ချထားပေးသော မြေကွက်နှင့်အကွက်အမှတ်(ဃ-၄)၊ ဦးပိုင်အမှတ်(၁၄၃) ဦးချစ်ရွှေ အမည်ဖြင့် ချထားပေးသောမြေကွက်များအား ဦးစိုင်းအာကာစိုး[၉/ခအဇ(နိုင်)၀၂၀၇၉၈]မှ မြေကွက်သစ်နေရာချထားရေးငွေရပြေစာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ (အခွန်) ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ASIA GREAT LAND Co.,LTD**
**ငွေလွှင်ချို (အိမ်၊ခြံ၊မြေအကျိုးဆောင်)**
**09-421108000,09-421109000,09-450011166,01-566675**
ရောင်းလို၊ ဝယ်လို၊ ငှားလို ပါကကျွန်ုပ်တို့ နှင့်ဆက်သွယ်ပါ။

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(သကတ-၁ တိုးချဲ့)၊ မြေကွက်အမှတ် (၂၃၉)၊ (၄၄×၆၀)ပေ၊ (၀. ၀၆၀)ဧက၊ ၂၆၄၀ စတုရန်းပေအကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေ အမည်ပေါက် ဦးဝင်းမြင့်(ခ)ဟုတ်ကျွမ်း (၉/မရမ(နိုင်)၀၄၅၉၉၀)၊ ဒေါ်ခိုင်ခိုင်စိုး (၁၂/ မဂတ(နိုင်)၀၇၃၀၈၃) တို့ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယခု အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းမော် (၇/အတန(နိုင်)၀၀၀၇၇၄)
အမှတ်(၃၉/4A)၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ဖုန်း-၀၉-၅၁၈၆၀၉၇

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား၊ တိုင်းအမှတ်(၁)မြစ်ကြီးနား
## မိုးကောင်းဘူတာ(Car Parking) ယာဉ်ဝင်/ထွက်ခ ကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၊ တိုင်းအမှတ်(၁) မိုးကောင်းဘူတာ(Car Parking) ယာဉ်ဝင်/ထွက်ခ ကောက်ခံခြင်းလုပ်ငန်း (၃)နှစ်သက်တမ်းလုပ်ကိုင်ခွင့်ကို ပြည်တွင်းနိုင်ငံသားလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါ(Open Tender)စနစ်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည် ဖြစ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို မန်နေဂျာ(သွားလာရေး/တိုင်း) တိုင်းအမှတ်(၁) မြစ်ကြီးနားဘူတာနှင့်မိုးကောင်းဘူတာတို့တွင် တစ်စုံလျှင် (၅၀၀၀)ကျပ်နှုန်းဖြင့် ၁-၁၀-၂၀၁၄ ရက်မှ ၆-၁၀-၂၀၁၄ရက် ၁၂နာရီထိ (ရုံးပိတ်ရက်မပါ) ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာ တင်သွင်းကြရမည်ဖြစ်ပါသည်။

၃။ အဆိုပါငှားရမ်းခြင်းနှင့် ပတ်သက်သည့်တင်ဒါယှဉ်ပြိုင်ကြေးနှင့် အဆိုပြုလွှာများကို မြစ်ကြီးနားဘူတာ မြန်မာ့မီးရထားအရာရှိရိပ်သာသို့ ၆-၁၀-၂၀၁၄ရက် ၁၂နာရီ နောက်ဆုံးထားပေးသွင်းရန်နှင့် အိတ်ဖွင့်တင်ဒါဖွင့်လှစ်ခြင်းကို ၆-၁၀-၂၀၁၄ရက် ၁၄း၀၀ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ (နောက်ကျပေးသွင်းလာသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။)

၄။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက မန်နေဂျာ(သွားလာရေး/တိုင်း)ရုံး၊ တိုင်းအမှတ်(၁)၊ မြစ်ကြီးနား၊ တယ်လီဖုန်းအမှတ်-၀၇၄-၂၂၄၃၉၊ ၀၇၄-၂၂၆၀၈ နှင့် မိုးကောင်းဘူတာ၊ တယ်လီဖုန်းအမှတ်-၀၇၄-၄၀၀၂၀သို့ ဆက်သွယ်၍ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကြီးကြပ်မှုကော်မတီ**

---

## ဒေါ်ချိုချိုမာ[၇/ညလပ(နိုင်)၀၉၄၇၈၅]နှင့် အများသိစေရန်သတိပေးတားမြစ်ခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ(၄)လမ်း၊ အမှတ်(၉၈/ဘီ-၂) ပထမထပ်၊ အိမ်ခန်းမှာ ဦးသန်းမောင်(ခ)ဦးမောင်မောင်သန်း[၇/ဒဥန(နိုင်)၁၀၈၈၄၄] ပိုင်ဆိုင်သော အိမ်ခန်းဖြစ်၍ ဒေါ်ချိုချိုမာက ယင်းအိမ်ခန်းတွင် သော့ရိုက်ချိုးဖျက်ဆီး၍ ကျူးကျော်ဝင်ရောက်နေထိုင်သဖြင့် ဦးသန်းမောင်(ခ)ဦးမောင်မောင်သန်းက ဒေါ်ချိုချိုမာအား လှိုင်မြို့နယ်တရားရုံး ပြစ်မှုကြီးမှု-၇၄၄/၂၀၁၄တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၄၈/၄၂၇အရလည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှု -၃၆၃/၂၀၁၄တွင် ကျူးကျော်ဝင်ရောက်နေထိုင်သူအား ဖယ်ရှားပေးစေလိုမှုစွဲဆိုထားပြီးဖြစ်ပါသည်။ ထို့ကြောင့် မည်သူမျှ ဦးသန်းမောင်(ခ) ဦးမောင်မောင်သန်း၏ အတိအလင်းသဘောတူခွင့်ပြုချက်မရှိဘဲ ဖော်ပြပါအိမ်ခန်းကို ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်းခြင်း၊ အခြားနည်းလွှဲပြောင်းခြင်းတို့မပြုလုပ်ရန် သတိပေးတားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းမောင်(ခ)ဦးမောင်မောင်သန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်လွင် (ADVOCATE)**
**B.Com(A.A),D.E.P,R.L**
**တရားလွှတ်တော်ရှေ့နေ(၂၈၅၉)**
**အမှတ်(၁၉)၊ ၁၂၇လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၂၉၇၈၃၀၊ ၂၉၄၇၄၄**

---

## ပို့ဆောင်ရေးဝန်ကြီးဌာန
## ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအတွက်
## ကွန်ကရစ်ဆိပ်ခံတံတားနှင့်အဆင့်မြင့်ခရီးသည်နားနေဆောင်များ ဆောက်လုပ်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း တင်ဒါအမှတ်(၃/၂၀၁၄)

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မန္တလေးဆိပ်ကမ်းမြေကွက်အမှတ်(၁) အကွက်အမှတ်(၃၂၁)တွင် BOT စနစ်ဖြင့် ရာသီမရွေး အသုံးပြုနိုင်သည့် ကွန်ကရစ်ဆိပ်ခံတံတားနှင့် အဆင့်မြင့်ခရီးသည်နားနေဆောင်များ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၇-၁၀-၂၀၁၄ ရက်

၃။ တင်ဒါပိတ်မည့်ရက် -၂၁-၁၀-၂၀၁၄ရက် ၁၅း၀၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် တင်ဒါခေါ်ယူသည့်အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းအမှတ်-၀၁-၃၉၇၆၄၃၊ ၀၁-၉၀၁၀၀၄၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံနှင့်စည်းကမ်းချက်များထုတ်ယူရန်နှင့်တင်ဒါတင်သွင်းရန်လိပ်စာ**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊**
**အမှတ်(၃၆၃/၄၂၁)၊ သိမ်ဖြူလမ်းနှင့်ကုန်သည်လမ်းထောင့်၊**
**ဗိုလ်တထောင်မြို့နယ်။**
**ဖုန်း-၀၁-၃၉၇၆၄၃၊ ၀၁-၉၀၁၀၀၄၀**

---

## သတိပေးတားမြစ်ချက်

ရန်ကုန် မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/တရပ်ကွက်၊ ရတနာသီရိလမ်း၊ အမှတ်(၆၀၀)နေ ဦးသန်းထွန်း (၁၂/သဃက(နိုင်)၀၆၅၀၉၄)၏ညွှန်ကြားချက်အရ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၁ ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၂က-၂) (ဦးသန်းထွန်း)အမည်ပေါက်မြေကွက်နှင့် အမှတ် ၂/က၁(ဦးစိန်လွင်) အမည်ပေါက် မြေကွက်နှစ်ကွက်ကြားရှိ ၄၅'×၇၀' အကျယ်ရှိမြေကွက်မှာ ဦးသန်းထွန်းပိုင်ဆိုင်သော မြေကွက်ဖြစ်၍ဦးသန်းထွန်း၏ ခွင့်ပြုချက်မရဘဲ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ ပေးကမ်းခြင်း၊ အခြားနည်း စီမံခန့်ခွဲခြင်းများ မပြုလုပ်စေရန်သတိပေးတားမြစ်ပါသည်။လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီအရေး ယူမည်ဖြစ်ပါကြောင်း ကြေငြာအပ်ပါသည်။

မြင်းခြံဦးစိန်ဝင်း
တရားလွှတ်တော်ရှေ့နေကြီး(၁၇၀၂)
၁၃၉/(၃)လမ်း၊ ၁၆/၂ ရပ်ကွက်၊သင်္ဃန်းကျွန်းမြို့နယ်။
ဖုန်း ၀၁၅၇၀၄၉၂၊ ၀၉၅၀၇၅၈၁၇

**MAY**
INT'L EDUCATION & TRAINING CENTRE

သီတင်းကျွတ် ကျောင်းပိတ်ရက်အတွင်း သင်ကြားမည် . . .

**Buddhism English**

( ပါဠိ - မြန်မာ - အင်္ဂလိပ် (၃) ဘာသာဖြင့် သင်ကြားပေးမည်။)

၉၁ (က) တာမွေလမ်း၊ (ဗညားဒလလမ်း) ၊ သျှင်ပါကူဆေးခန်းအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း -(၀၉) ၅၀၀၃၉၇၈၊ (၀၁) - ၅၄၄ ၂၂၄၊ (၀၁)-၅၄၅ ၃၇၅

---

**GL** အဆင့်မြင့်ခရီးသွားလုပ်ငန်း

* တောင်ကြီး ၊အင်းလေးဖေါင်တော်ဦးဘုရားပွဲ Oct 7
* မန္တလေး၊ပြင်ဦးလွင်၊လားရှိုး၊မူဆယ်၊ရွှေလီ Oct 7
* ထားဝယ် ၊ ကန်ချွန်ဘူရီ ၊မောင်းမကန် Oct 7
* ပုဂံ(စွယ်တော်လေးဆူ)ပုပ္ပါး၊မန္တလေး၊ပြင်ဦးလွင် Oct 7
* ကျိုက်ထီးရိုး (နေ့ချင်းပြန်) Oct 7
* ပြည်၊အကောက်တောင် (နေ့ချင်းပြန်) Oct 7

အမှတ်(၁၀၀)၊လမ်းသစ်လမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်
09 73040050, 09 73040051, 09 73040052, 09 73040053

---

**ရွှေဒေါင်းယဉ်** သီတင်းကျွတ်အထူးအစီအစဉ် (၆-၁၀-၂၀၁၄) ထွက်မည်

> နွားလဘိုဆံတော်ရှင်၊ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲကမ်းခြေ (၂ညအိပ် ၃ရက်) ဆက်၍
> ထားဝယ်မြို့ရှင်ကိုးရှင် နှင့် မောင်းမကန်ကမ်းခြေ (၅ညအိပ် ၆ရက်)ထမင်းကျွေး
> ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊ သီဟိုဠ်ရှင် (၃ညအိပ် ၄ရက်)ထမင်းကျွေး

Ph- 09 254003517, 09 254779560, 09 448044620

အမှတ် - ၃၄၄၊ ဗညားဒလလမ်း နှင့် ဩဘာလမ်းထောင့်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

---

**ဖခင်အမည်မှန်**

အထက(၂) သယ်န်းကျွန်း ဒသမ တန်း(B)တွင် ပညာသင်ကြားနေသော မောင်ရန်နောင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်း[၅/အရတ(နိုင်)၁၀၈၄၁၈] ဖြစ်ပါသည်။ **ဦးဝင်း**

---

**DUAL TECH** Vocational Training Centre

နည်းပညာဖြင့် အနာဂတ်ဘဝတည်ဆောက်လိုသော လူငယ်များအတွက်

City & Guilds အင်္ဂလန် မှတိုက်ရိုက်ရရှိမည့် အင်ဂျင်နီယာဒီပလိုမာဘွဲ့ (၆လ/၁နှစ်)

- Civil (Construction)
- Air-Con & Refrigeration
- Electrical & Electronic
- Welding & Fabrication
- Mechanical Manufacturing
- Maintenance, Installation and Commissioning

✓ နိုင်ငံတကာတက္ကသိုလ်များတွင် ကျောင်းဆက်တက်လိုသူများ

✓ Technician Engineer တစ်ယောက်အဖြစ် ရပ်တည်လိုသော ၁၀တန်းအောင်နှင့် ဘွဲ့ရ လူငယ်များ တက်ရောက်သင့်ပါသည်။

ပုံမှန်တန်းခွဲများ/ စနေ၊ တနင်္ဂနွေ တန်းခွဲများရှိသည်။

(သင်တန်းကြေးအရစ်ကျ ပေးသွင်းနိုင်သည်။)

တန်းခွဲသစ်များလက်ခံပြီ 10% Off

ကမ္ဘာ့အမှတ်အများဆုံး ရွှေတံဆိပ်ဆုကို Air-Con & Refri; ဘာသာရပ်ဖြင့် **DUAL TECH** မှရရှိခဲ့သည်။

**Foundation** ဘာသာရပ်များအပြင် လက်တွေ့ကျွမ်းကျင်မှု သင်တန်းများကို အခမဲ့သင်ကြားပေးသည်။

အမှတ် ၂၀၆/၂၊ ရန်ကင်းလမ်းမကြီး၊ ၁၂လုံးတန်းမှတ်တိုင်(ရိုးမဘဏ်အနီး)၊ ရန်ကင်း၊ ရန်ကုန်မြို့။
Ph : 01 855 0596, 09 730 20 803. E-mail : dualtechtrainingcentre@gmail.com

---

**GETC** building a better future

**Opening in September**

Communicative English · General English · IELTS

ခြေနိကုန်း 537895,502775 တာမွေ 549590, 09254148006

---

# iGREEN Construction မှ ပြည်တွင်း၌သာ ကျပ်ငွေဖြင့် ခန့်ထားရန်

| | | | |
|---|---|---|---|
| 1. **Manager** | Pile Construction | ကျား/မ | (၂)ဦး |
| 2. **M&E Engineer** | BE or AGTI | ကျား/မ | (၄)ဦး |
| 3. **3D Visualizer** | Any Graduate | ကျား/မ | (၂)ဦး |
| 4. **Quantity Surveyor** | BE or AGTI | ကျား/မ | (၂)ဦး |
| 5. **Site Engineer** | BE (Civil) | ကျား/မ | (၃)ဦး |
| 6. **Surveyor** | Total Station တိုင်းနိုင်ရမည်။ | ကျား | (၂)ဦး |
| 7. **Architect** | B.Arch | ကျား/မ | (၂)ဦး |

စဉ် (၁)တွက်၊ Pile Machine အသေး၊ အကြီး (၁၀)ခုကို ကျွမ်းကျင်စွာ စီမံခန့်ခွဲနိုင်ရမည်။

စဉ် (၂)တွက်၊ ရေ၊ မီး၊ အဲယားကွန်း၊ Sanitary (Design, Estimate & Installation) ကျွမ်းကျင်ပိုင်နိုင်ရမည်။

စဉ် (၃)တွက်၊ 3D Max with Vray, 3D Animation, Photoshop & Plan Colour Fill Presentation ကျွမ်းကျင်ရမည်။ Profile CD ပူးတွဲတင်ပြပေးရမည်။

moemoehr.gpm@gmail.com;
igreenac2@gmail.com; သို့ ၂၇. ၉. ၁၄ နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါသည်။

၂၈-၉-၂၀၁၄ နှင့် ၅-၁၀-၂၀၁၄ မွန်းလွဲ ၁း၀၀ မှ ညနေ ၅း၀၀ ထိ အင်တာဗျူးပြီး အလုပ်ခန့်မည်။

အမှတ်(၃၀) ၊ဘုရင့်နောင်လမ်း၊ လှိုင်မြို့နယ်။ ချောင်းဝဘုန်းကြီးကျောင်းအနီး၊ ဦးသမာဓိ (Car showroom) ရှေ့

**iGREEN Construction**

